# ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်
# ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး
# (၃၉) ရက်မြောက်နေ့မှတ်တမ်း

## ၁၃၇၄ ခုနှစ်၊ ဝါခေါင်လပြည့်ကျော် ၄ ရက်
## (၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၅ ရက်)
## (ဗုဒ္ဓဟူးနေ့)

နေပြည်တော်ရှိ ပြည်သူ့လွှတ်တော် အစည်းအဝေးခန်းမတွင် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၉) ရက်မြောက်နေ့ကို နံနက် ၁၀း၃၅ နာရီအချိန်၌စတင်ကျင်းပပါသည်။

[ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌအဖြစ် သူရဦးရွှေမန်းက ဆောင်ရွက်ပြီး၊ အခမ်းအနားမှူးအဖြစ် ဦးတင်ဝင်းအောင်၊ ဒုတိယညွှန်ကြားရေးမှူးချုပ်၊ လွှတ်တော်ရုံးက ဆောင်ရွက်ပါသည်။ ]

**အချိန် ၊ ၁၀ း ၃၅ ။**

**အခမ်းအနားမှူး။** ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုအချိန်ကစပြီး ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၉) ရက်မြောက်နေ့ အစီအစဉ်စတင်ပါတော့မယ်။

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း

**အခမ်းအနားမှူး။** ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

[ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌသည် ဥက္ကဋ္ဌအတွက်သတ်မှတ်ထားသည့်စင်မြင့်ပေါ်သို့ ကြွရောက်နေရာယူပါသည်။ ]

**ဥက္ကဋ္ဌ။** ။ အားလုံးမင်္ဂလာပါ။

**အခမ်းအနားမှူး။** ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ပြည်သူ့လွှတ်တော် အစည်းအဝေးအထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်းကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ကျင်းပတဲ့ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၉) ရက်မြောက်နေ့မှာ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များ စိစစ်ရေးကော်မတီရဲ့တင်ပြချက်အရ အစည်းအဝေးသို့တက်ရောက်ခွင့်ရှိတဲ့ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦးရှိတဲ့အနက် ၄၀၅ ဦးတက်ရောက်ပါတယ်။ အစည်းအဝေး သို့တက်ရောက်ခွင့်ရှိသူဦးရေ စုစုပေါင်းရဲ့ ၉၄.၄၀ ရာခိုင်နှုန်းရှိတဲ့အတွက် အစည်းအဝေးအထ မြောက်ကြောင်းနှင့် စတင်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## အစည်းအဝေးအစီအစဉ်ဖြန့်ဝေထားကြောင်း တင်ပြခြင်း

**ဥက္ကဋ္ဌ**။ ။ အစည်းအဝေးအစီအစဉ်များကို ကြိုတင်ဖြန့်ဝေထားတဲ့အတိုင်း ဆက်လက် ဆောင်ရွက်ပါ့မယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခွင့်ပန်ကြားခြင်း

**ဥက္ကဋ္ဌ⊞ဋ္ဌ**။ ။ ယခု အစည်းအဝေးမတက်ရောက်နိုင်တဲ့ လွှတ်တော်ကိုယ်စားလှယ်များ အတွက် ခွင့်ပန်ကြားရန်ဖြစ်ပါတယ်။

**ဦးမောင်ဦး(ဥက္ကဋ္ဌ၊ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ရေးကော်မတီ)**။ ။ လေးစား အပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ၅-၉-၂၀၁၂ ပထမအကြိမ် ပြည်သူ့ လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၉) ရက်မြောက်နေ့သို့ တက်ရောက်ခွင့်ရှိသူ ကိုယ်စားလှယ် ၄၂၉ ဦးအနက် ခွင့်ပန်ကြားထားသူ ၂၄ ဦးရှိပါတယ်ခင်ဗျား။ ယင်း ၂၄ ဦးမှာ ယခင် ခွင့်ပန်ကြားထား သူ ၁၁ ဦး၊ ယနေ့ခွင့်ပန်ကြားသူ ၁၃ ဦးဖြစ်ပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူ ၁၃ ဦးရဲ့ ခွင့်ပန်ကြားမှုအား ကျွန်တော် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များစိစစ်ကော်မတီ ဥက္ကဋ္ဌဖြစ်သူမှ စုပေါင်းပန်ကြားခွင့်ပြုနိုင်ရန် တင်ပြအပ်ပါတယ်ခင်ဗျား။ ယနေ့ ခွင့်ပန်ကြားသူများမှာတော့ ယနေ့ အပါအဝင် ခွင့် ၅ ရက် ပန်ကြားထားသူ ၅ ဦး၊ ၂ ရက်ခွင့်ပန်ကြားထားသူ ၂ ဦး၊ ၁ ရက်ခွင့်ပန်ကြားသူ ၆ ဦးဖြစ်ပါတယ်။ ယနေ့မှစ၍ ၃ ရက်ခွင့်ပန်ကြားထားသူ ၅ ဦးမှာတော့-

(၁) စဉ့်ကိုင်မဲဆန္ဒနယ်မှ ဦးကြည်ပြုံး၊

(၂) မြန်အောင်မဲဆန္ဒနယ်မှ ဦးကျော်မြင့်၊

(၃) ကော့မှူးမဲဆန္ဒနယ်မှ ဒေါ်အောင်ဆန်းစုကြည်၊

(၄) အင်းတော်မဲဆန္ဒနယ်မှ ဦးကျော်နိုင်ဌေး၊

(၅) သုံးခွမဲဆန္ဒနယ်မှ ဒေါ်စုစုလွင် တို့ စုစုပေါင်း ၅ ဦးဖြစ်ပါတယ်။

၂ ရက်ခွင့်ပန်ကြားထားသူ ၂ ဦးမှာတော့-

(၆) ဓနုဖြူမဲဆန္ဒနယ်မှ ဦးကြည်တင့်၊

(၇) ဖရူဆိုမဲဆန္ဒနယ်မှ ဦးအူးရယ်(ခ) ဦးဦးရယ် တို့ဖြစ်ကြပါတယ်ခင်ဗျား။

၁ ရက်ခွင့်ပန်ကြားထားသူ ၆ ဦးမှာတော့-

(၈) ကျောက်တံတားမဲဆန္ဒနယ်မှ ဦးစိုးဝင်း၊

(၉) ဆော့လော်မဲဆန္ဒနယ်မှ ဦးဇော်ခေါင်၊

(၁၀) ကျွန်းစုမဲဆန္ဒနယ်မှ ဒေါ်တင်တင်ရီ၊

(၁၁) ဘားအံမဲဆန္ဒနယ်မှ ဒေါ်နန်းစေအွာ၊

(၁၂) တပ်မတော်သားကိုယ်စားလှယ် ဗိုလ်မှူးမင်းကိုဦး၊

(၁၃) ဗိုလ်တထောင်မဲဆန္ဒနယ်မှ ဦးစိန်မြင့် တို့ စုစုပေါင်း ၆ ဦးဖြစ်ပါတယ်ခင်ဗျား။

သို့ပါ၍ ယနေ့ခွင့်ပန်ကြားထားသူ ၁၃ ဦးအား ခွင့်ပြုနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ အားလုံးကို ခွင့်ပြုပါတယ်။

## ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှု အခြေအနေကို မှတ်တမ်းတင်ခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဒီကနေ့ အစည်းအဝေးမှာ တက်ရောက်ခွင့်ရှိတဲ့ လွှတ်တော်ကိုယ်စားလှယ် ၄၂၉ ဦး၊ ယခင်က ခွင့်ပန်ကြား၍ခွင့်ပြုထားသူ ၁၁ ဦး၊ ယနေ့ ခွင့်ပြုထားသူ ၁၃ ဦးဖြစ်၍ လွှတ်တော်က ခွင့်ပြုထားသူစုစုပေါင်း ၂၄ ဦးဖြစ်ပါတယ်။ ခွင့်မဲ့ ပျက်ကွက်သူမရှိပါ။ ယခု လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေးတက်ရောက်မှုအခြေအနေကို လွှတ်တော်ရဲ့အတည်ပြုချက်ရယူပါမယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေ တင်ပြချက်ကို လွှတ်တော်က အတည်ပြုပါသလားခင်ဗျား။

**[** သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်ကအတည်ပြုပါသည်။**]**

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်က အတည်ပြုတဲ့အတွက် ကိုယ်စားလှယ်များ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုမှတ်တမ်းတင်ကြောင်း ကြေညာပါတယ်။(သြဘာသံများ)

## ကြယ်ပွင့်ပြထားသည့်မေးခွန်းများကို ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များကမေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့်အဖွဲ့အစည်းဝင်များကဖြေကြားခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၅ ဖြစ်ပါတယ်။ မေးခွန်းများ မေးမြန်းဖြေကြားခြင်း အစီအစဉ် စတင်ဆောင်ရွက်ပါမယ်။

### အခြေခံဥပဒေနှင့်အညီ မူလတန်းအဆင့်တွင် မိမိတို့၏ တိုင်းရင်းသားစာပေကို အင်္ဂလိပ်စာနှင့် တွဲဖက်သင်ကြားပေးနိုင်ပါရန်နှင့်စပ်လျဉ်းသည့် မေးခွန်း

**ဥက္ကဋ္ဌ**။ ။ ဦးစွာ ဖလမ်းမဲဆန္ဒနယ်မှ ဦးခွန်လိန်းအား မေးမြန်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးခွန်လိန်း(ဖလမ်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော် ကတော့ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်း ဖြစ်ပါတယ်။ အစည်းအဝေး ခန်းမကြီးထဲမှာ ရောက်ရှိလာကြတဲ့ ကိုယ်စားလှယ်များနှင့် ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်ကြီးများ အားလုံးကို မင်္ဂလာပါလို့ နှုတ်ဆက်ပါရစေ။ ဒီနေ့ ကျွန်တော်မေးမယ့်မေးခွန်းကတော့ ပြီးခဲ့တဲ့ဧပြီလ ထဲမှာ တင်ပြထားတာဖြစ်ပြီးတော့ ဒီကိစ္စတချို့တစ်ဝက်သာ သက်ဆိုင်ရာဝန်ကြီးဌာနအနေနဲ့ ဖြေရှင်း ပြီးသားလည်းဖြစ်တဲ့အတွက်ကြောင့် အတိုချုပ်ပဲ တင်ပြပါတော့မယ်။ ပြည်နယ်နှင့် တိုင်းအချို့တွေမှာ ရှိတဲ့ တိုင်းရင်းသားလူမျိုးများအနေနဲ့ မိမိတို့ရဲ့ စာပေသင်ကြားရေးကိစ္စကို အလေးထားပြီးတော့ အစဉ် တစိုက်တင်ပြခဲ့ကြပြီးလည်း ဖြစ်ပါတယ်။ အဲဒီကိစ္စနှင့်ပတ်သက်ပြီးတော့လည်း ပထမအစည်းအဝေးမှာ ဆိုရင် ကျွန်တော်တို့ သက်ဆိုင်ရာဝန်ကြီးဌာနကနေပြီးတော့ တိုင်းရင်းသားလူမျိုးပေါင်း ၁၃၀ ကျော် ရှိတဲ့ အတွက်ကြောင့် တိုင်းရင်းသားအားလုံးရဲ့စာပေ သင်ကြားဖို့ဆိုတာ လွယ်ကူတဲ့အလုပ်မဟုတ်ဘူး ဆိုပြီးတော့ ဖြေကြားခဲ့တာလည်း ကြားခဲ့ဖူးပါတယ်။ သို့သော်လည်းပဲ အခုလက်ရှိအခြေအနေမှာတော့ မြို့နယ်တိုင်းမြို့နယ်တိုင်းမှာ ဒီမိမိတို့ရဲ့စာပေတွေကို ပြန်လည်ပြီးတော့ သင်ကြားနိုင်ဖို့ရန်အတွက် အစီအစဉ်တွေ သက်ဆိုင်ရာပြည်နယ်လူမှုရေးတာဝန်ခံများအနေနဲ့ ဆက်လက်ဆောင်ရွက်နေပြီဆိုတာ ကြားသိရတဲ့အတွက်ကြောင့် အခုလိုစီစဉ်ပေးတဲ့ ဝန်ကြီးဌာနကိုလည်း များစွာကျေးဇူးတင်ရှိကြောင်း ပြောကြားလိုပါတယ်။ နောက်ဆက်တွဲတစ်ခုကတော့ ပြည်နယ်တွေမှာရှိတဲ့ ကျောင်းသားတွေဟာ အလွန်နူနယ်ငယ်ရွယ်တဲ့ ကျောင်းသားတွေဖြစ်တဲ့အတွက်ကြောင့်၊ ကလေးတွေဖြစ်တဲ့အတွက်ကြောင့်

သူတို့အနေနဲ့ မိမိဘာသာအပါအဝင် ကျန်တဲ့နိုင်ငံခြားဘာသာနှစ်ခု လူမျိုးခြားဘာသာခေါ်မှာပေါ့ဗျာ။ မြန်မာစာနှင့် အင်္ဂလိပ်စာကို သင်ရမှာဖြစ်တဲ့အတွက်ကြောင့် မိမိစာပေနှင့်ဆိုရင် သုံးမျိုး၊ သုံးဘာသာ ဖြစ်သွားပါမယ်။ အဲဒီသုံးဘာသာအနက် နှစ်ဘာသာကိုသာ သင်ပေးနိုင်မယ်ဆိုလို့ရှိရင် ကလေး အတွက် ပိုပြီးတော့ အဆင်ပြေမယ်လို့ ကျွန်တော့်အနေနဲ့ ဖတ်ဖို့နားဝရှိတဲ့စာပေတွေမှာ သုတေသန ပညာရှင်တွေရဲ့ ရေးသားချက်ကို ဖတ်ရှုဖူးပါတယ်။ ဒါကြောင့်မို့လို့ ဒီမိမိဘာသာအပြင် အခြားတစ် ဘာသာ ထပ်ပြီးတော့သင်ကြားဖို့ရာမှာ အင်္ဂလိပ်ဘာသာကို စီစဉ်ပေးနိုင်ခြင်းရှိ၊ မရှိသိလိုပါတယ်။ ဘာကြောင့်လဲဆိုရင် ကျွန်တော်တို့ဟာ မြန်မာနိုင်ငံတိုင်းရင်းသားတွေဖြစ်တဲ့အတွက်ကြောင့် မြန်မာစာ ကတော့ မတတ်ချင်လည်း တတ်မှာပဲ၊ မပြောတတ်ချင်လည်း ပြောတတ်မှာပဲ ဘာကြောင့်လဲဆိုတော့ ကျွန်တော်တို့ ခေတ် ၁၉၅၅ ခုနှစ်မတိုင်ခင်မှာဆိုရင် ချင်းပြည်နယ်ဆိုရင် ချင်းဘာသာ အကြောင်းပဲ ပြောမယ်ဆိုရင် ချင်းပြည်နယ်မှာ ချင်းဘာသာစာပေနှင့် စတုတ္ထတန်းအထိ သင်ကြားပြီးတော့ စတုတ္ထတန်းအောင်မှပဲ သူငယ်တန်းကျောင်းဖတ်စာ အဲဒါကိုသင်ရပါတယ်။ အသံကတော့ မပြင်နိုင် တော့ဘူးပေါ့။ သို့သော်လည်းပဲ စကားအနေနဲ့တော့ ကိုယ့်နိုင်ငံရဲ့စကားဖြစ်တဲ့အတွက်ကြောင့် မတတ် မနေပါဘူး။ တတ်ကြပါတယ်။ ချင်းတွေကလည်း ၁၀ တန်းလောက်ရောက်လို့ရှိရင်လည်း ပြောတတ် ဆိုတတ်ရှိကြပါတယ်။ ဒါကြောင့် ပိုပြီးတော့ ခက်ခဲတဲ့ အင်္ဂလိပ်ဘာသာကို မူလတန်းကနေပြီးတော့ သင်ကြားပေးမယ်။ အခုသင်ကြားနေတဲ့ဟာကို သုံးဘာသာဆိုတော့ မနိုင်မနင်းဖြစ်မှာစိုးလို့ မြန်မာစာ ကို စတုတ္ထတန်းအထိ ခေတ္တရပ်နားပြီးတော့ အင်္ဂလိပ်စာနှင့် တိုင်းရင်းသားစာပေကိုသာ သင်ကြားပေး မယ်ဆိုရင် ပိုပြီးတော့များ ထိရောက်မှုရှိမလားလို့ ဒီမေးခွန်းလေးကို ကျွန်တော့်အနေနဲ့ တင်ပြခြင်း ဖြစ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာ ပြည်ထောင်စုဝန်ကြီးဌာနမှ ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ မင်္ဂလာပါခင်ဗျား။ ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ကိုယ်စားလှယ်တော်ကြီးများအားလုံးကို ရိုသေလေးစားပါကြောင်း ဦးစွာတင်ပြအပ်ပါ တယ်။ ချင်းပြည်နယ်၊ ဖလမ်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးခွန်လိန်းရဲ့ ပညာရေး ကဏ္ဍဆိုင်ရာ မေးမြန်းချက်နှင့် ပတ်သက်ပြီး ပညာရေးဝန်ကြီးရဲ့ကိုယ်စား ကျွန်တော် ဒုတိယဝန်ကြီး ဦးအေးကြူက ပြန်လည်တင်ပြမှာ ဖြစ်ပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ဖြစ်တဲ့အတွက်ကြောင့် တိုင်းရင်းသား စည်းလုံးညီညွတ်ရေးဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၆ အရ နိုင်ငံတော်၏ အခြေခံမူ ၆ ရပ်တွင် ဒီတာဝန်အရေးသုံးပါးကိုပါ ထည့်သွင်းပြဋ္ဌာန်းထားပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေ ပုဒ်မ ၂၂ ပုဒ်မခွဲ(က) အရ နိုင်ငံတော်သည် တိုင်းရင်းသားများရဲ့ စကား၊ စာပေ၊ အနုပညာ၊ ယဉ်ကျေးမှုတို့ကို ဖွံ့ဖြိုးတိုးတက်စေရန် ကူညီဆောင်ရွက်မည်ဟု လည်းကောင်း၊ ပုဒ်မခွဲ(ခ)တွင် တိုင်းရင်းသားအချင်းချင်း စည်းလုံးညီညွတ်ရေး၊ ချစ်ကြည်လေးစားရေးနှင့် ရိုင်းပင်းကူညီရေးတို့ တိုးတက်ဖြစ်ထွန်းစေရန် ကူညီဆောင်ရွက်မည်ဟုလည်းကောင်း၊ ပုဒ်မ ၃၅၄ ပုဒ်မခွဲ(ဃ) အရ တိုင်းရင်းသားလူမျိုး တစ်မျိုးနှင့် တစ်မျိုး သို့မဟုတ် တိုင်းရင်းသားလူမျိုးအချင်းချင်းကိုလည်းကောင်း၊ အခြားဘာသာ၊ သာသနာကိုလည်းကောင်း ထိခိုက်နစ်နာမှုမရှိစေဘဲ မိမိချစ်ခင်မြတ်နိုးသော စကား၊ စာပေတို့ကို လွတ်လပ်စွာ ဆောင်ရွက်နိုင်ခွင့် ရှိသည်ဟုလည်းကောင်း ဖော်ပြပါရှိပါတယ်။ ပညာရေးဝန်ကြီးဌာနအနေဖြင့် မြန်မာနိုင်ငံ၏ ရုံးသုံးဘာသာစကားဖြစ်သည့် မြန်မာစာနှင့် နိုင်ငံတကာသုံး အင်္ဂလိပ်စာဘာသာရပ်များကို မူလတန်းအဆင့် သူငယ်တန်းမှစတင်ပြီး သင်ကြားပေး လျက်ရှိပါတယ်။ ဒေသအလိုက် တိုင်းရင်းသားစာပေကို ရုံးသုံးဘာသာစကားဖြစ်သည့် မြန်မာစာ သင်ခန်းစာများနှင့် ချိတ်ဆက်ပြုစု၍ မူလတန်းအောက်အဆင့် သူငယ်တန်း၊ ပထမတန်းနှင့် ဒုတိယတန်းတို့မှာ ကျောင်းချိန်ပြင်ပ၌ လေ့ကျင့်သင်ကြားပေးနိုင်ရန်အတွက် ပြင်ဆင်ဆောင်ရွက် လျက်ရှိပါတယ်။ တိုင်းရင်းသားမျိုးနွယ်စုများ စုပေါင်းနေထိုင်လျက်ရှိပါသဖြင့် စာသင်ခန်းတစ်ခန်း အတွင်းမှာပင် တိုင်းရင်းသားလူမျိုးနှစ်မျိုးနှင့်အထက် ပါဝင်လေ့ရှိပါသဖြင့် သက်ဆိုင်ရာမိဘက သင်ကြားပေးရန် ဆန္ဒပြုသည့် ကလေးများကိုသာ သင်ကြားပေးရန်ရှိပါတယ်။ တိုင်းရင်းသားဘာသာပြ ဆရာ ဆရာမများကိုလည်း သက်ဆိုင်ရာတိုင်းဒေသကြီး၊ ပြည်နယ်အစိုးရများနှင့် ညှိနှိုင်း၍ လေ့ကျင့်သင်တန်းပေးရန် စီစဉ်ဆောင်ရွက်လျက် ရှိပါတယ်။ တိုင်းရင်းသားဘာသာနှင့် အင်္ဂလိပ်စာကိုသာ တွဲဖက်သင်ကြားပေးမည်ဆိုပါက ပြည်ထောင်စုစိတ်ဓာတ်၊ နိုင်ငံချစ်စိတ်ဓာတ်များ လျော့နည်းကျဆင်းလာပြီး ပြည်ထောင်စုမပြိုကွဲရေးဟူသော အခြေခံမူကို ထိခိုက်လာနိုင်ပါတယ်။ တိုင်းရင်းသားဘာသာကို အလေးထားရန်ဖြစ်သော်လည်း ရုံးသုံးဘာသာဖြစ်သည့် မြန်မာစာကို ပစ်ပယ်ရန်လည်း မသင့်ပါ။ သို့ပါ၍ ဒေသအလိုက် တိုင်းရင်းသားဘာသာများကို မူလတန်းအောက်အဆင့် အတန်းများတွင် ကျောင်းချိန်ပြင်ပ၌ လေ့ကျင့်သင်ကြားပေးရန် စီစဉ်ဆောင်ရွက်လျက်ရှိပါကြောင်းနှင့် ပြည်ထောင်စုမပြိုကွဲရေးကို ဦးတည်၍ တိုင်းရင်းသားစာပေနှင့် အင်္ဂလိပ်စာ ဘာသာရပ်များသာ တွဲဖက်သင်ကြားပေးရန် အစီ

အစဉ်မရှိပါကြောင်း ရှိသေစွာရှင်းလင်းတင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ပုဂံခေတ်၊ တောင်ငူခေတ်၊ ကုန်းဘောင်ခေတ် မြန်မာ့အနုပညာသဘင်နှင့် ပတ်သက်သော ဇာတ်လမ်း၊ အငြိမ့်သဘင်၊ သီချင်းဟောပြောချက်များ ပြန်လည်ဖော်ထုတ်ပေးပါရန်နှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ဦးအောင်ဆန်း၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးအောင်ဆန်း(ပန်းဘဲတန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်ထောင်စုအဆင့်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များနှင့် အထူးဖိတ်ကြားထားသောဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံပါစေကြောင်း ဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ရန်ကုန်တိုင်းဒေသကြီး ပန်းဘဲတန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်း ဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနဲ့ မြန်မာ့ရုပ်မြင်သံကြားနှင့်ပတ်သက်လို့ ကျွန်တော့်အဆိုတစ်ခုအပေါ်မှာလည်း ဆွေးနွေးခဲ့ပါပြီ။ နောက်တစ်ခု ကျွန်တော် Channel လည်းပဲ တောင်းပြီးတော့ မေးခွန်းမေးမြန်းခဲ့ပါတယ်။ အခုဟာကတော့ မြန်မာ့ရုပ်မြင်သံကြားမှာ မြန်မာ့ယဉ်ကျေးမှုဓလေ့ထုံးစံ ယဉ်ကျေးမှုနှင့် ပတ်သက်ပြီးတော့ အချိန်တိုးမြှင့်ထုပ်လုပ်ပေးဖို့အတွက် မေးခွန်းမေးခြင်း ဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော့်အနေနှင့် ဒေါက်တာသန်းဝင်း မြောက်ဥက္ကလာမဲဆန္ဒနယ် တင်သွင်းတဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ တိုင်းတစ်ပါးယဉ်ကျေးမှုများ အလျှင်အမြန်ထိုးဖောက်ဝင်ရောက် လွှမ်းမိုးမှုများကြောင့် မြန်မာ့တိုင်းရင်းသားတို့၏ ရိုးရာဓလေ့ယဉ်ကျေးမှုများ မှေးမှိန်လာပြီးသက်ဆိုင်ရာမှ ဝိုင်းဝန်းထိန်းသိမ်းရန် လိုအပ်ပါကြောင်းအဆိုကိုလည်း ထောက်ခံပြီးတော့ ဆွေးနွေးခဲ့ပါတယ်။ ဒါ့အပြင် ကျွန်တော်တို့ မြန်မာတိုင်းရင်းသားများ၏ ရိုးရာဓလေ့ထုံးစံများ၊ ယဉ်ကျေးမှုများကိုရုပ်မြင်သံကြားဖန်သားပြင်မှ Channel တစ်ခုအနေဖြင့် ထုတ်လွှင့်ပြသသင့်ပေးရန်လည်း တင်ပြခဲ့ပါတယ်။ ဒါပေမယ့်လို့ MRTV မှ ထုတ်လွှင့်မှု စနစ်ဟာ Analog စနစ်ဖြစ်နေတဲ့အတွက်ကြောင့် Digital စနစ်သို့ ပြောင်းပြီးမှ အဆင်ပြေနိုင်မည်ဖြစ်ကြောင်း သက်ဆိုင်ရာမှ ဖြေကြားခဲ့ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုမေးမြန်းမှုကတော့ MRTV မှယနေ့ထုတ်လွှင့်နေတဲ့ အစီအစဉ်များထဲမှာ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေးနှင့် မြန်မာတိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှုများကိုအချိန်ပိုမိုထုတ်လွှင့်ပြသရေးအပိုင်းပဲ မေးမြန်းမှာဖြစ်ပါတယ်။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယနေ့ ကျွန်တော်တို့ မြန်မာ့ရုပ်သံလိုင်းများမှ ဖျော်ဖြေမှုအပိုင်းမှာ MRTV4၊ မြဝတီ၊ မြဝတီ Set Up Box ၊ 5 movies နှင့်

Skynet စတဲ့ စုံလင်စွာနှင့် ပြည်သူများကို ဖျော်ဖြေတင်ဆက် နေကြပါတယ်။ ဒါကြောင့် MRTV4 အနေဖြင့် မြန်မာ့ယဉ်ကျေးမှု ထိန်းသိမ်းစောင့်ရှောက်ရေးမူဝါဒအပိုင်းမှာ အလေးပေးပြီးတော့ ဆောင်ရွက်သင့် ပါကြောင်းနှင့်ပတ်သက်ပြီးတော့ မေးခွန်းကို မေးရခြင်းဖြစ်ပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်ရဲ့ဦးတည်ချက် ၁၂ ရပ်ထဲက လူမှုရေးဦးတည်ချက် ၄ ရပ်ထဲမှာ ပါတဲ့ အမျိုးဂုဏ်၊ ဇာတိဂုဏ်မြင့်မားရေးနှင့် ယဉ်ကျေးမှုအမွေအနှစ်များ၊ အမျိုးသားရေးလက္ခဏာများ မပျောက်ပျက်အောင် ထိန်းသိမ်းစောင့်ရှောက်ရေးဆိုတဲ့ ဦးတည်ချက်အတိုင်း မြန်မာတို့ရဲ့ ရိုးရာဓလေ့ထုံးစံ အနုပညာယဉ်ကျေးမှုကဏ္ဍများနှင့်စပ်လျဉ်းပြီးတော့ TV ဖန်သားပြင်ပေါ်မှာ ယခု ထက် အချိန်ပိုမိုတိုးချဲ့ ထုတ်လွှင့်ပေးရေးအတွက် ဒါမှမဟုတ် တိကျတဲ့နေ့ရက် သတ်မှတ်ပြီးတော့ တိကျတဲ့အချိန်ဖြင့် ထုတ်လွှင့်ပေးနိုင်ရန်အတွက် သက်ဆိုင်ရာဝန်ကြီးဌာနကို မေးမြန်းရခြင်း ဖြစ်ပါတယ်။ မေးခွန်း (၁) မြန်မာ့ရုပ်မြင်သံကြား၊ MRTV4 နှင့် မြဝတီရုပ်မြင်သံကြားမှ တစ်နေ့လျှင် ၇ ကားမှ ၉ ကားထိ ထုတ်လွှင့်ပြသနေသော နိုင်ငံခြားဇာတ်လမ်းတွဲများကို အရေအတွက်လျှော့ချပြီး ကျွန်တော်တို့ရဲ့ ပုဂံခေတ်အနော်ရထာမင်းလက်ထက် နိုင်ငံရေး၊ လူမှုရေး၊ စီးပွားရေး၊ တိုင်းရင်းသား စည်းလုံးညီညွတ်ရေး ဆောင်ရွက်ချက်များပါဝင်တဲ့ ပထမမြန်မာနိုင်ငံတော်ကြီး တည်ထောင်ပုံ ဇာတ်လမ်းတွဲများ၊ တောင်ငူခေတ် ဘုရင့်နောင်မင်းတရားကြီးရဲ့ ဒုတိယမြန်မာနိုင်ငံတော် တည်ထောင်ပုံ ဇာတ်လမ်းတွဲများ၊ ကုန်းဘောင်ခေတ် အလောင်းမင်းတရားဦးအောင်ဇေယျရဲ့ တတိယ မြန်မာနိုင်ငံတော်တည်ထောင်ပုံ ဇာတ်လမ်းတွဲများကို ခမ်းနားထည်ဝါစွာ ရိုက်ကူးတင်ဆက်ပြသရန် အစီအစဉ် ရှိ၊ မရှိ။ (၂) ယနေ့ လူငယ်များအကြိုက် ခေတ်ပေါ်တေးဂီတအဆိုပြိုင်ပွဲများကို တစ်ပတ်လျှင် ၅ ကြိမ်မျှ ပြသနေတဲ့ အကြိမ်အရေအတွက်ကို လျှော့ချပြီး မြန်မာသီချင်းကြီးများ၊ မြန်မာ့ရိုးရာအကပြိုင်ပွဲများကို သက်တမ်းအလိုက် သီချင်းအမျိုးအစားအလိုက် ပြည်သူများ စိတ်ဝင်စားအောင် ရိုက်ကူးပြီး တစ်ပတ် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ခန့် ထုတ်လွှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ။ (၃) တစ်နှစ်တစ်ကြိမ် ကျင်းပသော နိုင်ငံတော်အဆင့် ဆို၊ က၊ ရေး၊ တီးပြိုင်ပွဲများမှ ဆုရသူများကို ထုတ်လွှင့်ပြသရာတွင်လည်းကောင်း၊ မျိုးချစ်စိတ်ဓာတ်ရှင်သန်ထက်မြက်ရေး ထုတ်လွှင့်မှုကဏ္ဍကိုလည်းကောင်း၊ လူကြည့်နည်းသည့် ညနေစောစောပိုင်းအချိန်တွင် ထုတ်လွှင့်နေမှု အား လူကြည့်များသည့်အချိန်များသို့ ပြောင်းလဲထုတ်လွှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိကို လည်းကောင်း။ (၄) ဗမာလူမျိုးတို့ရဲ့ ဓလေ့စရိုက်များဖြစ်တဲ့ ဆယ့်နှစ်လရာသီပွဲတော်များအကြောင်း သရုပ်ဖော် ရိုက်ကူးတင်ဆက်မှုများ ယခင်က ရှိခဲ့ဖူးပါတယ်။ တိုင်းရင်းသားလူမျိုးများရဲ့ ရိုးရာဓလေ့

ထုံးစံပွဲတော်များအကြောင်းကိုလည်း ရိုက်ကူးတင်ဆက်မှုများရှိခဲ့ပါတယ်။ အဲဒီအစီအစဉ်များကို ယနေ့ ပြန်လည်ထုတ်လွှင့်ပြသပေးရန် အစီအစဉ် ရှိ၊ မရှိ။ (၅) တစ်ပတ်လျှင် ၅ ကြိမ်ခန့်ထုတ်လွှင့် ပြသနေသော ဟာသအစီအစဉ်များကိုလျှော့ချပြီး အဆင့်မီတဲ့ အငြိမ့်သဘင်များ၊ အဆင့်မီတဲ့ ဇာတ်သဘင်နှစ်ပါးသွားခွင် အစီအစဉ်များကို တစ်ပတ်လျှင် တစ်ကြိမ် သို့မဟုတ် နှစ်ကြိမ်ခန့် ရိုက်ကူး ထုတ်လွှင့်ပြသရန် အစီအစဉ် ရှိ၊ မရှိ။ (၆) ယခင်ကထုတ်လွှင့်ခဲ့ဖူးသော မြန်မာ့ဆိုင်းဝိုင်းဖျော်ဖြေခန်း များနှင့် ဗုဒ္ဓဟူးနေ့တိုင်း ထုတ်လွှင့်ပေးနေသော သီချင်းကြီးတူရိယာအဖွဲ့ ဖျော်ဖြေမှုများကို ပြန်လည် ထုတ်လွှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ။ (၇) ယခင် မြန်မာ့အသံမှ အပတ်စဉ်ထုတ်လွှင့်နေတဲ့ ဆရာကြီးဦး ဂုဏ်ဘဏ်၏ မြန်မာ့အနုသဘင် ဟောပြောချက် များကို ယခုအခါ TV ပေါ်လာပြီးဖြစ်တဲ့ အတွက်ကြောင့် သရုပ်ဖော်ရိုက်ကူးပြီး ထုတ်လွှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့်လေးစားစွာ တင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ။** ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနမှ ပြန်လည်ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးရဲထွဋ်(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)။** ။လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး ကိုယ်စိတ်နှစ်ဖြာ ကျန်းမာချမ်းသာပြီး၊ မင်္ဂလာအပေါင်းနဲ့ပြည့်စုံပါစေလို့ ဆုမွန်ကောင်းတောင်းရင်း နှုတ်ခွန်းဆက်သအပ်ပါတယ်။ ရန်ကုန် တိုင်းဒေသကြီး၊ ပန်းဘဲတန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ဆန်းရဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ဖော်ညွှန်းမှုကဏ္ဍနှင့် စပ်လျဉ်း၍ မြန်မာ့အသံနှင့် ရုပ်မြင်သံကြားတွင် ယခုထက်အချိန်ပိုမိုတိုးချဲ့ထုတ်လွှင့်နိုင်ရေးဆိုင်ရာမေးခွန်း ၇ ခုအား ပြည်ထောင်စု ဝန်ကြီးရဲ့ကိုယ်စား ဒုတိယဝန်ကြီး ကျွန်တော် ဦးရဲထွဋ်က ပြန်လည်ဖြေကြား တင်ပြသွားပါမယ်။ မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှာ မူလတာဝန်အဖြစ် ပြန်ကြားပေးရန်၊ ကြေညာပေးရန်၊ ဖျော်ဖြေပေး ရန်ဆိုတဲ့ ရည်မှန်းချက်တာဝန်များမှာ ပြန်ကြားရေးကဏ္ဍအတွက် ၃၀ ရာခိုင်နှုန်း၊ ပညာပေးရေး ကဏ္ဍအတွက် ၃၀ ရာခိုင်နှုန်းနဲ့ ဖျော်ဖြေပေးရေးကဏ္ဍအတွက် ၄၀ ရာခိုင်နှုန်းဆိုပြီး ကျွန်တော်တို့ လျာထားသတ်မှတ် ဆောင်ရွက်လျက်ရှိပါတယ်။ ထိုကဲ့သို့လျာထားဆောင်ရွက်ရာမှာ ရုပ်မြင်သံကြား ကြည့်ရှုသူပရိသတ်များရဲ့ အသက်အရွယ်အပိုင်းအခြားအလိုက် ကြိုက်နှစ်သက်စေသောကဏ္ဍများကို မျှတစွာ ထုတ်လွှင့်ပေးနိုင်ရေးနဲ့ ပရိသတ်လက်ခံနိုင်သောကဏ္ဍများကို ပိုမိုထုတ်လွှင့်ပေးရေးအတွက်

ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ အဲလိုဆောင်ရွက်ရာမှာ ဘာသာရေးအစီအစဉ်များ၊ စာပေနှင့်ယဉ်ကျေးမှုဆိုင်ရာအစီအစဉ်များ၊ မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးအစီအစဉ်များ၊ ကလေးသူငယ်နှင့် အမျိုးသမီးရေးရာအစီအစဉ်များကိုလည်း အချိုးညီစွာ ထည့်သွင်းထုတ်လုပ်ပေးနိုင်ရေးအတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။

ကိုယ်စားလှယ်တော်ကြီး ဦးအောင်ဆန်းရဲ့ ပထမမေးခွန်းနဲ့ပတ်သက်ပြီး ရုပ်မြင်သံကြားဇာတ်လမ်းတွဲများနဲ့ ထုတ်လုပ်ရာမှာ ပြန်ကြားရေးဝန်ကြီးဌာနအနေနဲ့ မြန်မာ့ရုပ်မြင်သံကြားနှင့်ကျွန်တော်တို့နဲ့ဖက်စပ်ဆောင်ရွက်နေတဲ့ MRTV-4၊ Sky Net တို့မှာ မြန်မာဇာတ်လမ်းတွဲများကိုပြသနိုင်ရေးအတွက် အစဉ်တစိုက်တိုက်တွန်းဆောင်ရွက်လျက်ရှိပါတယ်။ ဒီနေ့အချိန်မှာ မြဝတီရုပ်မြင်သံကြားမှာ ရွှေဇာတ်လမ်းတွဲနှင့် MRTV-4 မှာ အချစ်၏သင်္ကေတဇာတ်လမ်းတွဲများကို စတင်ရိုက်ကူးထုတ်လွှင့်လျက်ရှိပါတယ်။ ကိုယ်စားလှယ်တော်ကြီးမေးမြန်းသွားတဲ့ ပထမ၊ ဒုတိယ၊ တတိယနိုင်ငံတော်ထူထောင်ခဲ့တဲ့ သမိုင်းကြောင်းနောက်ခံဇာတ်ကားများနဲ့ ပတ်သက်လို့တော့ ကုန်ကျစရိတ်ကြီးမားခြင်း၊ နည်းပညာလိုအပ်ခြင်းဖြစ်တဲ့အတွက်ကြောင့်မို့ လောလောဆယ်မှာ ရိုက်ကူးထုတ်လုပ်နိုင်ခြင်းမရှိသေးပါဘူး။ ဒါပေမယ့် မြန်မာ့ရုပ်ရှင်လုပ်ငန်းရဲ့ ပေါင်းစပ်ညှိနှိုင်းမှုဖြင့် မြန်မာနိုင်ငံမှ ရွှေသံလွင်ကုမ္ပဏီလီမိတက်နှင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံမှ ယူနန်ရုပ်မြင်သံကြားဌာနတို့ အကျိုးတူပူးပေါင်းပြီး ပျူခေတ်ယဉ်ကျေးမှုအခြေခံ ရုပ်မြင်သံကြားဇာတ်လမ်းတွဲကို ရိုက်ကူးထုတ်လုပ်တင်ပြနိုင်ဖို့အတွက် ညှိနှိုင်းဆွေးနွေးမှုများ ပြုလုပ်နေပြီဖြစ်ပါတယ်။ ဒုတိယမေးခွန်းဖြစ်တဲ့ မြန်မာ့သီချင်းကြီးနှင့် ရိုးရာအကပြိုင်ပွဲများကို စိတ်ဝင်စားအောင် ရိုက်ကူးပြီး တစ်ပတ်နှစ်ကြိမ် ထုတ်လွှင့်ပေးရန်အစီအစဉ် ရှိ၊ မရှိ မေးခွန်းနှင့်စပ်လျဉ်းပြီး ယနေ့ရုပ်မြင်သံကြား အစီအစဉ်များမှာခေတ်လူငယ်များအကြိုက် ခေတ်ပေါ်တေးသီချင်း အဆိုပြိုင်ပွဲများကသာ လွှမ်းမိုးနေခြင်းကို မဖြစ်စေရေးအတွက် မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်က ရိုးရာယဉ်ကျေးမှုကို ထိန်းသိမ်းသည့်အနေဖြင့်မြန်မာမှု သီချင်းများကိုသာ အဆိုရှင်၊ ဝါသနာရှင်လူငယ်များက အဓိကထားယှဉ်ပြိုင်စေတဲ့ ဆိုကြမယ်ပျော်ကြမယ်ကဏ္ဍ တေးသီချင်းအဆိုပြိုင်ပွဲကို ရိုက်ကူးထုတ်လွှင့်နေပြီး ကိုယ်စားလှယ်တော်ကြီးရဲ့မေးမြန်းချက်ပါအတိုင်း တစ်ပတ်လျှင်နှစ်ကြိမ် ထုတ်လွှင့်လျက်ရှိပါတယ်။

ဒါ့အပြင် အပတ်စဉ်ဗုဒ္ဓဟူးနေ့တိုင်းမှာ အလင်္ကာဝတ်ရည်တေးဂီတအဖွဲ့ရဲ့ မြန်မာမှုသံစဉ်တေးသီချင်းဖျော်ဖြေမှုကဏ္ဍကိုလည်း အပတ်စဉ်တိုးချဲ့ပြီး ထုတ်လွှင့်လျက်ရှိပါတယ်။ မြန်မာ့ရိုးရာယဉ်ကျေးမှုဖော်ညွှန်းတဲ့ အစီအစဉ်များအဖြစ် ပီသကြည်မြ မဟာဂီတ၊ ခြေခြေမြစ်မြစ်နှစ်နှစ်ကာကာ၊

ချစ်ရတဲ့ ကာလပေါ်တေးအရသာ၊ သီချင်းကြီးပဒေသာ၊ နှောင်းခေတ်တေးပဒေသာနဲ့ ယနေ့ခေတ် မြန်မာမှုတေးဂီတများကိုလည်း ရိုက်ကူးပြီး နေ့စဉ်အလှည့်ကျ တင်ဆက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် ဇာတ်တော်ကြီး၊ ပြဇာတ်၊ ရုပ်သေး၊ ကွက်စိပ်၊ စံတေးသီချင်းများနဲ့ ဟောပြောမှု အစီအစဉ်များကိုလည်း မြန်မာ့ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများကျင်းပချိန် ကာလမတိုင်မီမှာ လှုံ့ဆော်ရေး အစီအစဉ်များအဖြစ်နဲ့ ထည့်သွင်းဖော်ပြသလို အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများမှာ ဆုရရှိခဲ့တဲ့ အစီအစဉ်များကိုလည်း အပတ်စဉ်အလှည့်ကျ ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ အဲလို ထုတ်လွှင့်ပေးတဲ့ အစီအစဉ်များဟာ တစ်နှစ်မှာ ဆယ်လထုတ်လွှင့်ပေးလျက်ရှိတဲ့အတွက်ကြောင့်မို့လို့ သီးခြားအက ပြိုင်ပွဲများကို ကျင်းပရိုက်ကူးပြီး ပြသရန်အစီအစဉ်မရှိကြောင်း၊ အဆို၊ အက၊ အရေး၊ အတီးမှ ဆုရအစီအစဉ်များကိုသာ ဆက်လက်ပြသသွားမည်ဖြစ်ကြောင်း ဖြေကြားအပ်ပါတယ်။

ဆက်လက်ပြီး အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများမှ ဆုရတေးသီချင်းနှင့် မျိုးချစ်စိတ်ဓာတ် ရှင်သန်ထက်မြက်ရေးတေးများကို လူကြည့်များသည့်အချိန်များသို့ ပြောင်းလဲထုတ်လွှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနဲ့ပတ်သက်ပြီး ဖြေကြားရမယ်ဆိုရင် ရုပ်မြင်သံကြားအစီအစဉ်များ တင်ဆက်ထုတ်လွှင့်ရာမှာ ပရိသတ်အများစု လက်ခံနှစ်သက်တဲ့အစီအစဉ်များနဲ့ ပရိသတ်သိသင့် သိထိုက်တဲ့ အစီအစဉ်များကို ကျွန်တော်တို့ မျှမျှတတ စီစဉ်ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ဒါကြောင့် မို့လို့ စီစဉ်ထုတ်လွှင့်ပေးမှုကာလအတွင်းမှာ လူကြည့်များတဲ့ Prime Time အချိန်များမှာ ပရိသတ်အများစု နှစ်သက်လက်ခံတဲ့ အစီအစဉ်များကို ဦးစားပေးတင်ဆက်လျက်ရှိပြီး၊ ၎င်း အစီအစဉ်များရဲ့ကြားမှာ အမျိုးသားရေးတေးသီချင်းများ၊ အကျိုးပြုအစီအစဉ်များနှင့် မိမိတို့မှ ပြည်သူကို အသိပေးတင်ပြလိုသော အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲဆုရအစီအစဉ်များကို ကြားညှပ်ထည့်သွင်း ထုတ်လွှင့်ပေးလျက်ရှိကြောင်း ဖြေကြားအပ်ပါတယ်။

စတုတ္ထမေးခွန်းဖြစ်တဲ့ ဗမာလူမျိုးများရဲ့ ဓလေ့စရိုက်ပွဲတော်များနဲ့ တိုင်းရင်းသားလူမျိုး များ၏ ရိုးရာဓလေ့ပွဲတော်များကို ရိုက်ကူးထုတ်လုပ်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနဲ့ပတ်သက်ပြီး ရုပ်မြင်သံကြားအစီအစဉ်များမှာ ဗမာလူမျိုးများရဲ့ ၁၂ လရာသီပွဲတော်များ၊ တိုင်းရင်းသားလူမျိုးများ ၏ ဒေသအလိုက် ရိုးရာဓလေ့ထုံးစံပွဲတော်များ၊ ဘာသာရေးလှုပ်ရှားမှု၊ ဆောင်ရွက်မှုသတင်းများကို အခါအားလျော်စွာ စီစဉ်ထုတ်လွှင့်ပေးလျက်ရှိပါတယ်။ ရှေ့ဆက်ပြီးတော့လည်း ကိုယ်စားလှယ်တော် ကြီး အကြံပြုသွားသလိုပဲ ပိုမိုကောင်းမွန်သော တင်ဆက်မှုများဖြစ်စေရေးအတွက် စဉ်ဆက်မပြတ် ကြိုးပမ်းဆောင်ရွက်သွားပါမယ်။ ဒါ့အပြင် ဒီနှစ်မှာကျင်းပမယ့် (၁၉) ကြိမ်မြောက် မြန်မာ

တိုင်းရင်းသားတို့၏ ရိုးရာယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲမှာ ပြည်နယ်အလိုက် တိုင်းရင်းသားများရဲ့ ရိုးရာယဉ်ကျေးမှု ယိမ်းအကပြိုင်ပွဲများ၊ အဆို၊ အတီးပြိုင်ပွဲများကို ထည့်သွင်း ကျင်းပသွားမှာဖြစ်ပြီး ၎င်းပြိုင်ပွဲများမှ ဆုရရှိတဲ့အစီအစဉ်များကို မြန်မာ့အသံနှင့်ရုပ်မြင်သံကြားမှ တင်ဆက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါသည်။

ဆက်လက်ပြီး အဆင့်မီအငြိမ့်သဘင်များ၊ ဇာတ်သဘင်နှစ်ပါးခွင် အစီအစဉ်များကို တစ်ပတ် နှစ်ကြိမ် ရိုက်ကူးထုတ်လွှင့်ပေးရန် အစီအစဉ် ရှိ၊ မရှိ မေးခွန်းနဲ့စပ်လျဉ်းပြီး မြန်မာ့အသံနဲ့ ရုပ်မြင် သံကြားအစီအစဉ်များမှာ အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲများမှာ ပါဝင်ယှဉ်ပြိုင်ခဲ့တဲ့ ဇာတ် သဘင်ပြိုင်ပွဲများ၊ ပြဇာတ်ပြိုင်ပွဲနှင့် ရိုးရာယဉ်ကျေးမှုပြိုင်ပွဲများကို တင်ဆက်ပေးလျက်ရှိပါတယ်။ ဒါ့အပြင် အမျိုးသားကဇာတ်ရုံမှာ အများပြည်သူသို့ တင်ဆက်ပြသခဲ့တဲ့ နာမည်ကြီး ဇာတ်သဘင်ခွင် များရဲ့ ဖျော်ဖြေတင်ဆက်မှုများကိုလည်း တိုက်ရိုက် သို့မဟုတ် အချိန်ဆိုင်းပြီး ထုတ်လွှင့်တင်ဆက်ပေး လျက်ရှိပါတယ်။ ဆက်လက်ပြီးမှလည်း ယဉ်ကျေးမှုဝန်ကြီးဌာနအနေနှင့် ပြည်သူများကို ကပြဖျော်ဖြေ လျက်ရှိတဲ့ အဆင့်မီအငြိမ့်သဘင်များ၊ မြန်မာ့သဘင်လောကမှာ နေတစ်ဆူ၊ လတစ်ဆူ ပမာထင်ရှား ခဲ့တဲ့ အလင်္ကာကျော်စွာ ဦးရွှေမန်းတင်မောင်ရဲ့ မဟာဗုဒ္ဓဝင်တောထွက်ခန်း၊ လေးတော်တင်ခန်း၊ ဖွားတော်မူခန်း၊ ရွှေကျီးညို ပဲခူးမြတို့ရဲ့ သဒ္ဒါသုမန ဇာတ်တော်များကိုလည်း တိုင်းဒေသကြီးနဲ့ ပြည်နယ်များမှာ လှည့်လည်တင်ဆက်ပြသပြီး အဲဒီ လှည့်လည်တင်ဆက်မှုများကို မြန်မာ့အသံနှင့် ရုပ်မြင်သံကြားမှ ရိုက်ကူးထုတ်လွှင့်ပြသ ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါ တယ်။

ဆဋ္ဌမမေးခွန်းဖြစ်တဲ့ မြန်မာ့ဆိုင်းဝိုင်းဖျော်ဖြေခန်းနဲ့ သီချင်းကြီး တူရိယာဖျော်ဖြေမှုများကို ပြန်လည်ထုတ်လွှင့်ပေးရန် အစီအစဉ်ရှိ၊ မရှိ မေးခွန်းနဲ့စပ်လျဉ်းပြီး၊ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ် များမှာ နိုင်ငံတော်ဆိုင်းဝိုင်းရဲ့ ဖျော်ဖြေတင်ဆက်မှုများ၊ ဆို၊ က၊ ရေး၊ တီး၊ ဆိုင်းအတီးပြိုင်ပွဲအစီအစဉ် များ၊ နိုင်ငံတော်သံစုံတီးဝိုင်းနဲ့ တွဲဖက်ပြီးဖျော်ဖြေတင်ဆက်တဲ့ မြန်မာမှုသီချင်းများကို အခါအားလျော် စွာ တင်ဆက်လျက်ရှိပြီး၊ ရှေ့မှာတင်ပြခဲ့သလို ဗုဒ္ဓဟူးနေ့ Prime Time အစီအစဉ်မှာလည်း အလင်္ကာဝတ်ရည် မြန်မာမှုတေးဂီတ၊ အောဝမ်းစိုးမြင့်အဖွဲ့နဲ့ ဝတ်မှုန်တေးဂီတအဖွဲ့စတဲ့ မြန်မာမှု တေးဂီတအဖွဲ့များရဲ့ မြန်မာတေးဖျော်ဖြေမှုများကို စဉ်ဆက်မပြတ် ထုတ်လွှင့်လျက်ရှိပါတယ်။ ဒါ့အပြင် လူငယ်များအနေနဲ့ မြန်မာ့ရိုးရာအစဉ်အလာများကို ဆက်လက်သိရှိနိုင်ဖို့ နေ့စဉ် နံနက်တိုင်းမှာ ဓမ္မပူဇာတေးနဲ့ ယဉ်ကျေးလိမ္မာ သုံးဆယ့်ရှစ်ဖြာမင်္ဂလာအစီအစဉ်၊ နေ့စဉ်နံနက်နဲ့ ညနေမှာ ပြည်ထောင်စုတိုင်းရင်းသားရိုးရာတေးသံနှင့် အကအလှ၊ နေ့စဉ် ညနေ ၅ နာရီမှာ မျိုးချစ်စိတ်ဓာတ်

ရှင်သန်ထက်မြက်ရေးအစီအစဉ်၊ ဗုဒ္ဓဟူးနေ့ညနေ ၅ နာရီမှာ သီချင်းကြီးပဒေသာ၊ ဗုဒ္ဓဟူးနဲ့ စနေ ညနေ ၅ နာရီမှာ မြူးမြူးကြွကြွ ယဉ်ကျေးမှုအက၊ ဗုဒ္ဓဟူးနေ့ ညနေ ၆ နာရီသတင်းနဲ့ ၈ နာရီကြားမှာ မြန်မာမှုဇာတ်လမ်းနှင့် မြန်မာ့တေးဂီတအဖွဲ့တင်ဆက်မှုများ၊ ဗုဒ္ဓဟူးနေ့ညနေပိုင်းမှာ အမျိုးသား ယဉ်ကျေးမှုနှင့် အနုပညာတက္ကသိုလ်မှ အဆို၊ အက အစီအစဉ်များကိုလည်းကောင်း၊ အင်္ဂါ၊ ဗုဒ္ဓဟူး၊ သောကြာနေ့များမှာ ညနေ ၅ နာရီခွဲမှာ မြန်မာသံစဉ်တေးသီချင်းအစီအစဉ်များ၊ အင်္ဂါနဲ့ သောကြာနေ့ ညနေ ၈ နာရီနဲ့ ၉ နာရီမှာ မြန်မာ့ကြေးမုံရိပ်သွင်တေးနုယဉ်အစီအစဉ်နဲ့ နှောင်းခေတ် တေးပဒေသာ၊ တစ်ပတ်မှာ တစ်ကြိမ်၊ ညနေ ၅ နာရီနဲ့ ၆ နာရီကြားမှာ မဟာဂီတအစီအစဉ်များကို ထုတ်လွှင့် ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။ နောက်ဆုံးမေးခွန်းဖြစ်တဲ့ မြန်မာ့အသံမှ အပတ်စဉ် ထုတ်လွှင့် ခဲ့တဲ့ ဆရာကြီး ဦးဂုဏ်ဘဏ်ရဲ့ မြန်မာ့အနုသဘင်ဟောပြောချက်များကို ရုပ်မြင်သံကြားမှ ရိုက်ကူး ထုတ်လွှင့်ရန်အစီအစဉ်နဲ့ပတ်သက်ပြီး ဆရာကြီးဦးဂုဏ်ဘဏ် ကွယ်လွန်သွားပြီဖြစ်တဲ့အတွက် ကြောင့်မို့လို့ ရုပ်မြင်သံကြားအစီအစဉ်များမှာ သရုပ်ဖော်ရိုက်ကူးထုတ်လွှင့်ရန် အစီအစဉ်မရှိသေး ပါဘူး။ ဒါပေမယ့်လည်း မြန်မာ့အသံရေဒီယိုအစီအစဉ်ကနေ အခါအားလျော်စွာ ပြန်လည်ထုတ်လွှင့် ပေးလျက်ရှိကြောင်း တင်ပြအပ်ပါတယ်။

ဒါ့အပြင် ရုပ်မြင်သံကြားအစီအစဉ်များမှာ မဟာဂီတအစီအစဉ်ကဲ့သို့ ဂီတဆိုင်ရာ အသိပညာပေးမှုများကို သီချင်းသက်သက်ဖျော်ဖြေတာမဟုတ်ဘဲနဲ့ တတ်သိပညာရှင်များကနေ ပါဝင် ဆွေးနွေးပြီးတော့မှ ယနေ့ခေတ်ကာလနဲ့အညီ လိုက်လျောညီထွေထုတ်လုပ်ပြီး တင်ဆက်ပေးနိုင် အောင် ဆက်လက်ဆောင်ရွက်ပေးမှာဖြစ်ကြောင်း တင်ပြအပ်ပါတယ်။ ရုပ်မြင်သံကြားအစီအစဉ် များကို ယနေ့ မြန်မာ့ရုပ်မြင်သံကြားအစီအစဉ်က၊ မြန်မာ့အသံနဲ့ရုပ်မြင်သံကြားက ထုတ်လွှင့်ရာမှာ Channel တစ်ခုတည်းကပဲ Analog စနစ်အရ ကျွန်တော်တို့ ထုတ်လွှင့်လျက်ရှိပါတယ်။ အဲလို အစီအစဉ်ကြားထဲမှာ ယခု ကျွန်တော်တင်ပြခဲ့သလို များပြားလှတဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့ စရိုက်များကို ဖော်ညွှန်းတဲ့အစီအစဉ်များကို ထုတ်လွှင့်ပြသတင်ဆက်နေခြင်းကို ကြည့်ရှုခြင်းအားဖြင့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြားအနေနဲ့ မြန်မာ့ရိုးရာယဉ်ကျေးမှုဓလေ့စရိုက်များကို ဖော်ညွှန်းပြသနိုင် ရေးအတွက် အတတ်နိုင်ဆုံး ကြိုးပမ်းလျက်ရှိကြောင်းနဲ့ ပြန်ကြားရေးဝန်ကြီးဌာနအနေဖြင့် ကိုယ်စားလှယ်တော်ကြီး မေးမြန်းသွားတဲ့အတိုင်း၊ အကြံပြုသွားတဲ့အတိုင်း အမျိုးဂုဏ်၊ ဇာတိဂုဏ် မြင့်မားရေး၊ ယဉ်ကျေးမှုအမွေအနှစ်နှင့် အမျိုးသားရေးလက္ခဏာများ ရေရှည်တည်တံ့ရေးအတွက်

အရည်အသွေးမြင့်မားတဲ့အစီအစဉ်များ ထပ်မံထုတ်လွှင့်နိုင်ရေးအတွက် ကိုယ်စွမ်းဉာဏ်စွမ်းရှိသမျှ ဆက်လက်ကြိုးပမ်းသွားမည်ဖြစ်ကြောင်း ရိုသေလေးစားစွာဖြေကြားအပ်ပါတယ်။ (ဩဘာသံများ)

**Union Level ဒွိဟ သို့မဟုတ် ပြည်ထောင်စုအဆင့် ဖွင့်ဆိုခြင်း၏ နောက်ဆက်တွဲ ဆန်းစစ်ချက် ဆိုသည့် ဆောင်းပါးနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး (အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦး ဖြစ်ပါတယ်။ လေးစားအပ်ပါသော လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်သူ့လွှတ်တော် ဥပဒေရေးရာကော်မရှင်အနေဖြင့် ၂-၉-၂၀၁၂ မြန်မာ့အလင်းသတင်းစာနှင့် ၄-၉-၂၀၁၂ မြဝတီသတင်းစာတို့မှာ ဒေါက်တာမာလာအောင်၊ ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ရေးသားသည့် Union Level ဒွိဟ သို့မဟုတ် ပြည်ထောင်စုအဆင့် ဖွင့်ဆိုခြင်း၏ နောက်ဆက်တွဲဆန်းစစ်ချက်ဆိုသည့် ဆောင်းပါးကို ဖတ်ရှုပြီးပါပြီလား။ ဖတ်ရှုပြီးပြီဆိုပါက ထိုဆောင်းပါးအပေါ် ဥပဒေရေးရာကော်မရှင်အနေနှင့် မည်ကဲ့သို့ ထင်မြင်ပါသလဲ။ မေးခွန်း (၂) ဒေါက်တာမာလာအောင်သည် ဒုတိယပါမောက္ခချုပ်၊ ရန်ကုန်အရှေ့ပိုင်းတက္ကသိုလ်ဟု ဖော်ပြထားပါတယ်။ ဤပုဂ္ဂိုလ်သည် တက္ကသိုလ်တွင် လက်ရှိ တာဝန်ထမ်းဆောင်နေခြင်း ဟုတ်၊ မဟုတ်နှင့် ဟုတ်လျှင် ဒေါက်တာမာလာအောင်၏ ရေးသားဖော်ပြချက်အပေါ် သက်ဆိုင်ရာဝန်ကြီးဌာနက မည်သို့ သဘောထားမှတ်ချက်ပြုသည်ကို သိရှိလိုကြောင်း တင်ပြအပ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ရဲ့ ပြည်သူ့လွှတ်တော်ခန်းမတွင်းမှာ ပြန်ကြားရေးဒုတိယဝန်ကြီးလည်း ရောက်ရှိနေတဲ့အတွက် ပြန်ကြားရေးဆိုင်ရာမေးခွန်းကို ဆက်လက်မေးမြန်းတင်ပြခွင့်ပြုပါရန် လေးစားစွာ ခွင့်တောင်းခံအပ်ပါတယ်ခင်ဗျား။ ဥက္ကဋ္ဌကြီးခင်ဗျား။ ယခုလိုအခြေအနေမျိုးမှာ နိုင်ငံပိုင်သတင်းစာများတွင် Union Level ဒွိဟ သို့မဟုတ် ပြည်ထောင်စုအဆင့်ဖွင့်ဆိုခြင်း၏ နောက်ဆက်တွဲ ဆန်းစစ်ချက်ဆိုသည့် ဆောင်းပါးကို ဖော်ပြခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုကိုတွက်ဆပြီး ဖော်ပြပေးခြင်း ဟုတ်၊ မဟုတ် သိရှိလိုပါကြောင်း ဥက္ကဋ္ဌကြီးမှတစ်ဆင့် လေးစားစွာ မေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းနဲ့ပတ်သက်ပြီး ဦးစွာ ပြည်သူ့လွှတ်တော် ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်က ဖြေကြားဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးဘရှိန်( အဖွဲ့ဝင်၊ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ ဆန်းစစ်လေ့လာသုံးသပ်ရေးကော်မရှင်)**

။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ကြွရောက်လာကြတဲ့ ဧည့်သည်တော်များအားလုံးကို မင်္ဂလာပါလို့ ဦးစွာပထမ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်က ရခိုင်ပြည်နယ်၊ ကျောက်ဖြူမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ပါ။ ပြည်သူ့လွှတ်တော်မှာ ဖွဲ့စည်းထားတဲ့ ဥပဒေရေးရာကော်မရှင်ရဲ့ အဖွဲ့ဝင်တစ်ဦးလည်းဖြစ်ပါတယ်။ ဒီနေ့ ပြည်သူ့လွှတ်တော်မှာ အမရပူရမဲဆန္ဒနယ်မှ ဦးသိန်းထွန်းဦး မေးမြန်းတဲ့ မေးခွန်းသုံးခုအနက်က ကျွန်တော်တို့ကော်မရှင်နဲ့ သက်ဆိုင်တဲ့ မေးခွန်းနံပါတ်(၁)ကို ဖြေကြားပါမယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ဥပဒေပညာရှင်တစ်ယောက် မဟုတ်ပါဘူး။ ကျွန်တော်က မူလကဆိုလို့ရှိရင် ဒဿနိကဗေဒနဲ့ မဟာ ဝိဇ္ဇာဘွဲ့ရအောင် ရန်ကုန်တက္ကသိုလ်မှာ ပညာသင်ကြားပြီးတဲ့နောက်ပိုင်းမှာမှ ဥပဒေပညာကိုသင်ယူပြီး နှစ်ပေါင်း ၃၀ ကျော်လောက် ဥပဒေပညာနဲ့အသက်မွေးဝမ်းကျောင်းနေတဲ့ ရှေ့နေတစ်ဦးပါ။ ဒါပေမယ့် ဒီဥပဒေရေးရာကော်မရှင်မှာ အဖွဲ့ဝင်တစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် ဥပဒေရေးရာကော်မရှင်မှာပါဝင်တဲ့ ကော်မရှင်အဖွဲ့ဝင်များနဲ့ တိုင်ပင်ပြီး ဒီဆွေးနွေးတိုင်ပင်ချက်ကို အခြေခံပြုပြီး ဦးသိန်းထွန်းဦးရဲ့ မေးမြန်းချက်ကို ဖြေကြားပါ့မယ်။ ၂-၉-၂၀၁၂ ရက်နေ့ မြန်မာ့အလင်းသတင်းစာနှင့် ၄ - ၉ - ၂၀၁၂ ရက်နေ့ မြဝတီသတင်းစာတို့မှာ ဒေါက်တာမာလာအောင် အမည်နဲ့ရေးသားတဲ့ဆောင်းပါးကို ကျွန်တော်ဖတ်မိပါတယ်။ ဒီဆောင်းပါးပါအကြောင်းအရာများကို လွှတ်တော်မှာ တင်ပြခွင့်ရလို့ရှိရင် တင်ပြနိုင်အောင်ဆိုပြီးတော့ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဥပဒေရေးရာကော်မရှင်မှာလည်း ကျွန်တော်တို့ ယခင်ကပင်ဆွေးနွေးညှိနှိုင်းမှုတွေရှိခဲ့ပါတယ်။ အဲဒီဆောင်းပါးမှာ ရေးသားထားတာတွေကို ကျွန်တော်တို့လေ့လာလိုက်တဲ့အခါ ဆောင်းပါးဟာ တဖက်သတ်အမြင်၊ မှန်ကန်မှုမရှိတဲ့အမြင်တို့ဖြင့် တင်ပြထားတာဖြစ်ပါတယ်။ ဆောင်းပါးရှင်ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့အရေးပါပုံကို တင်စားဖော်ပြထားပြီး လွယ်လင့်တကူပြင်ဆင်နိုင်သည့် အလေ့အထမရှိကြောင်းကိုလည်း ဖော်ပြထားပါတယ်။ ဒါပေမယ့် ဆောင်းပါးရှင်ကိုယ်တိုင်က ဖွဲ့စည်းပုံအခြေခံဥပဒေကို ကောင်းစွာနားမလည်တဲ့အတွက်ကြောင့် အခြေခံဥပဒေပါပြဋ္ဌာန်းချက်တွေကို မျက်ကွယ်ပြုရေးသားထားတာတွေလည်း တွေ့ရပါတယ်။ ဆောင်းပါးရှင်အနေနဲ့

ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်နှင့် ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဆိုတာကို ခွဲခြားပြီးတော့ လေ့လာထားပုံမရဘူးဆိုတာ တွေ့ရပါတယ်။ သူ့ရဲ့ဆောင်းပါးမှာ တရားရုံးများ၊ ခုံရုံးများသို့ အဆုံးအဖြတ်ခံယူရန် တင်သွင်းလျှောက်ထားခြင်းဟာ အဆိုပါခုံရုံးများရဲ့ အဆုံးအဖြတ်ကို လိုက်နာပါမည်လို့ သဘောတူညီချက်ပေးရာရောက်ကြောင်း၊ မြန်မာနိုင်ငံနှင့် ဘင်္ဂလားဒေ့ရှ် နိုင်ငံနှစ်နိုင်ငံအကြားမှာ ရေနယ်နိမိတ်သတ်မှတ်ရေးကိစ္စမှာ ဖြစ်ပွားခဲ့တဲ့အမှုကို ဥပမာပေးထားပါတယ်။ ဒီဥပမာနဲ့ အခုကျွန်တော်တို့ လွှတ်တော်အသီးသီးနဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးတို့ကြားမှာ ဖြစ်ပွားနေတဲ့အကြောင်းအရာတွေ ဘာမှမဆိုင်ပါဘူး။ အဲဒီနှစ်နိုင်ငံအမှုဟာ အပြည်ပြည်ဆိုင်ရာဥပဒေအရ ငြိမ်းချမ်းစွာ ဖြေရှင်းခြင်းနဲ့သက်ဆိုင်ပြီးတော့ အခု နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေ ဆိုင်ရာခုံရုံးရဲ့ လွှတ်တော်ကော်မတီနှင့် ကော်မရှင်များရဲ့ ပြည်ထောင်စုအဆင့်အဖွဲ့အစည်း ဖြစ်၊ မဖြစ်ဆိုသော စကားရပ် အပေါ်မှာ အနက်အဓိပ္ပာယ်ဖွင့်ဆိုတဲ့ အဆုံးအဖြတ်ကို တရားဝင်ပြစ်တင်ဝေဖန်ခြင်း ပြုလုပ်တာ တရားရုံးအားမထီမဲ့မြင်ပြုမှု ( Contempt of Court ) ဖြင့် တရားစွဲဆိုခြင်း ခံရနိုင်တယ်လို့ ရေးသားပါတယ်။ ဒီလိုရေးသားထားတာ ဘာမှမဆိုင်တဲ့ဥပမာကို ပေးလိုက်တာဖြစ်တယ်ဆိုတာ ကျွန်တော်တို့ သုံးသပ်တွေ့ရှိရပါတယ်။ ခုံရုံးကချမှတ်ထားတဲ့ ဆုံးဖြတ်ချက်အပေါ်မှာ မလိုက်နာဘဲ စွပ်စွဲပြစ်တင်ခြင်းဟာ တရားရုံးများကို မထီမဲ့မြင်ပြုမှုကို ဦးတည်နေတယ်လို့ စွပ်စွဲထားတာကိုလည်း တွေ့ရပါတယ်။ ဒီကိစ္စဟာ သာမန်တရားရုံး လုပ်နည်းလုပ်ဟန်ကိစ္စမျိုး မဟုတ်ပါဘူး။ ဥက္ကဋ္ဌကြီးခင်ဗျား။ လွှတ်တော်ရဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေကိစ္စ လုပ်ဆောင်ချက်တွေဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေအနေနဲ့ နိုင်ငံတော်သမ္မတ၊ ဒုတိယသမ္မတနှင့် ပြည်ထောင်စုတရားသူကြီးတွေကိုပင် ဒီပုဂ္ဂိုလ်တွေရဲ့ ဆောင်ရွက်မှုတွေဟာ ဥပဒေနှင့်ကင်းကွာနေလို့ရှိလျှင် စွပ်စွဲပြစ်တင်၊ အရေးယူ ဆောင်ရွက်နိုင်ခြင်း ပြုလုပ်နိုင်ပါတယ်။ ဒီလိုဆောင်ရွက်တာကို သာမန်တရားရုံးများ မထီမဲ့မြင်ပြုမှုကိစ္စနဲ့ နိုင်းယှဉ်ရေးသားတာကတော့ အလွန်မှအရုပ်ဆိုးလှပါတယ်။ မစပ်ဟပ်တဲ့ ကိစ္စတစ်ခုလို့ပဲ ကျွန်တော်တို့ သုံးသပ်ရရှိကြောင်း တင်ပြလိုပါတယ်။

ဖွဲ့စည်းပုံအခြေခံဥပဒေက လွှတ်တော်များကိုသာ စွပ်စွဲပြစ်တင်ခြင်းဆိုင်ရာ လုပ်ပိုင်ခွင့်ကို ပေးထားတာဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ ဖွဲ့စည်းပုံအခြေခံဥပဒေက ပေးအပ်ထားတဲ့တာဝန်ကို မကျေပွန်တဲ့အတွက် စွပ်စွဲပြစ်တင်ခြင်းကို ဆောင်ရွက်တာဖြစ်တယ်။ ဆောင်းပါးရှင်ရဲ့ ရေးသားချက်ကိုကြည့်လို့ရှိရင် ဒီရေးသားချက်ဟာ ဥပဒေပညာရှင်များနဲ့ ဥပဒေလောကသားတစ်ခုလုံးကို အထင်အမြင်သေးစေတဲ့လုပ်ဆောင်ချက် ဖြစ်တယ်ဆိုတာလည်း တွေ့ရပါတယ်။ လွှတ်တော်များ

ကိုလည်း သတင်းစာဖတ်ပြည်သူများက အထင်အမြင်လွဲမှားစေနိုင်အောင် လုပ်တဲ့လုပ်ရပ်လို့လည်း ကျွန်တော်တို့ သုံးသပ်ရရှိပါတယ်။ အထူးသဖြင့် ပြန်ကြားရေးဝန်ကြီးဌာနက ထုတ်ဝေတဲ့ နိုင်ငံတော်ပိုင်သတင်းစာမှာ ပါရှိလာတဲ့ ဥပဒေဆောင်းပါးအဆင့်အတန်း ဒီလိုထိုက်တန်တဲ့ အဆင့်အတန်း မဟုတ်တာလည်း သုံးသပ်ရကြောင်း တွေ့ရပါတယ်။

ဥက္ကဋ္ဌကြီးခင်ဗျား။ ကော်မရှင်မှာပါဝင်တဲ့ ပြည်သူ့ကိုယ်စားလှယ်မဟုတ်တဲ့ နိုင်ငံသားများရဲ့ မှားယွင်းစွာအကြံပြုမှုအတွက် ၎င်းတို့၏တာဝန်ကို မည်သူခံယူပါမည်လဲလို့ ဆောင်းပါးရှင်က မေးခွန်းထုတ်ထားပါသေးတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁၂ ပုဒ်မခွဲ(ဃ)၊ ပုဒ်မ ၁၁၅ နှင့် ၁၁၈ တို့နှင့်အညီ ဆောင်ရွက်တာဖြစ်လို့ လွှတ်တော်ရဲ့လုပ်ငန်းကို ဆောင်ရွက်နေတဲ့ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌမှာ ဒီကိစ္စနဲ့ပတ်သက်ပြီးတော့ ဘာတာဝန်မှမရှိကြောင်းကိုလည်း ဖြေကြားလိုပါတယ်။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ လေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်အဖွဲ့ဝင်တွေ ကို သက်ဆိုင်ရာ နယ်ပယ်အသီးသီးမှ ဥပဒေရေးရာ၊ အပြည်ပြည်ဆိုင်ရာ၊ နိုင်ငံရေးရာ၊ လူမှုရေးရာနှင့် စီးပွားရေးရာ ပညာရှင်များနဲ့ အတွေ့အကြုံရှိသူများကို ပေါင်းစပ်ဖွဲ့စည်းထားတာ ဖြစ်ပါတယ်။ ကော်မရှင်မှာ လွှတ်တော်ကိုယ်စားလှယ်တွေနဲ့ လွှတ်တော်ကိုယ်စားလှယ်မဟုတ်တဲ့ နိုင်ငံသားများ ပညာရှင်များလည်း ပါဝင်ကြပါတယ်။ အဖွဲ့ဝင်တစ်ဦးချင်းနဲ့ စုပေါင်းတာဝန်ယူညှိနှိုင်းကြမှုနှင့် ဆောင်ရွက်မှုတွေလည်း ရှိကြပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေရဲ့ အနှစ်သာရဖြစ်တဲ့ အပြန်အလှန် ထိန်းကျောင်းမှုယန္တရားနှင့် ညီမျှစေတဲ့ချိန်ခွင်လျှာကို ပျက်စီးစေတာလည်းခုံရုံးရဲ့ လုပ်ဆောင်ချက် ဖြစ်တယ်ဆိုတာကို တင်ပြလိုပါတယ်။ လွှတ်တော်မှာ ကော်မတီ၊ ကော်မရှင်များဟာ ခုံရုံးဆုံးဖြတ်ထားသလို ပြည်ထောင်စုအဆင့် အဖွဲ့အစည်းမဟုတ်လို့ရှိရင် ဝန်ကြီးဌာနများရဲ့ ဆောင်ရွက်ချက်တွေကို Check and Balance ဘယ်လိုလုပ်နိုင်ပါ့မလဲ။ ဒါထည့်သွင်းစဥ်းစားဖို့ လိုပါတယ်။ လွှတ်တော်ဆိုတာ ပြည်သူလူထုရဲ့အဓိက လိုအပ်ချက်ဖြစ်တဲ့ စားဝတ်နေရေး၊ ကျန်းမာရေး၊ ပညာရေး၊ ယဉ်ကျေးမှု၊ လုံခြုံရေးကဏ္ဍများနဲ့ပတ်သက်လို့ ဥပဒေပြုရေးဆိုင်ရာ အရေးကြီးတဲ့တာဝန်ကို ထမ်းဆောင်ရတဲ့ အဖွဲ့အစည်းဖြစ်တယ်ဆိုတာလည်း သုံးသပ်တင်ပြလိုပါတယ်။

လွှတ်တော်နဲ့ လွှတ်တော်ကော်မတီများရဲ့ အဆင့်အနေအထားကို ဆောင်းပါးရှင်က ကိုယ်တိုင် သတ်မှတ်ပြီး ထင်မြင်ချက်ကို ဖော်ပြထားခြင်းကိုလည်း ကျွန်တော်တို့ တွေ့မြင်ရပါတယ်။ အမှန်ကတော့ ပြည်ထောင်စုလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(စ)၊ ပြည်သူ့လွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)၊ အမျိုးသားလွှတ်တော်ဆိုင်ရာဥပဒေပုဒ်မ ၂ ပုဒ်မခွဲ(ဇ)၊ ပြည်ထောင်စု ရွေ့နေချုပ်

ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဂ)၊ ပြည်ထောင်စုစာရင်းစစ်ချုပ်ဥပဒေ ပုဒ်မ ၂ ပုဒ်မခွဲ(ဃ)တို့မှာ ပြည်ထောင်စု အဆင့် အဖွဲ့အစည်းဆိုတဲ့အဓိပ္ပာယ်ကို အတိအလင်းဖွင့်ဆိုထားပါတယ်။ ဒါပေမယ့် ဆောင်းပါးရှင်က ဥပဒေပြဋ္ဌာန်းချက်တွေကို အသိအမှတ်မပြုပဲနဲ့ ရေးသားထားတယ်ဆိုတာ တွေ့ရပါတယ်။ ဖွဲ့စည်းပုံ အခြေခံဥပဒေအပြင် နောက်ထပ်ပြဋ္ဌာန်းဥပဒေတွေ ရှိပါတယ်။ ဒီဥပဒေတွေမှာ ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်၊ ပြည်ထောင်စုအဆင့် အဖွဲ့အစည်းဆိုပြီး ဥပဒေမှာ သေသေချာချာ ခွဲခြားပြဋ္ဌာန်းထားတာ ရှိပါတယ်။ ဆောင်းပါးရှင်က ဒါကိုမသိဘူးနဲ့ တူပါတယ်ခင်ဗျား။ ဆောင်းပါးရှင်ရဲ့အမြင်ဟာ တစ်ဖက်သတ် အမြင်နဲ့မှားယွင်းတဲ့ ဆောင်းပါးကိုရေးသားထားတာဖြစ်ပါတယ်။ ဥပဒေပညာရှင်များနှင့် ဥပဒေ လောကတစ်ခုလုံးကို အရှက်ရစေတဲ့ ဆောင်းပါးလို့ပြောရင်လည်း မမှားပါဘူး။ ဒီဆောင်းပါးဟာ နိုင်ငံတော်ပိုင်သတင်းစာနှစ်စောင်မှာ ပါရှိလာတာကလည်း ဆောင်းပါး ရဲ့နောက်ကွယ်မှာ ပယောဂ တစ်စုံတရာများရှိနေသလားလို့ မေးခွန်းထုတ်စရာ ရှိနေပါတယ်။ ဒီလို အချိန်အခါမျိုးမှာ မီးလောင်ရာလေပင့်၊ ပွဲလန့်တုန်းဖျာခင်း မပြုလုပ်သင့်ပါဘူးလို့ ပြောကြားတင်ပြရင်း ကျွန်တော့် ဖြေကြားချက်ကို နိဂုံးချုပ်အပ်ပါ တယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းထွန်းဦးရဲ့ မေးခွန်းနံပါတ် ၂ အချက်ကို သက်ဆိုင်ရာ ပြည်ထောင်စု ပညာရေးဝန်ကြီးဌာနက ဖြေကြားဖို့ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးအေးကြူ(ဒုတိယဝန်ကြီး၊ ပညာရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော် ကိုယ်စားလှယ်များအားလုံးကို ရိုသေလေးစားပါတယ်ခင်ဗျား။ ကျွန်တော်တို့ မန္တလေးတိုင်းဒေသကြီး၊ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့ မေးခွန်းထဲက အပိုဒ်(ခ) ဒေါက်တာမာလာအောင်သည် ဒုတိယပါမောက္ခချုပ် တာဝန်ဖြင့် ရန်ကုန်အရှေ့ပိုင်း တက္ကသိုလ်တွင် လက်ရှိတာဝန်ထမ်းဆောင်နေဆဲ ဖြစ်ကြောင်း ဦးစွာတင်ပြလိုပါတယ်။ ဒုတိယအချက်နဲ့ ပတ်သက်လို့ ဆောင်းပါးအတွက် ဝန်ကြီးဌာနအနေဖြင့် သီးခြားညွှန်ကြားချက် ထုတ်ပြန်ထားခြင်းမရှိပါကြောင်း တင်ပြဖြေကြားအပ်ပါတယ်။ ကျေးဇူးတင်ပါတယ် ။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ မေးခွန်းရဲ့တတိယ ယခုလိုအခြေအနေမျိုးတွင် နိုင်ငံပိုင်သတင်းစာများတွင် ဖော်ပြခြင်းဖြင့် ဖြစ်ပေါ်လာနိုင်သည့် အကျိုးသက်ရောက်မှုကိုတွက်ဆပြီး ဖော်ပြပေးခြင်း ဟုတ်၊ မဟုတ် သိလိုပါသည်လို့ဆိုသည့် မေးခွန်းနှင့်ပတ်သက်ပြီး ပြန်ကြားရေးဝန်ကြီးဌာနက ဖြေဆိုနိုင်က ဖြေဆိုပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးရဲထွင်(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ လေးစားအပ်ပါသောပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များအားလုံး မင်္ဂလာပါခင်ဗျား။ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်းဦးရဲ့ Union Level ဒွိဟ သို့မဟုတ် ပြည်ထောင်စု အဆင့်ဖွင့်ဆိုခြင်း၏ နောက်ဆက်တွဲ ဆန်းစစ်ချက်ဆောင်းပါးနှင့်ပတ်သက်၍ ၅-၉-၂၀၁၂ ပြည်သူ့ လွှတ်တော် အစည်းအဝေးနှင့်ပြန်ကြားရေးဝန်ကြီးဌာနနှင့် ပညာရေးဝန်ကြီးဌာနတို့က ဖြေကြား ပေးရန်ရှိကြောင်း အကြောင်းကြားချက်ကို ၄-၉-၂၀၁၂ ရက်နေ့ ည ၈ နာရီမှာ ကျွန်တော်တို့ ပြန်ကြားရေးဝန်ကြီးရုံးက လက်ခံရရှိခဲ့ပါတယ်။ လွှတ်တော်ရဲ့မေးခွန်းများကို ဖြေကြားရာမှာ တိကျ မှန်ကန်မှုရှိဖို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများ သိရှိလိုတဲ့အချက်အလက်ကို ပြည့်ပြည့်စုံစုံပါဝင် နိုင်ဖို့အတွက် လိုက်နာရမယ့်အချက်များကို ပြည်ထောင်စုအစိုးရအဖွဲ့ရုံး၏ ၂-၁-၂၀၁၂ ပါ ရက်စွဲပါ စာအမှတ် ၂၁/ ၂၃၇ / အထွေထွေ အ.ဖ.ရ/၂၀၁၂ အရ လုပ်ထုံးလုပ်နည်းများ၊ ညွှန်ကြားချက်များကို ထုတ်ပြန်ထားပြီးဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အမရပူရမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းထွန်း၏မေးခွန်းကို ဖြေကြားရမယ့်ကိစ္စဟာ လုပ်ထုံးလုပ်နည်းများအရ ဆောင်ရွက်ပြီးမှသာ ပြည်သူ့လွှတ်တော်သို့ ပြည့်ပြည့်စုံစုံပြန်လည်ဖြေကြား ခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးသိန်းထွန်းဦး(အမရပူရမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ ပြည်သူ့လွှတ်တော်ဆိုင်ရာနည်းဥပဒေ ၁၁၆ နည်းဥပဒေခွဲ(ဃ)အရ ပြန်ကြားရေးဝန်ကြီးအား ကျွန်တော့်အနေနဲ့ တစ်ဆက်တစ်စပ်တည်းမေးခွန်းကို မေးမြန်းတင်ပြခွင့်ပြုပါခင်ဗျား။ ကျွန်တော့်ရဲ့ မေးခွန်းနဲ့ပတ်သက်ပြီးတော့ မည်သည့်ရက်လောက်မှာ ပြန်လည်ဖြေကြားပေးမည်ကိုသိရှိလိုပါကြောင်း လေးစားစွာမေးမြန်းတင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဦးရဲထွင်(ဒုတိယဝန်ကြီး၊ ပြန်ကြားရေးဝန်ကြီးဌာန)**။ ။ ဒီမေးခွန်းဟာ အရေးလည်းကြီး ပါတယ်ခင်ဗျား။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်ကြီးများလည်း စိတ်ဝင်စားတဲ့မေးခွန်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ဝန်ကြီးဌာနအနေနဲ့လည်း ပြည့်ပြည့်စုံစုံပြန်လည်ဖြေကြားနိုင်ဖို့ ကြိုးစား ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက်ကြောင့်မို့လို့ လာမယ့်အပတ် တနင်္လာနေ့မှာ ကျင်းပမယ့် အစည်းအဝေးကျမှ ဖြေကြားခွင့်ပြုပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**စုံစမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆွေနှင့် အဖွဲ့ဝင်များကို ကန့်ကွက်ခဲ့သည့် ယင်းကန့်ကွက်ချက်အပေါ် ဥပဒေရေးရာ ကော်မရှင် အနေဖြင့် မည်သို့သုံးသပ်ရရှိကြောင်းနှင့်စပ်လျဉ်းသည့်မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ယင်းမာပင်မဲဆန္ဒနယ်မှ ဦးသောင်းဟန်မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးသောင်းဟန်(ယင်းမာပင်မဲဆန္ဒနယ်)**။ ။ အားလုံးမင်္ဂလာပါခင်ဗျား။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ယင်းမာပင်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသောင်းဟန် ဖြစ်ပါတယ်။ ယခုကျွန်တော့်အနေနဲ့ သိရှိလိုတဲ့မေးခွန်းတစ်ခုကိုတင်သွင်းမေးမြန်းသွားမှာဖြစ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးရဲ့ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၃ ရက် သတင်းထုတ်ပြန်ချက် (၂/၂၀၁၂) တွင် ပြည်သူ့လွှတ်တော်ကစုံစမ်းရေးအဖွဲ့ဖွဲ့စည်းရာမှာ စွပ်စွဲပြစ်တင်ရန်လက်မှတ်ရေးထိုးခဲ့သော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၀၁ ဦးတို့အနက်မှ ဥက္ကဋ္ဌအဖြစ်လည်းကောင်း၊ အဖွဲ့ဝင်အဖြစ်လည်းကောင်း ဆောင်ရွက်ခြင်းမပြုနိုင်ကြောင်းနှင့် ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းထားတဲ့ စုံးစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆွေနှင့်အဖွဲ့ဝင်များကို ကန့်ကွက်ခဲ့သည်ဟု ၄-၉-၂၀၁၂ ရက်နေ့ထုတ်သတင်းစာများတွင် ကျွန်တော်ဖတ်ရှုတွေ့ရှိခဲ့ရပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ယင်းကန့်ကွက်ချက်အပေါ် ပြည်သူ့လွှတ်တော် ဥပဒေရေးရာကော်မရှင်အနေဖြင့် မည်သို့သုံးသပ်ရရှိကြောင်းကိုသိရှိလိုပါ၍ ရှင်းလင်းဖြေကြားပေးပါရန် လေးစားစွာဖြင့် မေးမြန်းအပ်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာတာဝန်ရှိကော်မရှင်အဖွဲ့ဝင်မှ ဖြေကြားပေးဖို့ ဖြစ်ပါတယ်။

**ဖြေကြားချက်**

**ဦးမန်းမောင်မောင်ဉာဏ်(အဖွဲ့ဝင်၊ ဥပဒေရေးရာနှင့်အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်က ဧရာဝတီတိုင်းဒေသကြီး၊ ပန်းတနော်မဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးမန်းမောင်မောင်ဉာဏ်ဖြစ်ပါတယ်။ ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များလေ့လာဆန်းစစ်သုံးသပ်ရေးကော်မရှင်ရဲ့ ကော်မရှင်အဖွဲ့ဝင်ပဲဖြစ်ပါတယ်။ အဆိုရှင် ဦးသောင်းဟန်၊ ယင်းမာပင်မဲဆန္ဒနယ်က တင်ပြထားတဲ့၊ မေးထားတဲ့မေးခွန်းနှင့် ပတ်သက်ပြီးတော့ လေ့လာစုံစမ်းသုံးသပ်လို့ရတဲ့ဟာလေးကို တင်ပြပါ့မယ်။

ပထမအချက်က ဖွဲ့စည်းပုံအခြေခံဥပဒေခုံရုံးကသတင်းထုတ်ပြန်တဲ့ (၂/၂၀၁၂) စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌကို အဖွဲ့ဝင်များဘက်ကနေကန့်ကွက်ထားတဲ့စာကို ထုတ်ပြန်ထားတာတွေ့ရပါတယ်။ ဒုတိယတစ်ချက်က ဒီကန့်ကွက်စာရဲ့အပိုဒ် ၂ မှာ ပြည်သူ့လွှတ်တော်က စုံစမ်းစစ်ဆေးရေးအဖွဲ့ဖွဲ့စည်းတဲ့နေရာမှာ ထိုပုဂ္ဂိုလ် ၃၀၁ ဦးက စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌအဖြစ်သော်လည်းကောင်း၊ အဖွဲ့ဝင်အဖြစ်သော်လည်းကောင်း ဆောင်ရွက်ခြင်း မပြုနိုင်ပါ။ ဤသဘောတရားကို ပြစ်မှုဆိုင်ရာဥပဒေကျင့်ထုံး၊ ပုဒ်မ ၅၅၆ တွင်လည်းကောင်း၊ ယခင် နိုင်ငံတော်ကောင်စီရုံးမှထုတ်ပြန်သည့် ဝန်ထမ်းစည်းကမ်း ထိန်းသိမ်းရေးလက်စွဲစာအုပ်အပိုဒ် ၄၁ တွင်လည်းကောင်းပြဆိုထားပါသည်လို့ ဖော်ပြထားပါတယ်။ PREM'S Law of Habeas Corpus, Certiorari, Mandamus and Emergency Legislation မှာလေ့လာတဲ့အခါကျတော့ ဘယ်သူမှမိမိပါဝင်ပတ်သက်နေတဲ့ အမှုကိစ္စမှာပါဝင်စီရင်ဆုံးဖြတ်ခြင်း မရှိစေရလို့ အဓိပ္ပာယ်ဖော်ပြထားတာရှိပါတယ်။ ဒီဥပဒေတစ်ရပ်လုံးဟာ တစ်ကမ္ဘာလုံးရဲ့ တရားမျှတသောတရားစီရင်ရေးမှာ အထွတ်အထိပ်သတ်မှတ်ထားတဲ့ ဥပဒေမူသဘောတရားဖြစ်တယ် လို့ဖော်ပြထားပါတယ်။ Rule of Natural Justice သဘာဝသဘောတရားမှာ တရားမျှတမှုဆိုင်ရာ နည်းဥပဒေတွေမှာ လက်တင်ဘာသာဖြင့် ရေးထားတာရှိပါတယ်။ (Nemo Judex in Causa Sua ) (No Man Shall be Judged in his Own Case အဓိပ္ပာယ်ကတော့ ဘယ်သူမှမိမိအကျိုးစီးပွားနှင့် သက်ဆိုင်တဲ့အမှုကိစ္စတွေမှာ စီရင်ဆုံးဖြတ်ခြင်း မပြုရဘူးလို့ အဓိပ္ပာယ်ဖော်ပြထားပါတယ်။ ဒီနေရာမှာ အထက်ပါသဘောတရားမှာ တရားစီရင်ရေးကိစ္စနှင့်စပ်လျဉ်းပြီးတော့ Judge and Magistrate အဲ့ဒီအပေါ်မှာပဲ သဘောတရားအရ စောင့်ထိန်းရတဲ့ ထိန်းကွပ်တဲ့သဘော၊ တရားစီရင်ရေးဆိုင်ရာမူ တစ်ရပ်သာဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိစ္စရပ်များနှင့်ပတ်သက်ပြီးတော့ လုံးဝမသက်ဆိုင်ပါဘူး။ နောက်တစ်ချက်က အဲ့ဒီကန့်ကွက်လွှာမှာ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၅၆ မှာလည်းပဲ တရားသူကြီးကိုယ်တိုင်အမှုသည်ဖြစ်နေတဲ့ကိစ္စ သို့မဟုတ် ၎င်းပုဂ္ဂိုလ်ဆိုင်ရာအကျိုးစီးပွား Personal Interest ပါဝင်နေတဲ့အမှုများကို စစ်ဆေးဆုံးဖြတ်ခြင်းမပြုရန်နှင့် မိမိကိုယ်တိုင်တရားစီရင် ဆုံးဖြတ်ခဲ့တဲ့အမှုများအပေါ်မှာ အယူခံမှုကိုစစ်ဆေးစီရင်ဆုံးဖြတ်ခြင်းမပြုရန် တားမြစ်ထားတာဖြစ်ပါတယ်။ နောက် အဲ့ဒီအမှုကိစ္စ တရားစီရင်ရေးဆိုင်ရာကိစ္စမဟုတ်တဲ့အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာပြဿနာသာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များအတိုင်း တိကျစွာ ဆောင်ရွက်ရန်သာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးအပေါ် စွပ်စွဲပြစ်တင်ခြင်းအဆိုကို အမျိုးသားလွှတ်တော်က စတင်

အဆိုပြုခဲ့တာ ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁၊ ပုဒ်မ ၃၀၂၊ ပုဒ်မ ၃၃၄ တို့အရ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များ၏ သုံးပုံနှစ်ပုံကျော်က အတည်ပြု ဆုံးဖြတ်ခဲ့ခြင်းလည်း ဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁၊ ပုဒ်မ ၃၀၂၊ ပုဒ်မ ၃၃၄ တို့အရ ဖွဲ့စည်းပုံ အခြေခံဥပဒေဆိုင်ရာခုံရုံးအပေါ် စွပ်စွဲပြစ်တင်ခြင်း၊ ကြားနာခြင်း၊ ဆုံးဖြတ်ခြင်းတို့နှင့် စပ်လျဉ်းပြီးတော့ ပြဋ္ဌာန်းတဲ့အချက်တွေကို နည်းနည်းတင်ပြပါ့မယ်။ (၁) ပြည်ထောင်စုလွှတ်တော်တွင် ပါဝင်တဲ့ လွှတ်တော်နှစ်ရပ်မှ လွှတ်တော်တစ်ရပ်ရပ်၏ ကိုယ်စားလှယ်စုစုပေါင်းဦးရေအနက် အနည်းဆုံး လေးပုံတစ်ပုံက လက်မှတ်ရေးထိုးပြီးတော့ မိမိတို့စွပ်စွဲချက်ကို သက်ဆိုင်ရာလွှတ်တော် အကြီးအမှူးထံ တင်ပြရပါမယ်။ နံပါတ်(၂) အဲ့ဒီစွပ်စွဲချက်ကို သက်ဆိုင်ရာလွှတ်တော်က လွှတ်တော် ကိုယ်စားလှယ်များရဲ့ စုစုပေါင်းဦးရေအနက် အနည်းဆုံးသုံးပုံနှစ်ပုံက ထောက်ခံလာလို့ရှိရင် ဆက်လက်ပြီးတော့ အရေးယူဆောင်ရွက်ရမယ်။ နံပါတ်(၃) လွှတ်တော်တစ်ရပ်ရပ်က စွပ်စွဲချက်ကို အရေးယူဆောင်ရွက်ဖို့အတွက် ထောက်ခံလာလို့ရှိရင် အခြားလွှတ်တော်တစ်ရပ်က အဲ့ဒီစွပ်စွဲချက်ကို အဖွဲ့ဖွဲ့ပြီးတော့ စုံစမ်းစစ်ဆေးရမယ်လို့ ဖွဲ့စည်းပုံအခြေခံဥပဒေမှာဆိုထားပါတယ်။ ဖွဲ့စည်းပုံအခြေခံ ဥပဒေအရ အမျိုးသားလွှတ်တော်က စွပ်စွဲပြစ်တင်မှုအဆိုကို အတည်ပြုဆုံးဖြတ်ပြီးတော့ အဲ့ဒီစွပ်စွဲချက်ကို ပြည်သူ့လွှတ်တော်က ကြားနာဆုံးဖြတ်ရမှာ အခြေခံဥပဒေပြဋ္ဌာန်းချက်ဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ ဖွဲ့စည်းခြင်းမှာလည်းပဲ အခြေခံဥပဒေနှင့်အညီ ဖွဲ့စည်းခဲ့ခြင်း ဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၀၁ ဦးက လက်မှတ်ရေးထိုးထားသည်ဆိုသော်လည်းပဲ အဆို စတင်စဥ်တုန်းက ပြည်သူ့လွှတ်တော်က ပြုလုပ်ခဲ့ခြင်းမဟုတ်ပါဘူး။ အမျိုးသားလွှတ်တော်က ပြုလုပ်ခဲ့ခြင်းသာ ဖြစ်ပါတယ်။ ဒီကိစ္စနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ Personal Interest မဟုတ်ပါဘူး။ အမှုတွင်ပါဝင်တဲ့အမှုသည်များလည်း မဟုတ်ပါဘူး။ ဖွဲ့စည်းပုံအခြေခံဥပဒေ အရ ပြည်သူ့လွှတ်တော်ကို ကိုယ်စားပြုသူများပဲဖြစ်ပါတယ်။ ပြည်သူ့လွှတ်တော်ရဲ့ ကိုယ်စားလှယ်များ သာဖြစ်ရာ ကန့်ကွက်ချက်သည် ကြောင်းကျိုးဆီလျော်မှုမရှိပါ။ တရားစီရင်ရေးမှုခင်းကိစ္စမျိုးလည်း မဟုတ်ပါ။ ဒါကြောင့် စုံစမ်းရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဆွေနှင့် အဖွဲ့ဝင်များအပေါ်မှာကန့်ကွက်ခြင်းဟာ ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်ညီညွတ်ခြင်းမရှိကြောင်း၊ သဘာဝတရားမျှတမှုဥပဒေသဘောနှင့်မူသဘော နှင့်လည်း ဆန့်ကျင်မှုဖြစ်နေကြောင်း၊ ပြစ်မှုဆိုင်ရာကျင့်ထုံးဥပဒေပုဒ်မ ၅၅၆ ပြဋ္ဌာန်းချက်၊ ဝန်ထမ်း စည်းကမ်း ထိန်းသိမ်းရေးလက်စွဲစာအုပ်အပိုဒ် ၄၁ နှင့်လည်းကောင်း သက်ဆိုင်မှုမရှိကြောင်း တွေ့ရှိရပါတယ်။ ဒါကြောင့် နိဂုံးချုပ်အနေနဲ့ပြောရမယ်ဆိုရင် ပြည်သူ့လွှတ်တော်မှ ဖွဲ့စည်းပေးထားတဲ့

စုံစမ်းရေးအဖွဲ့ဟာ ဖွဲ့စည်းပုံအခြေခံဥပဒေပါပြဋ္ဌာန်းချက်များနှင့်အညီ စုံစမ်းစစ်ဆေးမှုကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သုံးသပ်ရရှိချက်ကို ပြည်သူ့လွှတ်တော်သို့ အသေးစိတ် အစီရင်ခံတင်ပြသွားမည်ဖြစ်ကြောင်း၊ ပြည်သူ့လွှတ်တော်အဆုံးအဖြတ်ကို ခံယူသွားမည်ဖြစ်ကြောင်း တင်ပြပါတယ်ခင်ဗျား။ အားလုံးကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား စွပ်စွဲပြစ်တင်ရန် အမျိုးသားလွှတ်တော်က မဲဆန္ဒသုံးပုံနှစ်ပုံကျော်ဖြင့် ဆုံးဖြတ်ပြီးဖြစ်၍ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များအား စုံစမ်းရေးအဖွဲ့အနေဖြင့် ဆက်လက်ဆောင်ရွက်မည့်အခြေအနေနှင့် စပ်လျဉ်းသည့် မေးခွန်း**

**ဥက္ကဋ္ဌ**။ ။ ခန္တီးမဲဆန္ဒနယ်မှ ဦးလှထွန်း မေးမြန်းဖို့ ဖြစ်ပါတယ်။

**ဦးလှထွန်း(ခန္တီးမဲဆန္ဒနယ်)**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်တော်ကြီးများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များအားလုံးကိုယ်၏ ကျန်းမာခြင်း၊ စိတ်၏ ချမ်းသာခြင်းတို့နဲ့ပြည့်စုံကြပါစေလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စစ်ကိုင်းတိုင်းဒေသကြီး၊ ခန္တီးမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှထွန်းဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ သိလိုတဲ့မေးခွန်းတစ်ခုကို မေးမြန်းသွားမှာဖြစ်ပါတယ်။ ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌနှင့် အဖွဲ့အားစွပ်စွဲပြစ်တင်ရန် အမျိုးသားလွှတ်တော်ကနေပြီးတော့မှ ဆန္ဒမဲသုံးပုံနှစ်ပုံဖြင့်ဆုံးဖြတ်ပြီး အခြေခံဥပဒေပုဒ်မ ၃၀၂ နှင့်အညီ ပြည်သူ့လွှတ်တော်ကို ပေးပို့လာခဲ့ပါတယ်။ ပြည်သူ့လွှတ်တော်အနေနဲ့လည်း ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၇၁၊ ပုဒ်မ ၃၀၂ နှင့်အညီ ပြည်သူ့လွှတ်တော်ကနေပြီးတော့ စုံစမ်းစစ်ဆေးရေးအဖွဲ့များ ဖွဲ့စည်းစစ်ဆေးဆောင်ရွက်တယ် ဆိုတာ သိနေရပါတယ်။ သို့ဖြစ်ပါ၍ စုံစမ်းစစ်ဆေးရေးအဖွဲ့အနေနဲ့ လုပ်ငန်းဆောင်ရွက်မှုအခြေအနေကို ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များသိရှိနိုင်ရန်အတွက် ဖြေကြားပေးနိုင်ရန် လေးစားစွာ မေးမြန်းအပ်ပါတယ်ခင်ဗျား။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြည်သူ့လွှတ်တော်၊ စုံစမ်းစစ်ဆေးရေးအဖွဲ့မှ ကိုယ်စားလှယ်တစ်ဦးက ဆွေးနွေးတင်ပြဖို့ ဖြစ်ပါတယ်။

**ဦးဝင်းမြင့်(ပုသိမ်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ တက်ရောက်လာကြတဲ့ ပုဂ္ဂိုလ်များအားလုံး မင်္ဂလာပါလို့ နှုတ်ခွန်းဆက်သအပ်ပါတယ်။ ကျွန်တော်ကတော့ စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင် ပုသိမ်မဲဆန္ဒနယ်

ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးဝင်းမြင့်ဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့ရဲ့ကိုယ်စား တွေ့ရှိချက်တွေကို ကျွန်တော်တို့ ဖတ်ကြားရှင်းလင်းတင်ပြပေးသွားမှာဖြစ်ပါတယ်။ စုံစမ်းစစ်ဆေးရေးအဖွဲ့၏ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြည်သူ့လွှတ်တော်ညွှန်ကြားချက်အမှတ်၊ ၁/၂၀၁၂ဖြင့် ၂၉-၈-၂၀၁၂ ရက်နေ့က သတ်မှတ်ပေးခဲ့ပါသည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် စွပ်စွဲခံရသူများအား ၃-၉-၂၀၁၂ ရက်နေ့တွင် စတင်ကြားနာမည်ဖြစ်ကြောင်းနေရာနှင့် အချိန်အတိအကျ အကြောင်းကြားဖိတ်ခေါ်ခဲ့ပါသည်။ သို့ရာတွင် ရုံးတက်၊ ရုံးဆင်းအချိန်ပြည့် ရုံးခန်းဖွင့်လှစ် စောင့်ဆိုင်းခဲ့ပါသော်လည်း စွပ်စွဲခံရသူတစ်ဦးတစ်ယောက်မှကိုယ်တိုင်သော်လည်းကောင်း၊ ကိုယ်စားလှယ်ဖြင့်သော်လည်းကောင်း လာရောက်စစ်ဆေးခံခြင်းမရှိခဲ့ပါ။ ယနေ့တွင် စွပ်စွဲခံရသူများက စုံစမ်းစစ်ဆေးရေးအဖွဲ့ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်အားလုံးကို ကန့်ကွက်ကြောင်းနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်သို့ စာချွန်တော် ပေးပို့ထားသဖြင့် စုံစမ်းစစ်ဆေးခြင်းကိုဆိုင်းငံ့ရန် ပြည်သူ့လွှတ်တော်သို့ အကြောင်းကြားခဲ့ပါသည်။ သို့ရာတွင် စုံစမ်းစစ်ဆေးရေးအဖွဲ့အနေဖြင့် အဆိုပါကန့်ကွက်ချက်နှင့်ဆိုင်းငံ့ရန် တင်ပြချက်များသည် အကျိုးအကြောင်း ခိုင်လုံမှုမရှိခြင်းကြောင့် လက်မခံခဲ့ပါ။ သို့တိုင်အောင် စွပ်စွဲခံရသူများအပေါ် သဘောထားကြီးစွာ ငဲ့ညှာသောအားဖြင့် ဥက္ကဋ္ဌ ဦးနန္ဒကျော်စွာ အစား ဥက္ကဋ္ဌ ဦးသိန်းဆွေဖြင့် အစားထိုးပြောင်းလဲခဲ့ပါသည်။ စုံစမ်းစစ်ဆေးရေးအဖွဲ့သည် ၄-၉-၂၀၁၂ ရက်နေ့အထိ ရုံးချိန်အပြည့် စောင့်ဆိုင်းသော်လည်း စွပ်စွဲခံရသူများသည် လူကိုယ်တိုင်လာရောက်ခြင်းသော်လည်းကောင်း၊ စာဖြင့် ဖြေရှင်းတင်ပြခြင်းသော်လည်းကောင်း မပြုလုပ်ခဲ့ကြပါ။ စွပ်စွဲခံရသူများ၏ ဤသို့ပြုမူမှုသည် ပြည်သူ့လွှတ်တော်ကိုလည်းကောင်း၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးကိုလည်းကောင်း ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ဆောင်ရွက်နေသော စုံစမ်းစစ်ဆေးရေးအဖွဲ့ကိုလည်းကောင်း မခန့်လေးစားပြုမူခြင်းဖြစ်ကြောင်း သုံးသပ်ရရှိပါသည်။ ထို့ကြောင့် စွပ်စွဲခံရသူများက ခိုင်လုံသော အကြောင်းပြချက်မရှိဘဲ ၅-၉-၂၀၁၂ နေ့တွင် အစစ်ဆေးခံရန်ပျက်ကွက်လျှင် ညွှန်ကြားချက်အမှတ် ၁/၂၀၁၂ နှင့်အညီ ညွှန်ကြားချက်ပါစုံစမ်းရေးအဆင့်အချို့ကို လိုက်နာရခြင်းမှ ခြွင်းချက်ပြုကာ စုံစမ်းစစ်ဆေးမှုပြီးဆုံးသည့်အနေဖြင့် သတ်မှတ်ရန်သာရှိပါသည်။ သို့ပါ၍အဖွဲ့၏ စုံစမ်းစစ်ဆေးမှု အစီရင်ခံစာကို ပြည်သူ့လွှတ်တော်မှ အဆုံးအဖြတ်ခံယူရန် ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌထံသို့ တင်ပြ သွားမည်ဖြစ်ပါကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့၏ကိုယ်စား ရှင်းလင်းတင်ပြအပ်ပါသည်။ အားလုံးကို ကျေးဇူးတင်ပါတယ်ခင်ဗျား။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးကို နေ့လယ်စာ သုံးဆောင်ရန် အပါအဝင် အခြားဆောင်ရွက်ဖွယ်ရာကိစ္စများ ဆောင်ရွက်နိုင်ဖို့အတွက် ၁ နာရီ ၁၅ မိနစ်ခန့် ရပ်နားပါမယ်။

**အချိန်၊ ၁၁ း ၄၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**[** အစည်းအဝေးကို ၁ နာရီ ၁၅ မိနစ်ခန့် ရပ်နားပါသည်။**]**

**အချိန်၊ ၁၃း၁၀။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေး ပြန်လည်စတင်တော့မှာ ဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

## ဦးအောင်မြင့်၊ ဂန့်ဂေါမဲဆန္ဒနယ်၏ နိုင်ငံအဝှမ်းရှိ သစ်တောကြိုးဝိုင်းများအတွင်းမှ လယ်ယာမြေများအား ဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်ရသော လယ်မြေများအဖြစ် ဆောင်ရွက်ပေးပါရန် အဆိုတင်သွင်းခြင်းနှင့် လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်အား အဆိုတင်သွင်းဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးအောင်မြင့်(ဂန့်ဂေါမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ၊ ဖိတ်ကြားထားတဲ့ ဧည့်သည်တော်များ ကိုယ်၏ကျန်းမာခြင်း၊ စိတ်၏ချမ်းသာခြင်းနှင့် ပြည့်စုံကြပါစေလို့ ဆုမွန်ကောင်းတောင်းရင်း ဂါရဝပြုနှုတ်ခွန်းဆက်သ အပ်ပါတယ်။ ကျွန်တော်ကတော့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော် ကိုယ်စားလှယ် ဦးအောင်မြင့်ဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ နိုင်ငံတော်အကျိုး၊ ပြည်သူများရဲ့အကျိုး၊ တောင်သူလယ်သမားများရဲ့အကျိုးကို မျှော်ကိုးပြီး နိုင်ငံအဝှမ်းရှိ သစ်တောကြိုးဝိုင်းများအတွင်းမှ လယ်ယာမြေများအား ဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်ရတဲ့ လယ်ယာမြေများအဖြစ် ဆောင်ရွက် ပေးပါရန်အဆိုအား တင်သွင်းသွားမှာ ဖြစ်ပါတယ်။ ကျွန်တော်ရဲ့အဆိုအား စာဖြင့်ဖတ်ကြား

တင်သွင်းခွင့်ပြုပေးပါရန် လေးစားစွာဖြင့် တင်ပြအပ်ပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်တို့ ဂန့်ဂေါ ခရိုင်မှာရှိတဲ့ ဂန့်ဂေါ၊ ထီးလင်း၊ ဆောမြို့နယ်များနှင့် ကျောက်ထုမြို့နယ်ခွဲတို့မှာ သစ်တောကြိုးဝိုင်း ပေါင်း ၃၃ ခုရှိပြီး ကြိုးဝိုင်းဧရိယာ အတွင်း လယ်ယာမြေဧကပေါင်း ၁၂၆၆၈ ဧကရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ အလားတူ နိုင်ငံအဝှမ်းရှိ မြို့နယ်များမှာလည်း သစ်တောကြိုးဝိုင်းများ အတွင်း လယ်ယာမြေများ များစွာ ရှိကြကြောင်း အချို့မြို့နယ်များမှာ ကျေးရွာများပင်ရှိနေကြကြောင်း လွှတ်တော်ကိုယ်စားလှယ်ကြီးများ မှ ပြောပြကြလို့သိရှိရပါတယ်။ ၁၈-၉-၂၀၁၁ ရက်နေ့ထုတ် မြန်မာ့အလင်းသတင်းစာမှာပါတဲ့ သစ်တောကဏ္ဍနှင့် ပတ်ဝန်းကျင်ထိန်းသိမ်းရေးခေါင်းစဉ်နှင့် မောင်သစ်တောရေးသားထားတဲ့စာထဲမှာ သစ်တောကြိုးဝိုင်းများအတွင်း လယ်မြေ၊ ယာမြေနှင့် အခြားကျူးကျော်မြေဧရိယာများဟာ နိုင်ငံ အဝှမ်းရှိ သစ်တောကြိုးဝိုင်း ဧရိယာစုစုပေါင်း ၁၂၂၆၇၄ စတုရန်းမိုင်ရဲ့ ၄.၅ ရာခိုင်နှုန်းတွေ့ရှိရပြီး ဧရိယာအများဆုံးမှာ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းဖြစ်ကာ လယ်ယာမြေ ဧကပေါင်း ၄၅၆၂၉၅.၈ ဧကရှိကြောင်း လေ့လာတွေ့ရှိရပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောကြိုးဝိုင်းများအတွင်းမှ လယ်ယာမြေများဟာ လွန်ခဲ့တဲ့ နှစ်ပေါင်း ၅၀၊ ၆၀ မက ဘိုးဘွားများ လက်ထက်ကတိုင် သားစဉ်မြေးဆက်ထိ လုပ်ကိုင်ခဲ့ကြတဲ့ လယ်ယာမြေများ ပါဝင်သလို အချို့မှာ စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်ရန် မြေနေရာအခက်အခဲများကြောင့် နီးစပ်ရာသစ်တော ကြိုးဝိုင်းများအတွင်းမှ စိုက်ပျိုးရန်သင့်တော်တဲ့ မြေနေရာများမှာ လယ်ယာမြေများ ဖော်ထုတ်လုပ်ကိုင် စားသောက်နေရခြင်းလည်း ဖြစ်ပါတယ်။ သစ်တောဝန်ထမ်းများမှာလည်း မသိရှိကြလို့မဟုတ်ဘဲ တောင်သူများရဲ့အကျိုးကို ရှေးရှုကာလုပ်ကိုင် စားသောက်ခွင့်များပေးခဲ့ကြတာ ဖြစ်နိုင်ပါတယ်။ သစ်တောဝန်ထမ်းများက တောင်သူလယ်သမားများကို လယ်ယာမြေ ဖော်ထုတ်လုပ်ကိုင်ခွင့်များ မပေးခဲ့ကြပါက အဲဒီကြိုးဝိုင်းများထဲက လယ်ယာမြေများဟာလည်း သစ်တော ကြိုးဝိုင်းများအတွင်းမှာ ရှိလာနိုင်စရာအကြောင်းမရှိနိုင်ဘူးလို့ ယူဆစရာလည်း ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ယခင်နှစ်ပေါင်းများစွာက သတ်မှတ်ခဲ့တဲ့ သစ်တောကြိုးဝိုင်းများအတွင်းမှာ လယ်ယာမြေများဖြစ်ပေါ်ခဲ့ရခြင်း အကြောင်းအရင်း များအားလည်း ထည့်သွင်းစဉ်းစားကြဖို့လိုမှာဖြစ်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လယ်တစ်ဧက၊ ယာတစ်ဧကဖြစ်ဖို့အတွက် နေ့ချင်းညချင်း၊ ရတ်တရက်အချိန်တိုကာလအတွင်း ဖော်ထုတ်လုပ်ယူလို့ ရတဲ့အရာများ မဟုတ်လို့ပဲ ဖြစ်ပါတယ်။ ယခင်ခေတ်ကာလများက စက်ယန္တရားများလည်းမရှိကြတဲ့

အတွက် တောင်သူများဟာ မိမိခန္ဓာကိုယ်လုပ်အားများနှင့် အချိန်ကာလများစွာ သစ်ခုတ်ခြင်း၊ သစ်ငုတ်ထုတ်ခြင်း၊ မြေညှိခြင်း အစရှိတဲ့ မြေကို ပင်ပန်းကြီးစွာပြုပြင်ကြပြီးမှ လယ်ကောင်း၊ ယာကောင်းများဖြစ်ကြရတာဖြစ်လို့ မိမိတို့ရဲ့ လယ်ယာမြေများကို အသက်သခင်ကျေးဇူးရှင်များကဲ့သို့ အမြတ်တနိုးတန်ဖိုးထားကြခြင်းလည်း ဖြစ်ပါတယ်။ လယ်ယာမြေများမှာ စိုက်ပျိုးကြတဲ့ သီးနှံအပင်များရဲ့အရောင်များဟာလည်း အစိမ်းရောင်များပဲဖြစ်တဲ့အတွက် သဘာဝပတ်ဝန်းကျင်ကိုလည်းများစွာထိခိုက်မှုမရှိနိုင်ဘူးလို့ ယူဆမိပါတယ်။ ဘာကြောင့်လဲဆိုတော့ သစ်ပင်များဟာလည်း နွေရာသီမှာသစ်ရွက်များ ခြောက်သွေ့ကြွေကျတဲ့ကာလများရှိတဲ့အတွက် အမြဲတမ်းမစိမ်းနိုင်ကြလို့ပဲဖြစ်ပါတယ်။ လယ်ယာမြေ ကောင်းတစ်ဧကဟာ သစ်တောတစ်ဧကထက် များစွာတန်ဖိုးကြီးမားလှပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ သစ်တောကြိုးဝိုင်းများအတွင်းမှာရှိတဲ့ လယ်ယာမြေဧကများစွာအပေါ်မှီခိုကာ စားဝတ်နေရေးအတွက် လုပ်ကိုင်စားသောက်နေကြရတဲ့ တောင်သူလယ်သမားများနှင့် မိသားစုများစွာတို့ရဲ့ ဘဝရှင်သန်ရပ်တည်ရေးကို နိုင်ငံတော်ရဲ့တာဝန်တစ်ရပ်အနေဖြင့် ထည့်သွင်းစဉ်းစားဖို့ လိုအပ်မှာဖြစ်ပါတယ်။ နိုင်ငံတော်အနေဖြင့်လည်း သစ်တောကြိုးဝိုင်းဧရိယာဧကများဟာ လယ်ယာမြေနှင့် ရွာမြေများကြောင့် ဧကများလျော့နည်းသွားပါကလည်း ထပ်မံဖြည့်ဆည်းလိုပါက ကြိုးပြင်တောနှင့် မြေလွတ်၊ မြေလပ်နှင့်မြေရိုင်းဧရိယာ ဧကများစွာတို့ဖြင့် ပြန်လည်ဖြည့်ဆည်းသင့်လှပါတယ်။ ဥပမာအားဖြင့် ကျွန်တော်တို့ ဂန့်ဂေါခရိုင်မှာ ကြိုးပြင်တောဧရိယာပေါင်း ၄၈၁၉၀၇ ဧကရှိသလို နိုင်ငံအဝှမ်း အခြားဒေသများမှာလည်း ကြိုးပြင်တော ဧရိယာများစွာရှိမှာဖြစ်ပြီး အဲဒီကြိုးပြင်တောဧကများအား နိုင်ငံတော်အနေဖြင့် ကြိုးဝိုင်းဧရိယာအဖြစ်ပြောင်းလဲသတ်မှတ်ကာ သစ်ပင်များစိုက်ပျိုးပါက ပိုမိုအဆင်ပြေမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်မှာလည်း တိုးပွားလာတဲ့လူဦးရေများနှင့်အညီ စားနပ်ရိက္ခာဖူလုံစေရန်အတွက် လယ်ယာထွက်ကုန်သီးနှံများ ပိုမိုထွက်ရှိရေးအတွက်ကိုလည်း မြေလွတ်၊ မြေလပ်နှင့် မြေရိုင်းများကို လယ်ယာမြေများအဖြစ် တိုးချဲ့ဖော်ထုတ်စေပြီးစိုက်ပျိုးစေလျက်ရှိပါတယ်။ ဒါ့အပြင် လယ်ယာထွက်ကုန်သီးနှံများ အထွက်တိုးရေးအတွက်လည်းအထွက်နှုန်းကောင်း၊ မျိုးကောင်း၊ မျိုးသန့်များတီထွင်အသုံးပြုစေခြင်း၊ သိပ္ပံနည်းကျစိုက်နည်းစနစ်များတီထွင်ခြင်း၊ ဓာတ်မြေဩဇာများ အသုံးပြုစေခြင်း အစရှိတဲ့ နည်းလမ်းပေါင်းစုံနဲ့ သီးနှံများအထွက်တိုးအောင်ဆောင်ရွက်စေလျက်ရှိပါတယ်။ ယခုလည်း သစ်တောကြိုးဝိုင်းများအတွင်းမှ တည်ရှိပြီးသောတန်ဖိုးကြီးမားလှတဲ့ လယ်ယာမြေများကို သစ်ပင်များပြန်လည်စိုက်ပျိုးစေခြင်းဟာ မှန်ကန်သော မူဝါဒ

တစ်ရပ်အဖြစ် ယူဆရန်မသင့်ကြောင်းလည်းတင်ပြလိုပါတယ်။ လယ်ယာမြေများဟာ ညီညာပြန့်ပြူးပြီး ရေရရှိနိုင်တဲ့ မြေနေရာများမှာသာ ဖော်ထုတ်စိုက်ပျိုးအောင်မြင်ကြရတာဖြစ်ပါတယ်။ သစ်ပင်များကတော့ တောင်ကုန်း၊ တောင်စောင်းများ၊ လျှိုမြောင်၊ ချိုင့်ဝှမ်းများ အစရှိတဲ့မညီညာတဲ့မြေများမှာလည်း စိုက်ပျိုးလို့ရကြတဲ့ အပင်များဖြစ်ပါတယ်။ လယ်ယာမြေများထဲမှာ သစ်ပင်များပြန်စိုက်ပျိုးစေခြင်းဟာ ဆင်းရဲသားတောင်သူလယ်သမားများအတွက် စားဝတ်နေရေးအခက်အခဲများကို ဖန်တီးပေးသလိုဖြစ်ပြီး လတ်တလောဒုက္ခရောက်စေကြမယ့်နည်းလမ်းများကို အတတ်နိုင်ဆုံး ကိုယ်ချင်းစာနာစိတ်များနှင့် ရှောင်ရှားသင့်လှပါကြောင်း တင်ပြလိုပါတယ်။ နိုင်ငံတော်ရဲ့ စားနပ်ရိက္ခာထုတ်လုပ်ခြင်းကိုလည်း ကျဆင်းအောင်ဆောင်ရွက်သကဲ့သို့ဖြစ်နေတဲ့အတွက် သက်ရှိလူသားများ အသက်ရှင်ရပ်တည်နိုင်ရန် စားရေးနှင့် သစ်ပင်များအရေး ဘယ်ဟာအရေးကြီးတယ်ဆိုတာကိုလည်း စဉ်းစဉ်းစားစားနဲ့ဆောင်ရွက်ကြရမှာဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အခုအခါမှာ တောင်သူလယ်သမားများအတွက် စပါးတစ်ဧကစိုက်လျှင် ချေးငွေ ၅၀၀၀၀ ကျပ်အထိ နိုင်ငံတော်မှ အတိုးနှုန်းသက်သာစွာဖြင့် စိုက်ပျိုးစရိတ်ချေးငွေများချေးပေးနေပြီဖြစ်ပါတယ်။ ဒါ့အပြင် လယ်ယာမြေဥပဒေသစ်ရဲ့ ရပိုင်ခွင့်များဖြစ်တဲ့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အပြီးအပိုင်လွှဲပြောင်းခြင်း၊ အမွေဆက်ခံခွင့်ရှိခြင်း အစရှိတဲ့အခွင့်အရေးများ၊ အကာအကွယ်များ၊ လုပ်ပိုင်ခွင့်များကိုလည်း တရားဝင်လယ်ယာမြေများက ခံစားနေကြရပြီ ဖြစ်ပါတယ်။ သစ်တောကြိုးဝိုင်းများအတွင်းမှ လယ်ယာမြေများကို လုပ်ကိုင်နေကြရတဲ့ တောင်သူလယ်သမားများကတော့ အခုလို အခွင့်အရေးများ မခံစားရတဲ့အပြင် ဘယ်နေ့ပုဂ္ဂလိကလုပ်ငန်းရှင်ကုမ္ပဏီများရဲ့ နှစ်ရှည်ပင်စိုက်ခင်းများအတွက် အသိမ်းခံရမလဲလို့ ရင်တမမနှင့် စိတ်ဒုက္ခခံစားနေကြရတဲ့ ဘဝများကို နားလည်စာနာကြရန်လည်း နိုင်ငံတော်အနေဖြင့် လိုအပ်မယ်လို့ ယူဆမိပါတယ်။ လယ်ယာမြေလုပ်ကိုင်စားသောက်ကြရတဲ့ တောင်သူလယ်သမားများအနေနဲ့ နိုင်ငံတော်ပိုင်မြေများကို လုပ်ကိုင်ကြရခြင်းအတူတူ အခွင့်အရေးများလည်း တူညီစွာခံစားခွင့်များရရှိစေလိုပါတယ်။ အခြားလုပ်ကိုင်စားသောက်စရာလုပ်ငန်းမရှိလို့သာ ဆင်းရဲပင်ပန်းစွာလုပ်ကိုင်ကြရတဲ့ လယ်ယာလုပ်ငန်းကို လုပ်ကိုင်ရခြင်းလည်းဖြစ်ပါတယ်။ သစ်တောကြိုးဝိုင်းထဲက တောင်သူလယ်သမားများဟာ လယ်ယာမြေပိုင်ဆိုင်မှုအများဆုံးရှိမှ ၃ ဧကနှင့် ၄ ဧကခန့်သာ ပိုင်ဆိုင်ကြတာများပြီး ဆင်းရဲကြတာလည်းများကြပါတယ်။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ၂၀၀၈ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၂၃ ပုဒ်မခွဲ(က)မှာ နိုင်ငံတော်သည် တောင်သူ

လယ်သမားများရဲ့ အခွင့်အရေးများအား ကာကွယ်စောင့်ရှောက်ရန်လိုအပ်တဲ့ဥပဒေများ ပြဋ္ဌာန်းဆောင်ရွက်ရမည်ဟုလည်း ပါရှိပြီးဖြစ်ပါတယ်။ နိုင်ငံတော်သမ္မတကြီးမှလည်း အခြေခံဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်နိုင်ဖို့အတွက် တည်ဆဲဥပဒေများကို လိုအပ်ပါက ပြင်ဆင်ခြင်း၊ ဖျက်သိမ်းခြင်း၊ ဥပဒေသစ်ရေးဆွဲပြဋ္ဌာန်းခြင်းတို့ကို လုပ်ဆောင်သွားမှာဖြစ်ကြောင်း ပြောကြားခဲ့ပြီးလည်း ဖြစ်ပါတယ်။ ပြည်သူ့အကျိုးပြုဥပဒေများကိုလည်း ပြုပေးနေပြီဖြစ်တဲ့ လွှတ်တော်ကြီးများလည်း ပေါ်ပေါက်နေပြီ ဖြစ်ပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ နိုင်ငံတော်အဝှမ်းသစ်တောကြိုးဝိုင်းများအတွင်းရှိ သစ်တောရေိယာ စုစုပေါင်း ၁၂၂၆၇၄ စတုရန်းမိုင်ရဲ့ ၄.၅ ရာခိုင်နှုန်းရှိတဲ့ များလှစွာသော လယ်ယာမြေများအပေါ်အမှီပြုပြီး ဘဝရှင်သန်ရပ်တည်ရေးအတွက် လုပ်ကိုင်စားသောက်နေကြရတဲ့ များလှစွာသော တောင်သူလယ်သမားများနှင့် မိသားစုဝင်များအား ကျွန်တော်အနေနဲ့ (၁) လယ်ယာမြေကို ကြီးမြင့်သော အခွန်အခ ပေးဆောင်ကြရခြင်းများမှ ကင်းလွတ်စေလိုခြင်း (၂) လယ်ယာမြေများကို စိတ်ချမ်းမြေ့စွာ လုပ်ကိုင်စားသောက်စေလိုခြင်း (၃) ပုဂ္ဂလိကလုပ်ငန်းရှင်များရဲ့စိုက်ခင်းများအတွက် လယ်ယာမြေများ အသိမ်းဆည်းခံရခြင်းမှ ကင်းလွတ်စေလိုခြင်း (၄) ဥပဒေနှင့်အညီ တရားဝင်လုပ်ပိုင်ခွင့်ရသော လယ်ယာမြေများ၏ အခွင့်အရေးများဖြစ်တဲ့ ရောင်းချခြင်း၊ ပေါင်နှံခြင်း၊ လွှဲပြောင်းခြင်း၊ အမွေဆက်ခံခွင့်ရှိခြင်းများကို ရရှိခံစားစေလိုခြင်း (၅) နိုင်ငံတော်မှ အတိုးနှုန်းသက်သာစွာဖြင့် ထုတ်ချေးပေးသော စိုက်ပျိုးစရိတ်ချေးငွေများ ရရှိခံစားစေလိုခြင်း (၆) ဆင်းရဲနွမ်းပါးမှုများ လျော့ကျစေလိုခြင်း အစရှိတဲ့အခွင့်အရေးများအား ခံစားစေလိုတဲ့ ဆန္ဒများကြောင့် အခုလိုအဆိုတင်သွင်းရခြင်းလည်း ဖြစ်ပါတယ်။ ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးများရဲ့ ရင်ထဲမှာလည်း ကိုယ်ချင်းစာတရားများပြည့်ဝစွာရှိကြမှာဖြစ်ပါတယ်။ စိတ်စေတနာကောင်းများနှင့်အညီ ယခုအဆိုအောင်မြင်ရေးအတွက်ကိုလည်း ဝိုင်းဝန်းကူညီဆောင်ရွက်ပေးကြလိမ့်မယ်လို့ ယူဆမိပါတယ်။

လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ ဖော်ပြခဲ့ပါ အချက် ၆ ချက်ကို တောင်သူလယ်သမားများ ခံစားခွင့်ရရှိရေးကို အဓိကထားပြီး နိုင်ငံအဝှမ်းရှိ သစ်တောကြိုးဝိုင်းများအတွင်းမှ လယ်ယာမြေများအား ဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်ရသော လယ်ယာမြေများဖြစ်စေရေးအတွက် နိုင်ငံတော်မှ စီမံဆောင်ရွက်ပေးပါရန်အဆိုအား လေးစားစွာဖြင့် တင်သွင်းအပ်ပါတယ်ခင်ဗျား။ အားလုံးကိုကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဦးအောင်မြင့်တင်သွင်းတဲ့အဆိုကို ထောက်ခံမယ့်ကိုယ်စားလှယ်တစ်ဦးအား ဖိတ်ခေါ်ပါတယ်။

**ဦးတင်ထွေး(အုတ်ဖိုမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်တော်များ၊ ဧည့်သည်တော်များအားလုံး မင်္ဂလာအပေါင်းနှင့် ပြည့်စုံကြပါစေလို့ ပထမဦးစွာ နှုတ်ခွန်းဆက်သဂါရဝပြုအပ်ပါတယ်။ ကျွန်တော်ကတော့ ပဲခူးတိုင်းဒေသကြီး၊ အုတ်ဖိုမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးတင်ထွေးဖြစ်ပါတယ်။ ကျွန်တော့်အနေနဲ့ မကွေးတိုင်းဒေသကြီး၊ ဂန့်ဂေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်တင်သွင်းသွားတဲ့ နိုင်ငံအဝှမ်းရှိ သစ်တောကြိုးဝိုင်းများအတွင်းမှ လယ်ယာမြေများအား ဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်ရသော လယ်ယာမြေများအဖြစ် ဆောင်ရွက်ပေးရေးအဆိုဟာ ကျွန်တော်တို့မြို့နယ်အတွင်းမှာလည်း အလားတူ သစ်တောကြိုးဝိုင်းများအတွင်းမှာ လုပ်ကိုင်နေကြတဲ့ လယ်သမားများ များစွာရှိနေတဲ့အတွက် ကျွန်တော်တို့ လယ်သမားများ တရားဝင်၊ စိတ်ချမ်းမြေ့စွာ လုပ်ကိုင်ခွင့်ရရှိစေမယ့် အခွင့်အလမ်းကောင်းအဆိုဖြစ်တဲ့အတွက် ဂန့်ဂေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်တင်သွင်းသွားတဲ့ နိုင်ငံအဝှမ်းရှိ သစ်တောကြိုးဝိုင်းများအတွင်းမှ လယ်ယာမြေများအား ဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်ရသော လယ်ယာမြေများအဖြစ် ဆောင်ရွက်ပေးပါရန်အဆိုအား ကျွန်တော့်အနေနဲ့ အလေးအနက်ထောက်ခံတင်ပြအပ်ပါတယ်ခင်ဗျား။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့်တင်သွင်းတဲ့ အဆိုကို ကိုယ်စားလှယ်တစ်ဦးက ထောက်ခံသွားပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးအောင်မြင့်တင်သွင်းတဲ့ အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။

**ဦးမြင့်သိန်း(မကွေးမဲဆန္ဒနယ်)**။ ။ အဆိုရှင်တင်သွင်းသွားတဲ့အဆိုနဲ့ ပတ်သက်ပြီး ကျွန်တော် အကြံပြု တင်ပြစရာရှိပါတယ်။ ကျွန်တော်တို့ ၃-၉-၂၀၁၂ ရက်နေ့က ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး(၃၈)ရက်မြောက်နေ့ အစီအစဉ်မှာတုန်းက ဘုတလင်မဲဆန္ဒနယ်က ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသန်းနွယ် တင်သွင်းသွားတဲ့ သဘာဝပတ်ဝန်းကျင် တည်ငြိမ်မှု

ဂေဟစနစ်မျှတမှု ပြန်လည်ရရှိစေရေးနဲ့ အမြဲတမ်းသစ်တောမြေများမှ သစ်နှင့်သစ်တောထွက်ပစ္စည်းများ ရေရှည်ထာဝစဉ်အညီ အသုံးပြုနိုင်ရေးအတွက် နိုင်ငံတော်ရှိအရေးပါသော သဘာဝသစ်တောကြီးများ ထာဝစဉ်တည်တံ့အောင် ထိန်းသိမ်းကာကွယ်ရေးလုပ်ငန်းများကို အလေးထားဆောင်ရွက်သင့်ပါကြောင်းဆိုတဲ့အဆိုကို တင်သွင်းခဲ့ပါတယ်။ အဲဒီအဆိုကို ဦးစိုင်းဝေါ်င်းဆိုင်ဟိန်းမောက်မယ်မဲဆန္ဒနယ်၊ ဦးစိုးအောင် သဲကုန်းမဲဆန္ဒနယ် အားလုံးကျွန်တော်တို့ ၉ ဦးဆွေးနွေးခဲ့ပါတယ်။ အဲဒီတော့ကာ ဒီကိစ္စနှင့်ဆွေးနွေးစဉ်အခါကာလတုန်းက ကျွန်တော်တို့ ဒီဆွေးနွေးတဲ့ ပုဂ္ဂိုလ်အားလုံးရော၊ ဒီကိစ္စကို လေးလေးနက်နက် ထောက်ခံဆွေးနွေးသွားခဲ့ကြပါတယ်။ သဘာဝသစ်တောကြီးများ ပျက်စီးသွားရင် တိုင်းပြည်ရဲ့ဂေဟစနစ်တွေ ပျက်စီးပြီးတော့ သဘာဝဘေးဒုက္ခအန္တရာယ်တွေကျရောကတဲ့ အန္တရာယ်က ကာကွယ်နိုင်ဖို့ ဒီသစ်တောတွေကို ပြန်လည်ထိန်းသိမ်းဖို့ရန် ဆိုပြီးတော့ထောက်ခံ အကြံပြုဆွေးနွေးသွားကြသလို၊ သစ်တောရေးရာ ဒုတိယဝန်ကြီးကလည်းပဲ ဒီကိစ္စနဲ့ပတ်သက်လို့ စီမံချက်တွေချမှတ်ပြီး ဆောင်ရွက်နေပြီလို့ ဆွေးနွေးသွားတဲ့အတွက် ဒီလွှတ်တော်ကနေပြီးတော့ ဒီအဆိုကို အတည်ပြုပေးခဲ့ပြီးပါပြီ။ အဲဒီတော့ ကနေ့အဆိုရှင်တင်သွင်းတဲ့အဆိုဟာလည်းပဲတောင်သူလယ်သမားအများစုရဲ့ အကျိုးစီးပွားကို လုပ်ကိုင်နိုင်အောင်လို့ ရှေးရှုတဲ့အဆိုတစ်ရပ်အနေနဲ့တွေ့ရတဲ့အတွက် များစွာဝမ်းမြောက်ဖွယ်ဖြစ်ပါတယ်။ သို့သော်လည်း ဒီနေ့ တင်သွင်းတဲ့အဆိုသည်ကျွန်တော် စောစောက အစီရင်ခံတင်ပြခဲ့တဲ့ တနင်္လာနေ့က တင်သွင်းသွားခဲ့တဲ့အဆိုနဲ့ ဆန့်ကျင်ဘက်သဖွယ်ဖြစ်နေတဲ့အတွက် ကျွန်တော်တို့လွှတ်တော်မှာ တင်သွင်းဆွေးနွေးတဲ့အဆိုများသည် တစ်ခုနဲ့တစ်ခု အဖျက်သဘောဆောင်တဲ့ ထိပ်တိုက်တွေ့နေတဲ့ အနေအထားမျိုးဖြစ်နေတယ်လို့ ကျွန်တော်ထင်မြင်ယူဆလို့ ဆွေးနွေးရခြင်းဖြစ်ပါတယ်။ နောက်ဒုတိယတစ်ချက်အနေနဲ့ကတော့ ကျွန်တော်တို့လွှတ်တော်မှာ တင်သွင်းဆွေးနွေးတဲ့အဆိုများပဲဖြစ်စေ၊ ဥပဒေများပဲဖြစ်စေ တစ်ခုနဲ့တစ်ခု ကျွန်တော်စောစောက အစီရင်ခံသလို ထိပ်တိုက်တွေ့တဲ့ ပုံစံမျိုးမဖြစ်စေချင်ပါဘူး။ ဒီတင်သွင်းတဲ့အဆိုထဲမှာ တရားဥပဒေနဲ့အညီလို့ပါတဲ့အတွက် နောက်ပြီးတော့ သစ်တောကြိုးဝိုင်းနဲ့ ပတ်သက်ရင်လည်းကျွန်တော်သိတာကတော့ သစ်တောကြိုးဝိုင်းဟာ အမျိုးအစားသုံးခုရှိပါတယ်။ ကျွန်တော်တို့ဒီကြိုးဝိုင်းမှာ ကာကွယ်တောရှိတယ်။ ကြိုးပြင်တောရှိတယ်။ နောက်ပြီးတော့ သတ်မှတ်တဲ့ကြိုးဝိုင်းဆိုပြီးတော့ သုံးမျိုးရှိပါတယ်။ အဲဒီဟာတွေနဲ့ပတ်သက်လို့ ဆောင်ရွက်မယ်ဆိုလို့ရှိရင် သက်ဆိုင်ရာသစ်တောရေးရာဝန်ကြီးဌာန၊ အစိုးရဌာန၊ ပြည်ထောင်စုအစိုးရရဲ့သတ်မှတ်တဲ့ ပြဋ္ဌာန်းထားခဲ့တဲ့ပြဋ္ဌာန်းချက်ဥပဒေတွေနဲ့ လိုက်လျောညီထွေဖြစ်မယ်ဆိုရင် ကျွန်တော်တို့အဆိုရှင် တင်သွင်းသလို

ကျွန်တော်တို့ မြန်မာနိုင်ငံတစ်ဝှမ်းလုံးမှာ မိသားစုများ အခက်အခဲဖြစ်နေတဲ့ နိုင်ငံတော် သမ္မတကြီးလည်း ဦးတည်ထားတဲ့ ဆင်းရဲမွဲတေမှုပပျောက်ရေးစီမံချက်ကို ပြည့်ပြည့်ဝဝ အကောင် အထည်ဖော်နိုင်မှာ ဖြစ်ပါတယ်။ အဲဒီတော့ အဲဒီလိုအကောင်အထည်ဖော်တဲ့နေရာမှာ ကျွန်တော်တို့ ဒီဥပဒေပြုရေးဌာနနဲ့ အုပ်ချုပ်ရေး ဌာနနဲ့အပြန်အလှန် Check and Balance ထိန်းကျောင်းသွားတဲ့ စနစ်မှာ ကျွန်တော်တို့ ထိပ်တိုက် တွေ့ဆုံမှုမျိုး မဖြစ်ရအောင် သစ်တောကြိုးဝိုင်းဥပဒေများကိုလည်း ကျွန်တော် တင်ပြလိုပါတယ်။ ၁၉၉၃ ခုနှစ် သစ်တောဥပဒေပုဒ်မ ၄၀ မှာ သစ်တောကြိုးဝိုင်းအား မည်သူမှမည်သည့်နည်းနှင့်ဖြစ်စေ မကျူးကျော်ရ။ နေထိုင်ခြင်းမပြုရ။ စားကျက်ချခြင်း၊ လုပ်ကိုင် စားသောက်ခြင်းမပြုရလို့ ဖော်ပြထားပါတယ်။ သစ်တောဥပဒေပုဒ်မ ၄ မှာ ကြိုးဝိုင်းပြန်လည် တည်ဆောက်ခြင်း၊ ကြိုးပြင်တော၊ ကြိုပြင်ကာကွယ်တောများ တည်ထောင်ခြင်းတို့ကို အစဉ်တစ်စိုက် ဆောင်ရွက်ရန်လို့ ဖော်ပြထားတာ ရှိပါတယ်။ ဒါပေမယ့် သစ်တောဥပဒေပုဒ်မ ၃ အခန်း(၇)မှာတော့ အစိုးရအဖွဲ့က သဘောတူလျှင် ကြိုးဝိုင်းတောအား (က) ကြိုးဝိုင်းပြုပြင်ထိန်းသိမ်းခြင်း၊ ကြိုးဝိုင်း ဖျက်သိမ်းခြင်း၊ ကြိုးပြင်ကာကွယ်တောများကို ဖျက်သိမ်းခြင်း၊ ပြုပြင်ခြင်း၊ ဆက်လက်ထားရှိရန် မလိုတော့တဲ့ ကြိုးပြင်ကာကွယ်တောများ၊ ကြိုးပြင်တောများရဲ့ တစ်စိတ်တစ်ဒေသကိုသော် လည်းကောင်း တစ်ခုလုံးကိုသော်လည်းကောင်း ဖျက်သိမ်းနိုင်တယ်လို့ ဖော်ပြထားပါတယ်။ အဲဒီတော့ ဒီသစ်တောကြိုးဝိုင်းအနေနဲ့ပတ်သက်လို့ ဒီသစ်တောရေးရာဝန်ကြီးဌာနအနေနဲ့လည်းပဲ ကျွန်တော် သိရတာက ဟိုတစ်နေ့က အမျိုးသားလွှတ်တော်မှာ ကျွန်တော်တို့ ဆွေးနွေးတုန်းကလည်းပဲ ဒါကို မူတည်ချမှတ်ပြီးတော့ အဖွဲ့တွေလုပ်ပြီးတော့ စီစဉ်ဆောင်ရွက်နေတယ်လို့ ကြားထားရပါတယ်။ မြေယာအသုံးချမှုကိစ္စနဲ့ပတ်သက်လို့ အသေးစိတ်ဆွေးနွေးတာက ဒီကိစ္စတွေမှာ ကျွန်တော်တို့က ခုနအဆိုရှင် ဆွေးနွေးသွားတာသည် ကျွန်တော်တို့ မြန်မာနိုင်ငံမှာရှိတဲ့ သမ္မတကြီးဦးသိန်းစိန် မိန့်ကြားခဲ့သလို ဆင်းရဲမွဲတေမှုပပျောက်ရေးစီမံကိန်းအတွက်လည်း အထောက်အကူပြုရာ ရောက်တယ်။ အများစုလူတန်းစားဖြစ်တဲ့ တောင်သူ လယ်သမားများအားလုံးရဲ့ အကျိုးစီးပွားကို ရှေးရှုစေရာလည်း ရောက်တဲ့အတွက် ဝမ်းမြောက်ဝမ်းသာ လက်ခံပါတယ်။ သို့သော် ကျွန်တော် ဒီနေရာမှာ အကြံပြုချင်တာ ခုနကအချက်နှစ်ခုပါ။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်မှာ ဆွေးနွေးကြတယ်။ ကျွန်တော်တို့ ပြည်သူ့လွှတ်တော်သည် ဥပဒေပြုကိစ္စနဲ့ ပတ်သက်လို့ ပြည်သူများအကျိုးစီးပွားကို ရှေးရှုဆောင်ရွက်တဲ့နေရာမှာ ကျွန်တော်တို့ အဆိုလိုပဲ ဒီမှာ တင်သွင်း ကြတဲ့အဆိုများ၊ ဆွေးနွေးကြတဲ့အချက်အလက်များ၊ ပြဋ္ဌာန်းရေးဆွဲကြတဲ့ဥပဒေများသည် ကျွန်တော်တို့

တစ်ခုနဲ့တစ်ခု ပဋိပက္ခအသွင်မဆောင်ဘဲနဲ့ လိုက်လျောညီထွေဖြစ်ပြီး အဆင်ပြေပြေ ကျင့်သုံးသွားနိုင်ဖွယ်အခြေအနေမျိုး ဖြစ်နိုင်ဖို့ရာအတွက် ဒီဥစ္စာကို ကျွန်တော်က သက်ဆိုင်ရာ သစ်တောရေးရာဝန်ကြီးဌာနအနေနဲ့ ညှိနှိုင်းပြီးတော့မှ ဒီကိစ္စကို သေသေချာချာ စနစ်တကျ အချိန်ယူပြီးတော့ စာရင်းဇယားကောက်ပြီးတော့မှ ပြည့်ပြည့်ဝဝအသုံးချမယ်ဆိုလို့ရှိရင် အဆိုရှင်ရဲ့ ဆန္ဒလည်း ပြည့်ဝမယ်။ ကျွန်တော်တို့ မြန်မာနိုင်ငံရဲ့ အများစုဖြစ်တဲ့ တောင်သူလယ်သမားအများစုရဲ့ စားဝတ်နေရေးအကြပ်အတည်းကို တစ်ဖက်တစ်လမ်းက ကူညီဖြေရှင်းရာလည်း ရောက်တဲ့အတွက် သားရွှေအိုးထမ်းတဲ့ကိန်းမျိုးဖြစ်မယ်လို့ ယူဆတဲ့အတွက် ကျွန်တော်တို့ပြည်သူ့လွှတ်တော်ရဲ့ ဥပဒေပြုရေးဂုဏ်သိက္ခာကိုလည်းပဲ ထိန်းသိမ်းတည့်မတ်ပြီးသားဖြစ်မယ်လို့ ယူဆတဲ့အတွက် ကျွန်တော် ဒီအကြံကို ဆွေးနွေးတင်ပြရခြင်း ဖြစ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဦးစောလှထွန်း(ချောင်းဦးမဲဆန္ဒနယ်)**။ ။ စောစောက ကျွန်တော်တို့ လွှတ်တော်ကိုယ်စားလှယ်ကြီးတစ်ဦး တင်ပြဆွေးနွေးသွားတာလည်း ကောင်းပါတယ်ခင်ဗျ။ ဦးအောင်မြင့် ဂန့်ဂေါမဲဆန္ဒနယ်ရဲ့အဆိုဟာ ဒုတိယအကြိမ်လောက်မှာ ကျွန်တော်တို့ မေးခွန်းအဖြစ် မေးပြီးသားဖြစ်ပါတယ်။ တကယ့် နယ်မြေပကတိအခြေအနေကတော့ သစ်တောကြိုးဝိုင်းထဲမှာ သစ်တောအဖြစ်သတ်မှတ်ခြင်းမရှိတော့ဘဲနဲ့ ဆောင်ရွက်ခြင်းမရှိတော့ဘဲနဲ့ သစ်ပင်မရှိတဲ့နယ်မြေမှာရှိတဲ့ တောင်သူတွေခံစားနေရတဲ့ဒုက္ခ ဒါကို ကျွန်တော်တို့က တိုင်းချင်းကပ်နေတဲ့ စစ်ကိုင်းတိုင်းဒေသကြီးဖြစ်တဲ့အတွက် ဒါကိုတွေ့ပါတယ်။ တွေ့တော့ ဒီသစ်တောဝန်ကြီးဌာနရဲ့ ဆောင်ရွက်ပိုင်ခွင့်များ ကိုလည်း မထိခိုက်စေဘဲ ဦးအောင်မြင့်တို့ မကွေးတိုင်းမှာရှိတဲ့ တောင်သူတွေရဲ့ ပကတိဖြစ်ပျက်နေတဲ့ အခက်အခဲများကိုလည်းပဲ ကျွန်တော်တို့ ဖြေရှင်းနိုင်အောင် အဆိုရဲ့အမည်ကို ပြောင်းလဲပြင်ဆင်ပြီးတော့ အသုံးပြုမယ်ဆိုရင် ဒါအဆင်ပြေနိုင်မယ်လို့ ကျွန်တော့် အနေနဲ့ ဖြည့်စွက်အကြံပြုလိုပါတယ်။ ကျွန်တော်အကြံပြုလိုတဲ့အဆိုကတော့ ဦးအောင်မြင့်၊ ဂန့်ဂေါ မဲဆန္ဒနယ်ရဲ့ အဆိုမှာပါဝင်တဲ့ နိုင်ငံအဝှမ်းရှိသစ်တောကြိုးဝိုင်းများအတွင်းမှ သစ်တောဝန်ကြီးဌာနမှ အသုံးမပြုတော့သော နေရာများရှိ လယ်ယာမြေများအား ဥပဒေနဲ့အညီ တရားဝင်လုပ်ကိုင်ခွင့်ရသော လယ်ယာမြေများအဖြစ် နယ်မြေပြင်ဆင်သတ်မှတ်ပေးရေး ဆောင်ရွက်ပေးပါရန်ဆိုလို့ရှိရင်တော့ ကျွန်တော်တို့ ဒါအဲဒီဒေသမှာရှိတဲ့ ပြည်သူများရဲ့ဆန္ဒကို ဆောင်ရွက်ရာ ရောက်မယ်လို့ ကျွန်တော်အနေနဲ့ အကြံပြုတင်ပြလိုပါတယ်။ ကျွန်တော်ထပ်မံပြီးတော့ တင်ပြပါမယ်။ နိုင်ငံအဝှမ်းရှိသစ်တောကြိုးဝိုင်းများအတွင်းမှ သစ်တောရေးရာဝန်ကြီးဌာနမှ အသုံးမပြုတော့သော နေရာများရှိလယ်ယာမြေများအား

ဥပဒေနှင့်အညီ တရားဝင်လုပ်ကိုင်ခွင့်ရသော လယ်ယာမြေများအဖြစ် နယ်မြေပြင်ဆင်သတ်မှတ် ပေးရေးဆောင်ရွက်ပေးပါရန် တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အခု ဦးအောင်မြင့်အဆိုကို ဆွေးနွေးလိုကြောင်း ကျွန်တော့်ဘယ်ဘက်ခြမ်းက လွှတ်တော်ကိုယ်စားလှယ်တစ်ဦး တင်ပြပါတယ်။ ၃-၉-၂၀၁၂ ရက်နေ့က အဆိုနဲ့စပ်လျဉ်းပြီး ဆန့်ကျင်ဘက်ဖြစ်နေတယ်။ ဒါကြောင့်မို့လို့ လွှတ်တော်တစ်ခုအတွင်းမှာ ဒီလိုဆန့်ကျင်ဘက်ဖြစ်တဲ့ အဆိုမျိုး မဆောင်ရွက်သင့်ပါဘူးဆိုတဲ့ဟာ အပြုသဘောအကောင်းမြင်နဲ့ အကြံပြုတာဖြစ်ပါတယ်။ ကျွန်တော်မှတ်မိပါတယ်။ အဲဒီနေ့ ၃-၉-၂၀၁၂ ရက်နေ့မှာ ဆွေးနွေးတုန်းကလည်း ဦးအောင်မြင့်၊ ဂန့်ဂေါပါတယ်လို့ ကျွန်တော်ထင်ပါတယ်။ ဆွေးနွေးတာမပါဘူးဆိုရင်တောင် စာရင်းပေးတဲ့အထဲမှာ ပါတယ်လို့ ကျွန်တော်ထင်ပါတယ်။ အဲဒီတော့ အဲဒီနေ့မှာပဲ အောင်မြေသာစံမဲဆန္ဒနယ်က ဦးအုန်းကြိုင် ဆွေးနွေးတဲ့ ဧရာဝတီတိုင်းအတွင်းက သစ်တောကြိုးဝိုင်းတွေ၊ ဒီရေတောတွေဟာ ပျက်စီးဆုံးရှုံး ခဲ့တယ်ဆိုတာလည်း ဆွေးနွေးသွားတာရှိပါတယ်။ ကျွန်တော်လည်း ဧရာဝတီတိုင်းမှာ ၄ နှစ်ကျော်ကျော် တိုင်းမှူးတာဝန်ထမ်းဆောင်ခဲ့တဲ့အတွက် ဦးအုန်းကြိုင်ဆွေးနွေးတဲ့ဟာအပြင် ကျွန်တော် တော်တော် များများလည်း ကျွန်တော်သိခဲ့ပါတယ်။ ဒီနေ့ဖြစ်နေတာက မြေကြီးနဲ့မြေပုံအခေါ်က ဘယ်ကအခေါ် လည်းဆိုရင် မြေစာရင်းဦးစီးဌာနရဲ့ မြေကြီးနဲ့မြေပုံ မှန်ကန်မှုမရှိ။ အဲဒီတော့ ဧရာဝတီတိုင်းဒေသကြီး အတွင်းမှာ ခုနကပြောတဲ့ အထူးသဖြင့်တော့ ဘိုကလေး ဒီနေ့ သစ်တောရေးရာဝန်ကြီး ဒုတိယ ဝန်ကြီးရဲ့ ဇာတိဖြစ်တဲ့ ဘိုကလေးမှာရှိတဲ့ ကြိုးဝိုင်းတွေ မြေပုံပေါ်မှာကြိုးဝိုင်းတွေ မြေပြင်မှာ ရွာတွေ ဖြစ်တယ်။ ဘုန်းကြီးကျောင်းတွေရှိတယ်။ စာသင်ကျောင်းတွေရှိတယ်။ လယ်ကွက်တွေ ဖြစ်တယ်။ အဲဒီထဲမှာ လပွတ္တာလည်း ဒီအတိုင်းပဲ မိန်းမလှကျွန်းတို့၊ ကျွန်းညိုကြီးတို့ အပြင်လမ်းတို့၊ လယ်ပျောက်တို့ အဲဒီမှာ မူတည်ပြီးတော့ အဲဒီခေတ်ကာလတုန်းက တာဝန်ယူခဲ့တဲ့ အစိုးရပိုင်းမှာလည်း တော်တော်လေး အခက်အခဲတွေ တွေ့ပါတယ်။ မြေပုံပေါ်မှာသစ်တောကြိုးဝိုင်း မြေကြီးပေါ်မှာ လက်တွေ့ကျတဲ့အခါ အိမ်တွေ၊ ကျေးရွာအုပ်စုတွေ ဒါ့ကြောင့်မို့လို့ ဘိုကလေးမြို့နယ်မှာ ကြည့်မယ် ဆိုလို့ရှိရင် ကျေးရွာအုပ်စုတစ်စုဟာ တချို့နေရာမှာ အိမ်ခြေသောင်းဂဏန်းအထိ ရှိပါတယ်။ ဒါကြောင့် ဒီကိစ္စတွေဟာ မြေကြီး၊ မြေပုံတော်တော်လေးကွာခြားချက်တွေ ရှိပါတယ်။ ဒါဖြင့် ၁၉၉၇ ခုနှစ် ကနေ ကျွန်တော် ၂၀၀၁ ခုနှစ်ထိနေခဲ့တဲ့ ကာလကပဲ ဒီလိုလားဆိုတော့ ဒါတင်မကပါဘူး။ ဒီနေ့ ကျွန်တော်တို့ နေပြည်တော် တည်ဆောက်တယ်။ နေပြည်တော်တည်ဆောက်တဲ့အချိန်မှာပဲ တပ်ထဲမှာ ကျွန်တော်တို့ ကျင်လည်ခဲ့တဲ့အတွက် တပ်တွေနေရာချထားပေးဖို့ မြေသိမ်းဆည်းရေးလုပ်တယ်။ လုပ်တဲ့နေရာမှာ

မြေပုံအတိုင်း မြေသိမ်းဆည်းရေးလုပ်တဲ့အခါကျတော့ တချို့သစ်တောကြိုးဝိုင်း၊ တချို့ သစ်တောပြင်ပ ဒီလိုမြေပုံမှာ ပေါ်တယ်။ အဲဒီအတွက် သက်ဆိုင်ရာမြေသိမ်းဆည်းရေးအဖွဲ့က သိမ်းလိုက်တယ်။ ဒါပေမယ့် လက်တွေ့ကျတဲ့အခါကျတော့ အဲဒီမှာ ရွာတွေဖြစ်နေတယ်။ လယ်တွေ ဖြစ်နေတယ်။ သို့ရာတွင် စာရွက်ပေါ်တွင် လုပ်ပြီးတော့ အမိန့်ထုတ်ပြန်လိုက်တဲ့အတွက် ရွာတွေက တရားဥပဒေနဲ့ အညီ ဆောင်ရွက်ရမှာဖြစ်တဲ့အတွက် ရွာတွေက ရွှေ့ပေးလိုက်ရတယ်။ လယ်တွေလည်း ဒီအတိုင်း ထားတယ်။ အဲဒီအချိန်မှာ နောက်ကျတဲ့အခါကျတော့ ဘယ်မှာပြဿနာလာပေါ်သလဲဆိုရင် တပ်မတော်နဲ့ ရွာနဲ့ ပြည်သူတွေနဲ့ တပ်မတော်ကသိမ်းလို့ ဒီလိုဖြစ်တယ်ဆိုပြီးတော့မှ တပ်မတော် အပေါ် လက်ညှိုးထိုးပြီး ပြောတာရှိတယ်။ ဒါပေမယ့် မြေသိမ်းဆည်းရေးလုပ်ငန်းဟာ တကယ်တမ်း ကျတော့ မြေစာရင်းလည်း မဟုတ်ဘူး။ နိုင်ငံတော်အစိုးရက တာဝန်ပေးထားတဲ့ ပုဂ္ဂိုလ်အဖွဲ့အစည်း ကပဲ မြေသိမ်းဆည်းရေးလုပ်တယ်။ အကြမ်းဖျဉ်းပြောမယ်ဆိုရင် ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာန၊ အထွေထွေအုပ်ချုပ် ရေးဦးစီးဌာနကို အဓိကတာဝန်ပေးထားပါတယ်။ အဲဒီမှာမှ သိမ်းဆည်းလိုတဲ့ဌာန၊ အဖွဲ့အစည်းကကိုယ်စားလှယ်၊ မြေစာရင်းဦးစီးဌာနကိုယ်စားလှယ်၊ အဲဒီသိမ်းတဲ့ နေရာသည် စိုက်ပျိုးရေးရှိတယ်ဆိုရင် စိုက်ပျိုးရေးဝန်ကြီးဌာနက ကိုယ်စားလှယ် စသည့်စသည့် သက်ဆိုင်တဲ့သူ များ ပါဝင်ပြီးတော့ မြေသိမ်းဆည်းမှုလုပ်တယ်။ လုပ်တဲ့အခါမှာ မြေပုံပေါ်ကိုပဲကြည့်၊ မြေပြင် မကြည့်တဲ့အတွက် ဒီနေ့ကျွန်တော်တို့ နိုင်ငံအတွင်းမှာ များစွာသော ပြဿနာတွေရှိပါတယ်။ အခုဦးအောင်မြင့်ရဲ့အဆိုနဲ့ ပတ်သက်ပြီးတော့ တစ်ဖက်က ဆွေးနွေးသလို ဆန့်ကျင်တဲ့သဘော ဖြစ်ကောင်းဖြစ်မယ်။ လက်တွေ့မှာကတော့ ဆန့်ကျင်တဲ့အဆိုတစ်ခုဖြစ်နိုင်တယ်။ အဲဒီမှာ ခုနက ဥပဒေကြမ်းကော်မတီ အတွင်းရေးမှူး တင်ပြသလို အဆိုရဲ့နာမည်ပြောင်းပြီး ဆောင်ရွက်မယ် ဆိုလို့ရှိရင် ရှေ့က ၃ ရက်နေ့ကဆိုလို့ရှိရင် ဆွေးနွေးသွားတဲ့အဆိုနဲ့ ဒီနေ့ တင်ပြတဲ့အဆိုဟာ ပဋိပက္ခအသွင် သို့မဟုတ်လို့ရှိရင် ဆန့်ကျင်ဘက် အသွင် မရှိဘဲနဲ့ အဆင်ပြေသွားနိုင်ပါတယ်။ ဒါက မူသဘောအရပြောတာပါ။ ဒါပုဂ္ဂိုလ်ရေးသဘောအရ ပြောမယ်ဆိုလို့ရှိရင် ဖြစ်နိုင်သမျှ အဆိုတွေ ပေါ်မူတည်ပြီးတော့ ဆွေးနွေးတာကို ကြားချင်ပါတယ်။ ဖြစ်နိုင်သမျှ ကျွန်တော်တို့မသိတဲ့အချက်တွေ၊ လွှတ်တော်ကိုယ်စားလှယ်တွေ မသိတဲ့အချက်တွေဟာ ဆွေးနွေးရင်း၊ ဆွေးနွေးရင်းနဲ့မှ အဖြေ ပေါ်လာမှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ကျွန်တော်တင်ပြသလို အဆိုတစ်ခုတက်လာတဲ့အခါမှာ ဒီမိုကရေစီအနိုင်ကျင့်တဲ့သဘောနဲ့ ကိုယ်နဲ့မတူဘူး။ ကိုယ့်ပါတီမဟုတ်ဘူး။ ဒါကြောင့်မို့လို့ ဒီအဆိုကို မတက်စေရဆိုတဲ့စိတ်ထားမျိုး ထားမယ်ဆိုလို့ရှိရင် မှန်ကန်တဲ့စိတ်ထား မဟုတ်ပါဘူး။ ဒီမိုကရေစီရဲ့

သဘောသဘာဝလည်း ဖြစ်နိုင်ရင် လူတိုင်းပါဝင်ဆွေးနွေး အဖြေရှာဖို့ပဲ ဖြစ်တယ်။ အဆိုတစ်ခုဟာ ဆွေးနွေးအဖြေရှာမှ ဒီအဆိုကို ထောက်ခံသင့်၊ မထောက်ခံသင့် အဲဒီလို အဖြေပေါ်မှာ ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ ခုနလက်ထောင်တာတွေ မဆွေးနွေးပါနဲ့ ဆွေးနွေးစရာမလို တော့ပါဘူး။ ဒါကြောင့် ခုနက ဦးအောင်မြင့်ရဲ့အဆိုကို ဖြည့်စွက်ဖို့ ပြောတဲ့စာ အားလုံးတောင် မရလိုက်ပါဘူး။ အဲဒီတော့ ဒီနေ့ ခုနက မြေပြင်မှာဘာတွေဖြစ်နေလဲ မြေပုံအတိုင်းမဟုတ်ဘဲနဲ့ တကယ့်ရွာတွေ ၊ အိမ်တွေ၊ ဘုန်းကြီး ကျောင်းတွေ ပြီးတဲ့အခါမှာ လယ်ကွင်းတွေ ဖြစ်နေပြီးတော့ သစ်ပင်တစ်ပင်မှ မရှိဘူး။ အဲဒီလို နေရာမျိုးကို သစ်ပင်ပြန်စိုက်မလား။ သစ်တောပြန်လုပ်မလား။ သစ်ပင်ပြန်စိုက်မယ် ဆိုရင် အဲဒီမှာ အလုပ်လုပ်နေတဲ့ ရွာဆိုလည်း ရွာဖယ်ပေးရမယ်။ ရွှေ့ပြောင်းပေးရမယ်။ လယ်ဆိုလို့ရှိရင်လည်း အဲဒီလယ်ကို ပြန်အစားရဖို့ ဘယ်သူက လုပ်ပေးမလဲ။ ဒါကြောင့်မို့လို့ မြေပြင်အခြေအနေကို မှန်မှန်ကန်ကန်သုံးသပ်ပြီး သက်ဆိုင်သူဒီနေ့ဆို သစ်တောရေးရာဝန်ကြီးဌာန နောက်အခြား အဖွဲ့အစည်းတွေလည်း ရှိပါတယ်။ သက်ဆိုင်သူများနဲ့ သေသေချာချာဆွေးနွေးညှိနှိုင်းပြီး တဲ့အခါမှာ အဖြေထုတ်တာအကောင်းဆုံးဖြစ်ပါလိမ့်မယ်။ ဒါကြောင့်မို့လို့ မိမိလွှတ်တော်ဥက္ကဋ္ဌ တစ်ယောက် အနေနဲ့ ပြောရမယ်ဆိုလို့ရှိရင် အဆိုတစ်ခုတင်လာတိုင်း၊ ကိုယ်မကြိုက်တိုင်း၊ ကိုယ့်အဖွဲ့က မကြိုက်တိုင်း ဒီမိုကရေစီအနိုင်ကျင့်တဲ့ပုံစံမျိုးနဲ့ အဆိုမဖြစ်မြောက်ရေးအတွက်တော့ မလုပ်ကြစေလို ကြောင်း ကျွန်တော့်အနေနဲ့ တင်ပြချင်ပါတယ်။ ဆွေးနွေးတဲ့အခါမှာ အဖြေပေါ်လာပါ့မယ်။ ညှိနှိုင်းတဲ့ အခါမှာ အဖြေပေါ်လာပါ့မယ်။ ဒါမှ အမှန်တရားရရှိမှာ ဖြစ်ပါတယ်။ ကျွန်တော်တို့လွှတ်တော်က အမှန်တရားကို ရှာဖွေပြီးတော့ ပြည်သူ့အကျိုးပြုဖို့ နိုင်ငံ့အကျိုးပြုဖို့ဆိုတဲ့ စေတနာစိတ်ထားများနဲ့ ဆက်လက်ဆောင်ရွက်သွားဖို့ မေတ္တာရပ်ခံတိုက်တွန်းပါတယ်။ ကဲဒါကြောင့် ခုနက ဒီဖက်မှာစပြီးတော့ တင်ပြစရာရှိပါတယ်။ ဆွေးနွေးစရာရှိပါတယ်ဆိုတဲ့ ထပ်မံဆွေးနွေးမယ့် ပုဂ္ဂိုလ်များနဲ့ပတ်သက်လို့ မိမိရဲ့ သဘောထား၊ သက်ဆိုင်ရာဥပဒေကြမ်းကော်မတီက အတွင်းရေးမှူးရဲ့ ပြောတာနဲ့ပတ်သက်လို့ ဘယ်လိုများ သဘောရပါသလဲ။

**ဦးမြင့်သိန်း(မကွေးမဲဆန္ဒနယ်)**။ ။ ကျွန်တော်ကို ဆိုလိုတာပါလား ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ မှန်ပါတယ်။

**ဦးမြင့်သိန်း(မကွေးမဲဆန္ဒနယ်)**။ ။ ကျွန်တော်ခုနက ဆွေးနွေးစဉ်အခါကလည်း ကျွန်တော် ရှင်းရှင်း တင်ပြပြီးပါပြီ။ ကျွန်တော်ဟာ ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲနဲ့ ဆွေးနွေးတာမဟုတ်ပါဘူး။ မူသဘော အရ ကျွန်တော်ဆွေးနွေးတာပါ။ ကျွန်တော်တို့လွှတ်တော်မှာ ဆွေးနွေးတဲ့ အဆိုတစ်ခုနဲ့တစ်ခု ထိပ်တိုက်

တွေ့နေတယ်လို့ အမြင်ရှိတဲ့အတွက် စောစောက ကျွန်တော်ဆွေးနွေးစဉ်အခါကာလတုန်းကလည်း အဆိုရှင်ရဲ့ထားတဲ့စေတနာအရ ကျွန်တော်တို့ နိုင်ငံအတွင်းမှာရှိနေတဲ့ တောင်သူလယ်သမား အများစု လယ်ယာမြေမှာ မိသားစုတိုးချဲ့လာတာနဲ့အမျှ လယ်ယာမြေတိုးချဲ့လာနိုင်ခြင်းမရှိလို့ လုပ်ကိုင်ရေးကို ဦးတည်တဲ့အတွက် ကျွန်တော် လေးစားအသိအမှတ်ပြုတဲ့ ကျွန်တော်ဆွေးနွေးတဲ့အထဲ ပါပြီးသားပါ။ ကျွန်တော့အမိက စေတနာက ကျွန်တော်တို့ ပြည်သူ့လွှတ်တော်နှင့် ပြည်ထောင်စုအစိုးရ အဖွဲ့ သက်ဆိုင်ရာဥပဒေတွေနဲ့ ထိပ်တိုက်တွေ့လာခဲ့သော် ကျွန်တော်တို့ အဲဒီပဋိပက္ခအသွင်သဏ္ဍာန် ဖြစ်မှာကို ကျွန်တော်စေတနာထားပြီးတော့ တင်ပြတာပဲဖြစ်ပါတယ်။ ဒါကြောင့် ကျွန်တော် နိဂုံးချုပ် ပြောတဲ့အထဲမှာလည်း ဒီဥစ္စာကို အားလုံးကျယ်ကျယ်ပြန့်ပြန့် သက်ဆိုင်ရာသစ်တောရေးရာဝန်ကြီးဌာန လည်း ဒီဥစ္စာကို အားလုံးကျယ်ကျယ်ပြန့်ပြန့် စီစဉ်ပြီးမှ ဆောင်ရွက်သင့်ပါတယ်လို့ ဒါကို အဆုံးသတ် သွားခဲ့ပါတယ်။ ကျွန်တော့်အနေနဲ့ ဒါကို လုံးဝကန့်ကွက်တဲ့ အဓိပ္ပာယ်မဟုတ်ပါဘူး။ ဘာလို့လဲ ဆိုတော့ ကျွန်တော်တို့ လွှတ်တော်အနေနဲ့ ကျွန်တော်တို့ လွှတ်တော်ရဲ့အစဉ်အလာကို ကောင်းမြတ်တဲ့စေတနာ ဖြစ်စေချင်တဲ့စေတနာသန့်သန့်နဲ့ ကျွန်တော် ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲ၊ ဂိုဏ်းဂဏစွဲ ဘာမှမပါပါဘူး။ တစ်ဖက် က တင်လာတဲ့အဆိုကို ကန့်ကွက်ရရင်ပြီးရောဆိုတဲ့ အမြင်နဲ့လည်း မဟုတ်ပါဘူး။ ကျွန်တော့်အမြင်က ရိုးရိုးရှင်းရှင်းလေးပါ။ ဥက္ကဋ္ဌကြီးကို ကျွန်တော်တင်ပြခဲ့သလို ကျွန်တော်တို့ လွှတ်တော်ရဲ့ ဥပဒေပြုရေး မဏ္ဍိုင်အခန်းကဏ္ဍမှာ ခိုင်မာတည့်မတ်စေချင်တဲ့သဘော၊ ထိပ်တိုက်တွေ့နေတယ်လို့ ကျွန်တော့်အမြင် ရှိတဲ့ အတွက် ဒါမဖြစ်အောင် ကျွန်တော်တို့ လွှတ်တော်ကနေ သတိထားပြီးတော့ သက်ဆိုင်ရာ ဝန်ကြီးဌာနနဲ့ ညှိနှိုင်းပြီးတော့ ကျယ်ကျယ်ပြန့်ပြန့် စာရင်းဇယားသတ်သတ်မှတ်မှတ်လုပ်ပြီးတော့ ဆောင်ရွက်ပါလို့ ကျွန်တော်တိုက်တွန်းတာပါ။ ကျွန်တော့်မှာ ကန့်ကွက်တဲ့အဓိပ္ပာယ်မပါပါဘူး။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီ။ ကျွန်တော်မေးတဲ့မေးခွန်းက ခုနက ပါတီစွဲ၊ ပုဂ္ဂိုလ်စွဲကြောင့် ကန့်ကွက်တယ်ဆိုတဲ့သဘောမပါဘူး။ ကျွန်တော်မေးတာက ဒါကြောင့်မို့လို့ ခုနက အဆိုရှင် နောက် အဆိုရှင့်ကိုယ်စား ကိုယ်စားလှယ်တစ်ဦးကနေပြီးတော့ အဆိုကို ဤကဲ့သို့ပြင်ဆင် ဆောင်ရွက်မယ် ဆိုရင် ဒီကိစ္စကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးအနေနဲ့ ဘယ်လိုများ သဘောထားပါသလဲ။ အဲဒီလို ဆိုလို့ရှိရင်တော့ ကျွန်တော့်ဘက်ဆန္ဒကလည်း ဒီအဆိုကို ဒီမှာဆွေးနွေးခြင်းအားဖြင့် ကျယ်ကျယ် ပြန့်ပြန့်သိသွားမယ်။ ခုနက အုတ်ဖိုဒေသက ဆွေးနွေးသလို နောက် ဒီဘက်ကလည်း စစ်ကိုင်းတိုင်း ဒေသကြီးကနေ သူတို့ဆီမှာလည်း ခုနက မြေပုံပေါ်မှာတော့ ကြိုးဝိုင်းကြီး မြေပြင်ကြတဲ့အခါကျတော့ သစ်ပင်တစ်ပင်မှ မရှိဘူး။ လယ်ကွင်းတွေရှိတယ်။ ရွာတွေရှိတယ်။ အဲဒီအတိုင်းပဲ ကျွန်တော်တို့ ဒီ

ပျဉ်းမနားဒေသမှာလည်း ဒါမျိုးတွေရှိတယ်။ အဲဒါတွေကို ကျွန်တော်တို့က မြေပုံပေါ်မှာအတိုင်း ဥပဒေနဲ့အညီ လုပ်တယ်ဆိုတဲ့အနေရာမှာ ဥပဒေအရတော့မှန်တယ်။ ဒါပေမယ့် တရားသဖြင့် မဖြစ်တဲ့ ကိစ္စတွေ ဖြစ်လာတဲ့အခါမျိုးမှာ မိမိပြည်သူတွေပဲ နစ်နာတဲ့အတွက် ကျွန်တော်ဘက်ကတော့ ဒီဆွေးနွေးမှုကို အဆိုဆွေးနွေးမှုကို ထပြီးတော့ ဆွေးနွေးတဲ့ လွှတ်တော်ကိုယ်စားလှယ်အနေနဲ့ လက်ခံသလား၊ လက်မခံဘူးလားမေးခွန်းဖြစ်ပါတယ်။

**ဦးမြင့်သိန်း(မကွေးမဲဆန္ဒနယ်)**။ ။ ဟုတ်ကဲ့။ ခုနက တင်သွင်းပြုပြင်ဖို့ ပြောသွားတဲ့ အဆိုသဘော အရဆိုရင် လက်ခံပါတယ်။ အဲဒီအချက်အလက်ကို ကျွန်တော် လက်ခံပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကောင်းပါပြီး။ ကဲဒါကြောင့် ဂန့်ဂေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့် တင်သွင်းတဲ့အဆိုကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက ထောက်ခံပါတယ်။ ဒီအဆိုကို လက်ခံဆွေးနွေးဖို့ဆိုရင် ဦးအောင်မြင့်ရဲ့အဆိုမှာ တချို့စာသားများ ဖြည့်စွက်ပြီးတော့ ဆွေးနွေးမယ်ဆိုရင် လွှတ်တော်က သဘောတူ၊ မတူ ကျွန်တော်မေးမှာဖြစ်ပါတယ်။ ဒါကြောင့် ဒီအဆိုကို ပြင်ဆင်အဆိုပြုမှုကို လက်ခံဆွေးနွေးရန် သင့်၊ မသင့် လွှတ်တော်ရဲ့ဆန္ဒရယူပါမယ်။ ဦးအောင်မြင့် တင်သွင်းတဲ့ အဆို ၎င်းကို ပြင်ဆင်တဲ့အဆိုကို လက်ခံဆွေးနွေးရန် လွှတ်တော်က သဘောတူပါသလား ခင်ဗျား။

**[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]**

**ဥက္ကဋ္ဌ⊞ဌ**။ ။ သဘောမတူတဲ့သူ ရှိပါသလားခင်ဗျား။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ဂန့်ဂေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့် တင်သွင်းတဲ့အဆိုနဲ့စပ်လျဉ်းပြီး လွှတ်တော်က သဘောတူတဲ့အတွက် လက်ခံဆွေးနွေးရန် ဆုံးဖြတ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ပြီးခဲ့တဲ့ရက်ပိုင်း အတွင်းကလည်း အဆိုနှင့်ပတ်သက်ပြီးတော့ လက်ခံဆွေးနွေးဖို့ဆုံးဖြတ်တဲ့နေရာမှာ အရေးကြီးအဆိုတစ်ခုဆိုရင်တော့ လွှတ်တော်ကိုယ်စားလှယ်များရဲ့ အင်အား ၃ ပုံ ၁ ပုံ ကျော်၊ ၃ ပုံ ၁ ပုံက ထောက်ခံတယ်ဆိုရင် ဒီအရေးကြီးအဆိုဆွေးနွေးဖို့ အတည်ဖြစ်ပါတယ်။ သာမန်ဆိုလို့ရှိရင်တော့ များရာ ထက်ဝက်ကျော်ဘက်က ထောက်ခံတယ်ဆိုရင် အဆိုကို ဆက်လက်ဆွေးနွေးဖို့ ဖြစ်ပါတယ်။ အဲဒီအချိန် ကာလတုန်းက မိမိအနေနဲ့ ၃ ပုံ ၁ ပုံနှင့် ၃ ပုံ ၂ ပုံကို လွဲမှားစွာ၊ လွဲမှားစွာဆိုတာ စိတ်ထဲမှာတော့ ၂ ပုံ ၁ ပုံပေါ့။ ဒါပေမယ့် ပါးစပ်ကတော့ ၃ ပုံ ၁ ပုံ ဖြစ်သွားခဲ့ပါတယ်။ ဒါနှင့်ပတ်သက်လို့ လွှတ်တော်အစည်းအဝေး ပြီးတဲ့အခါမှာ စေတနာကောင်းနှင့် ကျွန်တော်ကို လာရောက်အကြံပေးတဲ့ လွှတ်တော်ကိုယ်စားလှယ် တစ်ဦးကိုလည်း ကျေးဇူးတင်ပါတယ်။

အဲဒီအတိုင်းပါပဲ လွှတ်တော်ဥက္ကဋ္ဌတစ်ယောက်အနေနဲ့တော့ ဝေဖန်အကြံပြုဖို့၊ လိုအပ်တဲ့နေရာမှာလည်း ပြောဆိုဆွေးနွေးဖို့ ကျွန်တော့်ဘက်ကလည်း အမြဲအသင့် ရှိပါတယ်။ ဒါကြောင့်လည်း လွှတ်တော်ကိုယ်စားလှယ်များအားလုံးလည်း ကြားသိပြီး ဖြစ်ပါလိမ့်မယ်။ လွှတ်တော်အစည်းအဝေး တစ်ခုမှာ နောက်ကျတဲ့အတွက် လွှတ်တော်အစည်းအဝေး ဖျက်လိုက်ရပါတယ်။ အဲဒီနည်းတူပဲ သဝဏ်လွှာများပေါ်မူတည်ပြီးတော့ မိမိတို့ဆောင်ရွက်ရမယ့်ကိစ္စများ မဆောင်ရွက်ဘဲနေတာကို လွှတ်တော်ကိုယ်စားလှယ်တစ်ဦးက သံသယရှိစွာနဲ့ လွှတ်တော်ဥက္ကဋ္ဌရဲ့အပေါ်မှာ လူပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ခုများ ရှိနေပါသလား။ ပြီးတဲ့အခါမှာ ကျွန်တော် တို့ လွှတ်တော်ကိုယ်စားလှယ်တွေက လွှတ်တော် လာရောက်တက်နေတယ်။ အချိန်ကုန်လူပန်း ဆောင်ရွက်နေတယ်။ ဒါပေမယ့် လွှတ်တော် ဥက္ကဋ္ဌက ဒီအစည်းအဝေးကို မတက်ရောက်ဘဲ ဖျက်သိမ်းလိုက်ခြင်းဟာ လွှတ်တော်အပေါ် မလေးစားရာမရောက်ဘူးလားစသဖြင့် ဒီလိုမေးတဲ့ မေးမြန်းမှုနှင့်ပတ်သက်လို့လည်း ကျွန်တော် အမေးခံနိုင်ပါတယ်။ အဝေဖန်ခံနိုင်ပါတယ်။ ဒါကြောင့် အဲဒီနေ့ကပဲ ကျွန်တော်ပြန်ပြီးတော့ ရှင်းပြလိုက်တာ ဖြစ်ပါတယ်။ အခုလည်း ခုနကနာမည်တော့ မသိပါဘူး။ စေတနာကောင်းနှင့် ဆွေးနွေး အကြံပြုတာကိုလည်း လက်ခံပါတယ်။ ဒါပေမယ့် ထပ်ပြီးတော့ရှင်းပြတာက အဆိုတစ်ခု တင်လာတိုင်း၊ တင်လာတိုင်း ဘယ်အဖွဲ့က တင်လို့၊ ဘယ်သူတင်လို့ ဒီအဆိုအတွက်မဆွေးနွေးစေရ ဘူးဆိုတဲ့အစား ခုနကပြောသလို ကျွန်တော်တို့ လွှတ်တော်မှာ ခံယူထားတဲ့ ပါတီစွဲ၊ ဝါဒစွဲ၊ ဒေသစွဲ၊ လူမျိုးစွဲကင်းပြီး တော့ သူရဲ့အဆိုကို ဖြစ်နိုင်သမျှ လက်ခံနားထောင်ပြီးတော့ အဖြေရှာဆုံးဖြတ်တာ အကောင်းဆုံးပါ။ အဆိုရဲ့နောက်ကွယ်မှာ ကျွန်တော်တို့ မသိတာတွေလည်း အများကြီးရှိပါတယ်။ အဲဒီအတိုင်းပဲ အဲဒီ အဆိုရှင်တစ်ယောက်တည်းနဲ့ ပြည့်စုံစွာ မဖော်ပြနိုင်တာတွေလည်း အများကြီးရှိပါတယ်။ အဲဒီ အလေ့အထ၊ အလေ့အကျင့်တွေကို မဆောင်ရွက်ပေးနိုင်ခဲ့လို့၊ မဆောင်ရွက်ကြလို့ ဒီနေ့ဒီအချိန်တွေ မှာ ဒီလိုဖြစ်တာပါ။ ဒါကြောင့် လွှတ်တော်အတွင်းမှာတော့ ဒီမိုကရေစီကျင့်စဉ် နည်းလမ်းများကို ပြည့်ပြည့်ဝဝမှန်မှန်ကန်ကန် အသုံးချဖို့ ဖိတ်ခေါ်သလို မိမိ၏လွှတ်တော်အပေါ်၊ လွှတ်တော်ဥက္ကဋ္ဌ အပေါ်လည်း အချိန်မရွေး ဝေဖန်သုံးသပ် အကြံပြုပေးရေးအတွက် ဖိတ်ခေါ်ပါတယ်။ ထို့နည်းတူစွာပဲ ကျွန်တော်ကို သီးခြားလာရောက်ပြီးတော့ အကြံပြုပြောကြားပေးတဲ့အတွက်များစွာ ကျေးဇူး တင်ပါတယ်။ ဒါကြောင့်လည်း လွှတ်တော်မှာ ကျွန်တော် ပြန်လည်ရှင်းလင်းတင်ပြခွင့်ရတာ ဖြစ်ပါတယ်။ အဲဒီနေ့က ကျွန်တော် နှုတ်က ပြောလိုက်တဲ့ ၃ ပုံ ၁ ပုံ ရှိတယ် ဆိုလို့ရှိရင် ဒီအဆိုဟာ အတည်ဖြစ်တယ်။ ဒါကြောင့်မို့လို့ မဲခွဲမယ်ဆိုတဲ့အခါမှာ ဒီကျွန်တော်တို့ စက်ခလုတ်က ဖော်ပြ

ပေးတဲ့ဟာ မှားခဲ့တယ်။ နောက်တစ်ခါပြန်ပြီး အတည်ဖြစ်ခဲ့တယ်။ ပြီးတဲ့အခါမှာ ထပ်ပြီးတော့ လူကိုယ်တိုင်ကျွန်တော်တို့ မဲခွဲပါတယ်။ မဲခွဲတဲ့အခါမှာ အဲဒီနေ့က အစည်းအဝေးတက်ရောက်သူ ၃၈၃ ဦး၊ ဒါပေမယ့် အဆုံး အဖြတ်ခံယူတဲ့အချိန်မှာ ခန်းမအတွင်းမှာ ၃၅၂ ဦးရှိပါတယ်။ ကျန်တဲ့ ပုဂ္ဂိုလ်များ လွှတ်တော်ကိုယ်စားလှယ်များ ပျက်ကွက်ခဲ့ပါတယ်။ ထောက်ခံဆန္ဒမဲ၊ ကန့်ကွက်မဲ ဆောင်ရွက်တဲ့ နေရာမှာ ထောက်ခံဆန္ဒမဲပေးသူ ၁၇၇ ဦး ဖြစ်ပါတယ်။ ထက်ဝက်အင်အား က ၁၇၆ ဦး ဖြစ်ပါတယ်။ ဒါကြောင့် မို့လို့ တစ်မဲအသာ ထောက်ခံသူက ပိုပါတယ်။ တစ်ဝက်ကျော် ဖြစ်ပါတယ်။ ဒါကြောင့်မို့လို့ အဲဒီနေ့က ကျွန်တော်ရဲ့ ဆုံးဖြတ်ချက်၊ လွှတ်တော်ရဲ့ ဆုံးဖြတ်ချက်ကလည်း မှားယွင်းမှုမရှိကြောင်း။ သို့ရာတွင် ခုနက အပြောမှာတော့ လိုအပ်ချက်တစ်ခုဖြစ်ကြောင်း လွှတ်တော်ကို ပြန်လည်ရှင်းလင်း တင်ပြခြင်း ဖြစ်ပါတယ်။

## ဦးအောင်မြင့်၊ ဂန့်ဂေါမဲဆန္ဒနယ်၏ အဆိုနှင့်စပ်လျဉ်း၍ ဆွေးနွေးလိုသည့် လွှတ်တော်ကိုယ်စားလှယ်များရှိလျှင် အမည်စာရင်းတင်သွင်းနိုင်ကြောင်း ဥက္ကဋ္ဌကကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ ဂန့်ဂေါမဲဆန္ဒနယ်မှ လွှတ်တော်ကိုယ်စားလှယ် ဦးအောင်မြင့် တင်သွင်းတဲ့ အဆိုကို ဆွေးနွေးမယ့်ရက်ထပ်မံကြေညာပါမယ်။ ဆွေးနွေးလိုတဲ့ လွှတ်တော်ကိုယ်စားလှယ်များ အနေနဲ့ ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၇ ရက် ၁၃း၀၀ နာရီအချိန်ရောက် ပြည်သူ့လွှတ်တော် ဒုတိယ ညွှန်ကြားရေးမှူးချုပ်ထံ အမည်စာရင်းတင်သွင်းရန် ဖြစ်ပါတယ်။

## ဦးသိန်းညွှန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်၏ အဂတိလိုက်စားမှု တားမြစ်ရေး ဥပဒေကြမ်းကို လက်ခံဆွေးနွေးရန် အဆိုတင်သွင်းခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၈ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွှန့်က ဥပဒေကြမ်းတစ်ခု ပေးပို့ ထားပါတယ်။ ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁ နည်းဥပဒေခွဲ(ခ)အရ အဂတိလိုက်စားမှု တားမြစ်ရေးဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က လက်ခံဆွေးနွေးရေးအဆိုကို တင်သွင်းဖို့ ဦးသိန်းညွှန့်အား ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွှန့်(သဃ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော် ဒီဥပဒေကြမ်းနှင့်ပတ်သက်ပြီး

တော့ အရင်ဆုံးလွှတ်တော်ကို ရှင်းလင်းတင်ပြပါ့မယ်။ ပြီးတော့ ကျွန်တော့်သဘောထားကိုလည်း ဆက်ပြီးတော့ တင်ပြပါမယ်။ ကျွန်တော် ဒီဥပဒေကြမ်းကို တင်သွင်းရတဲ့ အကြောင်းရင်းကတော့ ပထမအကြိမ်ပြည်သူ့လွှတ်တော် တတိယပုံမှန်အစည်းအဝေးမှာ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သော အုပ်ချုပ်ရေး ပေါ်ပေါက်ရေးအတွက် အဂတိလိုက်စားမှုများကို ထိရောက်စွာအရေးယူနိုင်ရန် လွှတ်လပ်ပြီး အများပြည်သူယုံကြည်လက်ခံနိုင်သော အမျိုးသားအဂတိလိုက်စားမှုတားမြစ်ရေး ကော်မရှင်တစ်ရပ်ကို ဖွဲ့စည်းနိုင်ရေးအတွက် နိုင်ငံတော်အစိုးရအား ဤလွှတ်တော်မှ တိုက်တွန်းကြောင်းအဆိုတင်ခဲ့ပါတယ်။ အဲဒီအဆိုဟာ အဲဒီအချိန်တုန်းက ပွင့်ပွင့်လင်းလင်းတင်ပြရရင် ခုနက ဥက္ကဋ္ဌကြီး ရှင်းပြတဲ့အတိုင်း ဆွေးနွေးခွင့်ရပါ့မလားဆိုတဲ့အထိ ကျွန်တော် စိုးရိမ်ပူပန်မိပါတယ်။ ဒါပေမယ့် ဥက္ကဋ္ဌကြီးရဲ့ အဆိုတစ်ရပ်အပေါ်မှာ တတ်နိုင်သမျှ ဆွေးနွေးစေချင်တဲ့ ဥက္ကဋ္ဌကြီးရဲ့ သဘောထားအပေါ်မှာ မူတည်ပြီးတော့ ကျွန်တော့်အဆိုလေးဟာ ဒီမိုကရေစီအနိုင်ကျင့်မှုနဲ့ ကင်းလွတ်ပြီးတော့ မီးဖွားသန့်စင်ပြီးခဲ့တဲ့ အဆင့်ရောက်ခဲ့ပါတယ်။ အဲတော့ ဆက်လက်ပြီးတော ဒီအဆိုကို လွှတ်တော်ကိုယ်စားလှယ် ၁၃ ဦးက ထောက်ခံဆွေးနွေးဖို့ လုပ်တဲ့အချိန်မှာပဲ အမျိုးသားလွှတ်တော်မှာ Anticorruption Law နှင့်ပတ်သက်ပြီးတော့ အာဆီယံ ၉ နိုင်ငံ၊ တရုတ်ပြည်သူ့သမ္မတနိုင်ငံ၊ ဘင်္ဂလားဒေ့ရှ်နိုင်ငံနှင့် ကုလသမ္မဂ Anticorruption law ဆိုင်ရာ စာတွဲ ၁၅ တွဲ၊ မိတ္တူတစ်စုံစီကို ကိုယ်စားလှယ်တွေလေ့လာနိုင်ဖို့ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌဆီက ရရှိလာပါတယ်။ အဲဒီအပေါ်မှာမူတည်ပြီးတော့ ကျွန်တော် ဥက္ကဋ္ဌကြီးရဲ့သဘောဆန္ဒ ကိုရယူပြီးတော့ ကျွန်တော် မူလအဆိုကို ပြန်ပြင်ခဲ့ပါတယ်။ အဲ့ဒါကတော့ သန့်ရှင်းသောအစိုးရ၊ ကောင်းမွန်သောအုပ်ချုပ်ရေး ပေါ်ပေါက်ရေးအတွက် အဂတိလိုက်စားမှုများကို ထိရောက်စွာအရေးယူနိုင်ရန် အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေ Anticorruption Law အားပြင်ဆင်ရေးဆွဲရေးနှင့် ဥပဒေပြဋ္ဌာန်းပြီးနောက် ဥပဒေနှင့်အညီ တိကျစွာလိုက်နာဆောင်ရွက်ရေးအတွက် ပြည်ထောင်စုလွှတ်တော်သို့ တင်ပြအဆုံးအဖြတ်ခံယူရန် ဆိုပြီးတော့ ပြောင်းလဲခဲ့ပါတယ်။ အဲဒီအပေါ်မှာမူတည်ပြီးတော့ လွှတ်တော် မေ လ ၂ ရက် နားတဲ့အချိန်မှာ ကျွန်တော်တို့လွှတ်တော်အတွင်း အတွေ့အကြုံအရပြောရရင် သက်ဆိုင်ရာ ဝန်ကြီးဌာနကို ကျွန်တော်တို့က အားကိုးတကြီးနဲ့ ဥပဒေကြမ်း တင်လာတာကို စောင့်စားတဲ့အခါမှာ လက်တွေ့မှာ အင်မတန်မှ ကြန့်ကြာခဲ့ပါတယ်။ နမူနာပြောရရင် ပုံနှိပ်ဥပဒေ ပြန်ကြားရေးဝန်ကြီးဌာန၊ အကျဉ်းထောင်ဥပဒေ ပြည်ထဲရေးဝန်ကြီးဌာန ဒီဥပဒေတွေတင်လာမယ့်ရက်ကို ကျွန်တော်တို့ စောင့်စားခဲ့တာ တစ်နှစ်ကျော် ကြာပါပြီ။ အဲဒီ အတွေ့အကြုံအရ ကျွန်တော်က ကျွန်တော်တို့နိုင်ငံရဲ့

အဂတိလိုက်စားမှုဟာ နိုင်ငံဂုဏ်သိက္ခာကို ထိခိုက်တယ်ဆိုတဲ့ သမ္မတကြီးပြောကြားချက် လက်တွေ့မှာ လာဘ်ပေး လာဘ်ယူမှုဟာ ရေများများလောင်းနိုင်တဲ့ ဝေါဟာရနဲ့ ကြီးပြင်းလာရတဲ့ ယဉ်ကျေးမှုကြီး ဖြစ်လာရတဲ့အတွက် လည်းကောင်း၊ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု အမှန်တကယ်လာရောက် မြှုပ်နှံဖို့ဆိုရင် ကျွန်တော်တို့နိုင်ငံရဲ့ ဥပဒေများကို လေ့လာဆန်းစစ်နေပါတယ်။ အဲဒီအပြင် ကျွန်တော်တို့ နိုင်ငံရဲ့ ပူပူနွေးနွေး အတွေ့အကြုံအရ ကျွန်တော်တို့ဌ် နိုင်ငံဟာသာမန်လူတွေ လာဘ်စားတဲ့နိုင်ငံမဟုတ်ဘူး ဝန်ကြီးချုပ်အဆင့် ပုဂ္ဂိုလ်တောင်လာဘ်စား ခဲ့တယ်ဆိုတာ ပြည်ထောင်စုမြန်မာနိုင်ငံတော် နိုင်ငံတော် အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ က ၂၀၀၅ ခုနှစ် ဥပဒေနှင့်အမိန့်များကို ဖတ်လိုက်တဲ့ အခါမှာ လေ့လာတဲ့အခါမှာ ဝန်ကြီးချုပ်ဟောင်းပုဂ္ဂိုလ်ကိုယ်တိုင် အဂတိလိုက်စားမှုများ အပါအဝင် အဂတိလိုက်စားမှုဟာ ထိပ်ဆုံးကပါလာပါတယ်။ ဒီလိုနိုင်ငံဖြစ်တဲ့အတွက် အဂတိလိုက်စားမှု တားမြစ်ရေးဥပဒေတစ်ရပ် ရေးဆွဲဖို့လိုအပ်မယ်လို့ ကျွန်တော် ယူဆခဲ့ပါတယ်။

လေးစားအပ်ပါသော လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အလျဉ်းသင့်လို့ ဒီဝန်ကြီးချုပ် အဂတိလိုက် စားမှု အရေးယူရေးကိစ္စမှာ ကျွန်တော်တို့ လွှတ်တော်ဥက္ကဋ္ဌကြီးက တပ်မတော်ဗိုလ်ချုပ်ကြီး တစ်ယောက်အနေဖြင့် တရားဥပဒေအထက်မှာ ဘယ်သူမှမရှိရဘူးလို့ အဲဒီတုန်းက ပြတ်ပြတ်သားသား ရှင်းရှင်းလင်းလင်း ပြောကြားခဲ့တာကိုလည်း ကျွန်တော် ယနေ့အထိ မှတ်ရမိပါတယ်။ ဒီ့အပြင် ပြတ်ပြတ်ထင်ထင် တပ်မတော်ခေါင်းဆောင် ဘဝမှာတည်းက ပြောကြားခဲ့တဲ့ လွှတ်တော်ဥက္ကဋ္ဌကြီးဟာ ကျွန်တော်တို့ရဲ့ ဥပဒေပြုအခန်းကဏ္ဍမှာ ဒီနေ့ဒီမိုကရေစီပြုပြင်ပြောင်းလဲရေးအတွက် ရဲရဲဝံ့ဝံ့ ဦးဆောင်မှုပေးနေတဲ့ဟာကိုလည်း ကျွန်တော် လွှတ်တော်ကိုယ်စားလှယ်တစ်ယောက်အနေဖြင့် အမြဲတမ်းလေးစားကြောင်း ကျွန်တော် အခုလိုကြုံကြိုက်တုန်း ထုတ်ဖော်ပြောကြားပါရစေ။ အဲတော့ ဥက္ကဋ္ဌကြီးခင်ဗျား။ အဂတိလိုက်စားမှု တားမြစ်မှုဥပဒေကို

**ဥက္ကဋ္ဌ**။ ။ နည်းနည်း သိပ်မမြောက်နဲ့နော်။ အပေါ် ကို ရောက်သွားဦးမယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ ကျွန်တော်မြှောက်နေတာ မဟုတ်ပါဘူး။ ယနေ့ရောက်နေတဲ့ နိုင်ငံရေးအခြေအနေအရ ပြောသင့်ပြောထိုက်တာကို ပြောရမယ့် အချိန်ရောက်လို့ ကျွန်တော် ပြောတာပါ။ ကျွန်တော် မနက်ကပဲ ပြစ်စာလား သို့မဟုတ် လက်သိပ် ထိုးတဲ့စာတစ်စောင်ကိုဖတ်ခဲ့ရလို့ ကျွန်တော် အလျဉ်းသင့်လို့ အခုလိုပြောရခြင်း ဖြစ်ပါတယ်။ စာပါ အကြောင်းအရာကတော့ ဒေါ်ခင်စောဝေသိပါတယ်။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အဲတော့ ကျွန်တော်ရေးဆွဲတဲ့အခါမှာ စင်္ကာပူနိုင်ငံရဲ့ဥပဒေ၊ အင်ဒိုနီးရှားအတွေ့အကြုံ ပြီးတော့မလေးရှားနိုင်ငံရဲ့

ဥပဒေစသည်တို့နဲ့ မြန်မာနိုင်ငံရဲ့ ၁၉၄၈ ခုနှစ် အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေကို စသည်တို့နဲ့ လေ့လာပြီးတော့ ကျွန်တော် ဥပဒေရေးဆွဲခဲ့ပါတယ်။ ရေးဆွဲပြီးတော့ လွှတ်တော်ရဲ့နည်းအတိုင်းပဲ ကျွန်တော် ပေးပို့ခဲ့ပါတယ်။ အဲဒီကျွန်တော် ပေးပို့ခဲ့တဲ့အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေမူကြမ်းကို ပြည်သူ့လွှတ်တော်ဆိုင်ရာ နည်းဥပဒေ ၁၅၁ (က) အရ အခုလွှတ်တော်ကိုယ်စားလှယ်များကို ဖြန့်ဝေထားပြီးဖြစ်ပါတယ်။ ဖြန့်ဝေတဲ့ရက်က ၂၀၁၂ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့ပါ။ ဒါပေမယ့် အဲဒီနောက်ပိုင်းမှာ နှစ်ပတ်လောက်အတွင်းမှာ နိုင်ငံပိုင်သတင်းစာတွေမှာ လာဘ်ပေးလာဘ်ယူ ဥပဒေကြမ်းဆိုပြီးတော့ ထည့်သွင်းလာတဲ့အခါမှာမီဒီယာတွေကကျွန်တော်ကို ဝိုင်းမေးလာပါတယ်။ ကျွန်တော့်ဥပဒေလား။ ဟာကျွန်တော်မဟုတ်ဘူး။ ဒါတော့ကျွန်တော် ပြောနိုင်ပါဘူး။ ဒါပေမဲ့ ဘယ်က တင်တယ်ဆိုတာတော့ သတင်းစာမှာမပါတော့ ကျွန်တော်မပြောနိုင်ပါဘူး။ ဒါပေမဲ့ ဩဂုတ်လ ၇ ရက်နေ့နဲ့ လွှတ်တော်ကို လာဘ်ပေးလာဘ်ယူပပျောက်ရေးဥပဒေကြမ်းပို့တဲ့အခါမှ ဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌက ပေးပို့လာကြောင်း ကျွန်တော်လေ့လာတွေ့ရှိရပါတယ်။ ဥက္ကဋ္ဌကြီး ခင်ဗျား။ ကျွန်တော့်ဥပဒေနဲ့ ဘဏ္ဍာရေးနှင့်ဥပဒေရေးရာကော်မရှင်က ပေးပို့လာတဲ့ အမျိုးသား လွှတ်တော်က ပေးပို့လာတဲ့ဥပဒေဟာ ကျွန်တော့်ဥပဒေကတော့ အခန်း ၁၁ ခန်း၊ ပုဒ်မ ၃၄ ခုပါပါတယ်။ လွှတ်တော်ကိုယ်စားလှယ်တွေကို လွှတ်တော်ရုံးက ဖြန့်ဝေပြီးဖြစ်ပါတယ်။ အခုဘဏ္ဍာရေးနှင့် ဥပဒေရေးရာကော်မရှင်ဥက္ကဋ္ဌကပေးပို့တဲ့ ဥပဒေကြမ်းကတော့ အခန်း ၁၁ ခန်းနဲ့ ပုဒ်မခွဲ ၇၂ ခု ပါပါတယ်။ အဲဒီတော့ ဒီမှာကျွန်တော့်ဥပဒေမှာလည်း ကျွန်တော်လိုချင်တဲ့ အချက်က မူလကျွန်တော့်အဆိုမှာ တုန်းကပြောတဲ့ ကော်မရှင်မှာပဲ အဲဒီတော့ ကျွန်တော့်ဥပဒေမှာ အခန်း (၂) မှာ အဂတိလိုက်စားမှုကို တားမြစ်ရေးကော်မရှင်ကို ဖွဲ့စည်းခြင်းနှင့် ခန့်အပ်တာဝန်ကိုပေးခြင်း အဲဒီမှာလည်း နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော် ဥက္ကဋ္ဌများရဲ့တာဝန်နဲ့ အခု ဒီဘဏ္ဍာရေးနှင့်ဥပဒေကော်မရှင်က ပေးလာတဲ့အခါမှာလည်း လာဘ်ပေးလာဘ်ယူပပျောက်ရေး ကော်မရှင်ဖွဲ့စည်းခြင်းနှင့် ယင်း၏ တာဝန်လုပ်ပိုင်ခွင့်များ ပါလာပါတယ်။ အဲဒီတော့ အနှစ်သာရအားဖြင့် ပြောမယ်ဆိုရင်တော့ တော်တော်များများတူတဲ့ အချက်တွေ မူသဘောတူတဲ့ အချက်တွေပါလာပါတယ်။ နောက်တစ်ခါ အခန်း (၁၁) အထွေထွေမှာ ကျွန်တော် ပုဒ်မ ၃၄ မှာ ၁၉၄၈ခုနှစ် အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေ၊ ၁၉၄၈ခုနှစ် အက်ဥပဒေအမှတ် ၇ ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်ဆိုတာ ကျွန်တော့်ဥပဒေမူကြမ်းမှာလည်း ပါပါတယ်။ အခု လွှတ်တော်ကို အမျိုးသားလွှတ်တော်က ပေးပို့လာတဲ့ ဥပဒေမှာလည်း ပုဒ်မ ၇၂ မှာ ၁၉၄၈ခုနှစ် အဂတိလိုက်စားမှုတားမြစ်ရေး အက်ဥပဒေ၊ အက်ဥပဒေ

အမှတ် ၆၇/၄၈ ကို ဤဥပဒေဖြင့် ရုပ်သိမ်းလိုက်သည်လို့ ပါပါတယ်။ အဲဒီလို နှစ်ခုယှဉ်လိုက်တဲ့ အခါမှာ အမျိုးသားလွှတ်တော်က အတည်ပြု၍ပေးပို့လာတဲ့ ဥပဒေကြမ်းကို ဩဂုတ်လ ၂၂ ရက်နေ့မှာ ပြည်သူ့ လွှတ်တော်ရဲ့ ဥပဒေကြမ်းကော်မတီကလည်း လေ့လာစိစစ်ပြီးတော့ အစီရင်ခံတင်ပြခဲ့ပြီး ဖြစ်ပါတယ်။ အဲတော့ မူလတင်စဉ်ထဲကပင် ကျွန်တော်အဆိုလောက်မူတည်ပြီး တင်ခဲ့တာပါ။ အထူးသဖြင့် လက်တွေ့မှာ အထူးစုံစမ်းစစ်ဆေးမှုအုပ်ချုပ်ရေး အဖွဲ့နှင့် အထူးစုံစမ်းစစ်ဆေးရေးဌာန အက်ဥပဒေတို့ဟာ ခေတ်နဲ့မလျော်ညီတဲ့အတွက် ကော်မရှင်ဖွဲ့ဖို့သင့်ပါတယ်။ အခုတော့ဘာဖြစ်ဖြစ် ကျွန်တော်တို့ တိုင်းပြည်အတွက် အင်မတန်လိုအပ်တဲ့ ဥပဒေတစ်ခုကို လွှတ်တော်က ပြန်လည်ပြီးတော့ ပြဋ္ဌာန်းနိုင်မယ့် အခြေအနေရောက်တဲ့အတွက် ဒါကျွန်တော့်အနေနဲ့ပြောရင် ဘယ်သူပဲတင်လာ၊ တင်လာ ဒီဥပဒေပေါ်ပေါက်လာမယ်ဆိုရင် အင်မတန်ကျေနပ်ပါတယ်။ အဲဒီလိုကျေနပ်တဲ့အတွက်လည်း တင်ထားတဲ့ ဥပဒေနဲ့ပတ်သက်ရင် ကျွန်တော့်ရပ်တည်ချက်ကတော့ ဒီဥပဒေတင်တာဟာ ပုဂ္ဂိုလ်ရေး အရလည်းမဟုတ်ဘူး။ ပါတီစွဲ၊ လူမျိုးစွဲ၊ အုပ်စုစွဲ၊ ဂိုဏ်းဂဏ စိတ်ဓာတ်လည်းမရှိပါဘူး။ ဘယ်သူတင်တင် တိုင်းပြည်အတွက် လိုအပ်တဲ့ ဥပဒေတစ်ရပ်တင်လာတဲ့အတွက် ကျွန်တော်လက်ခံပါတယ်။ ဒါကြောင့် ကျွန်တော့်အနေနဲ့ မူလအစပျိုးခဲ့တဲ့ ဒါလည်းအစပျိုးခဲ့တယ်ဆိုတဲ့နေရာမှာ ကြုံတုန်းပြောပါရစေ။ ကိုဖီအာနန် ပြောတဲ့စကား ပြောသမျှကြုံးသလို စကားနဲ့ပြောရင် အဂတိလိုက်စားမှုဟာ ဆင်းရဲမွဲ တေစေတယ်ဆိုတဲ့ အဆိုအမိန့်ပါ။ အခုဆင်းရဲမွဲတေနေခြင်းဟာ အဂတိလိုက်စားမှုရောဂါရဲ့ ဒဏ်ရာ ဒဏ်ချက် တွေပဲဖြစ်တယ်လို့ ကျွန်တော်ယုံကြည်တယ်။ ဒါကြောင့် ဒီဥပဒေပေါ်လာတဲ့အခါမှာ ကျွန်တော်ကစပြီးတော့ အဆိုပြုခဲ့ပေမယ့် သတင်းစာထဲပါလာတဲ့ အချိန်အထိ ကျွန်တော်မသိခဲ့တဲ့ ဒီဥပဒေ လာဘ်ပေးလာဘ်ယူပပျောက်ရေး ဥပဒေကြမ်းကို အခုဘဏ္ဍာရေးနှင့် ဥပဒေကော်မရှင်ကနေ ပေးပို့လာတာကို သိတဲ့အတွက် ကျွန်တော့်ရဲ့သဘောထားကတော့ ပြည်သူ့လွှတ်တော် နည်းဥပဒေနဲ့ အညီ ကျွန်တော့်ဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်တွေကို ဖြန့်ဝေထားပြီးပြီ။ အဲနည်းဥပဒေ ၁၅၁ (၂) မှာကတော့ လွှတ်တော်အစည်းအဝေးက လက်ခံဆွေးနွေးရန် သင့်၊ မသင့် အစည်းအဝေး အဆုံးအဖြတ်ရယူရမယ်ဆိုတော့ ကျွန်တော့်ဥပဒေက လက်ခံရန်မသင့်တဲ့ ဥပဒေကြမ်းမဟုတ်ပါဘူး။ သို့သော်ကော်မရှင်တစ်ခုကတင်လာတဲ့ ဥပဒေဟာ ကျွန်တော်တစ်ဦးချင်းပြုစုတဲ့ ဥပဒေထက်ကို ပိုပြီးတော့ အရေးအသားကျစ်လစ်ပါတယ်။ ပိုပြီးတော့လည်း ပုဒ်မတွေလည်းများပါတယ်။ အဲဒါကြောင့် ကျွန်တော့်ဥပဒေကြမ်းကို ဥက္ကဋ္ဌကြီးကခွင့်ပြုမယ်ဆိုရင် ကျွန်တော်ပြန်လည်ရုပ်သိမ်းပြီးတော့ ဒီနေ့ လွှတ်တော်မှာ ပြင်ဆင်တင်သွင်းမယ့် ဥပဒေကြမ်းကော်မတီကပေးပို့ထားတဲ့ ပြင်ဆင်ချက်ဇယားတွေ

မှာပါ ကျွန်တော်ပြင်ဆင်ချက်များကို တင်သွင်းပါ့မယ်။ အဲဒီပြင်ဆင်ချက်များကလည်း ကျွန်တော်ကြိုပြီးတော့ ပြောရမယ်ဆိုရင် လာဘ်ပေးလာဘ်ယူမှုဥပဒေကို အဂတိလိုက်စားမှု တာမြစ်ရေးဥပဒေဖြင့် ပြန်လည်ပြီးတော့ မူလအမည်အတိုင်းပေးလာတဲ့အတွက် ကျွန်တော်ကျေနပ်ကြောင်းပြောရင်းနဲ့ ကျွန်တော့် ဥပဒေကြမ်းကို ပြန်လည်ရုပ်သိမ်းခွင့်ပြုပါရန် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်ကြီးအား လေးလေးစားစား တင်ပြအပ်ပါတယ်။ အားလုံးကို ကျေးဇူးတင်ပါတယ်။ (သြဘာသံများ )

**ဥက္ကဋ္ဌ**။ ။ ဦးသိန်းညွန့် တင်သွင်းထားတဲ့ဥပဒေကြမ်းကို လွှတ်တော်က ရုပ်သိမ်းခွင့်ပြုပါသလား။

**[**သုံးကြိမ်တိုင်တိုင် မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။ **]**

**ဥက္ကဋ္ဌ**။ ။ ရုပ်သိမ်းခွင့်ပြုတဲ့အတွက် ဦးသိန်းညွန့်တင်သွင်းထားတဲ့ ဥပဒေကြမ်းအားပြန်လည်ရုပ်သိမ်းခွင့်အား အတည်ပြုကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဒီဥပဒေကြမ်းကို အမျိုးသားလွှတ်တော်မှာ စတင်ရေးဆွဲတယ်ဆိုသော်လည်း ပြည်သူ့လွှတ်တော်ဘက်က ဥပဒေရေးရာနှင့် အထူးကိစ္စရပ်များ ကော်မရှင်က အဖွဲ့ဝင်များလည်း ရေးဆွဲတဲ့နေရာမှာပါကြောင်း လွှတ်တော်နဲ့ ဦးသိန်းညွန့်တို့ကိုလည်း အသိပေးလိုပါတယ်။ ဒါကြောင့်မို့လို့ ဒီဥပဒေကြမ်းဟာ အမျိုးသားလွှတ်တော်မှာ စတင်ဆွေးနွေးပြီး အတည်ပြုခဲ့တယ် ဆိုတဲ့နေရာမှာလည်း ကျွန်တော်တို့ ပြည်သူ့လွှတ်တော်ဘက်က ဥပဒေရေးရာကော်မရှင်က တစ်ချို့ပုဂ္ဂိုလ်များလည်း ပါဝင်ကြောင်း တင်ပြခြင်း ဖြစ်ပါတယ်။

## အမျိုးသားလွှတ်တော်မှ အတည်ပြုချက်ဖြင့်ပေးပို့သော လာဘ်ပေးလာဘ်ယူမှုပပျောက်ရေး ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ပြင်ဆင်ချက်အဆို တင်သွင်းထားသည့် တစ်ပိုဒ်ချင်းစီအလိုက် ဆွေးနွေး၍ အတည်ပြုနိုင်ရန် အတွက် ဥပဒေကြမ်းကော်မတီက ပြန်လည်စိစစ် ဆောင်ရွက်ခြင်း၊ ပြည်သူ့လွှတ်တော်၏ အဆုံးအဖြတ်ရယူခြင်း

**ဥက္ကဋ္ဌ**။ ။ အစီအစဉ် ၁၁ ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ယခုလွှတ်တော်ကိုတင်ပြထားတဲ့ မူလဥပဒေကြမ်း၊ ဥပဒေကြမ်းအပေါ်မှာ ပြင်ဆင်အဆိုပြုထားတဲ့ ကန့်လန့်ဖြတ်ဇယား၊ ကန့်လန့်ဖြတ်ဇယားမှာမှ အားလုံးပေါင်း ပြင်ဆင်အဆိုပြုထားတဲ့ အမှတ်စဉ်အားလုံး ၄၇ ခုရှိပါတယ်။ ဒီ ၄၇ ခုထဲမှာပဲ ဥပဒေကြမ်းကော်မတီ၊ တချို့လွှတ်တော်ကိုယ်စားလှယ်များပါဝင်ပြီးတော့ အဆိုပြုပြင်ဆင်ထားတာရှိပါတယ်။ ဒါနှင့်ပတ်သက်ပြီးတော့ လွှတ်တော်ထဲမှာ

ထပ်မံအငြင်းမပွားရအောင်၊ မလိုအပ်သောအချိန်ကုန်မှုများ မဖြစ်ရအောင် ဥပဒေကြမ်းကော်မတီရယ်၊ ပြင်ဆင်အဆိုပြုထားတဲ့ပုဂ္ဂိုလ်များရယ်၊ သက်ဆိုင်ရာဝန်ကြီးဌာနကကိုယ်စားလှယ်ရယ် ယခုခေတ္တ တန်းဖြုတ်တဲ့အချိန်မှာ ပြန်လည်ညှိနှိုင်း အတည်ပြုပြီးတဲ့နောက်မှာမှ ဒီဥပဒေကြမ်းကို ဆက်လက် ဆွေးနွေးမှာဖြစ်ပါတယ်။ ဒါကြောင့် အစည်းအဝေးကို မိနစ်(၃၀)ခန့် ရပ်နားပါ့မယ်။ ဥပဒေကြမ်း ကော်မတီကလိုအပ်တဲ့ပုဂ္ဂိုလ်များ၊ ပြည်ထောင်စုအဆင့်သက်ဆိုင်ရာဝန်ကြီးနှင့် နောက်ဒီမှာ အဆိုပြု ဆွေးနွေးဖို့ စာရင်းပေးထားတဲ့ ပုဂ္ဂိုလ်များသီးသန့်အခန်းတစ်ခန်းမှာ ဝင်ပြီးတော့ ဆွေးနွေးပါ။ မိမိ အဲ့ဒီ အစည်းအဝေး မတက်ရောက်တော့ပါဘူး။ ပြီးတဲ့အချိန်မှာ ပြန်သတင်းပို့ပါ။ ပို့တဲ့အချိန်မှာ ဒီမှာ အစည်းအဝေး ဆက်ပြီးလုပ်ပါ့မယ်။

**အချိန်၊ ၁၄ း ၁၀ ။**

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**[** အစည်းအဝေးကို မိနစ် ၄၀ ခန့်ရပ်နားပါသည်။ **]**

**အချိန်၊ ၁၄ း ၅၀ ။**

**အခမ်းအနားမှူး**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ အစည်းအဝေးပြန်လည် စတင်တော့မှာဖြစ်ပါတယ်။

**အခမ်းအနားမှူး**။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ကြွရောက်လာပါပြီခင်ဗျား။

**အခမ်းအနားမှူး**။ ။ အားလုံးထိုင်နိုင်ကြပါပြီခင်ဗျား။

**ဥက္ကဋ္ဌ ။** ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေ ကြမ်းနှင့်စပ်လျဉ်းပြီး လွှတ်တော်ကိုယ်စားလှယ်များထံ ဖြန့်ဝေထားတဲ့ ကန့်လန့်ဖြတ်ဇယားပေါ်မူတည် ပြီး ဆက်လက်ဆွေးနွေးသွားပါမယ်။ အမှတ်စဉ် ၁ မှစတင်ပြီး ဥပဒေကြမ်းကော်မတီမှ တင်ပြ ဆောင်ရွက်မယ့်ကိစ္စအတွက် ဥပဒေကြမ်းကော်မတီမှတစ်ဆက်တည်း ဆွေးနွေးပေးဖို့ ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ပြည်သူ့ လွှတ်တော်ဥက္ကဋ္ဌကြီးနှင့် လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ကျွန်တော်တို့ အချိန်ကိုလေးစားသော အားဖြင့် အမှတ်စဉ် ၁ နှင့် ၂ ကို တစ်ပေါင်းတည်း ပြင်ဆင်ချက်အဆိုတင်ပြပါ့မယ်။ အမှတ်စဉ် ၁ အဂတိလိုက်စားမှုတားမြစ်ရေးဥပဒေလို့ မူလဥပဒေကြမ်းကော်မတီက အစီရင်ခံစာတင်သွင်းချိန်မှာ

လွှတ်တော်ကိုတင်ပြခဲ့ပါတယ်။ ထပ်မံညှိနှိုင်းချက်များအရလည်းကောင်း၊ နိုင်ငံတကာမှာကျင့်သုံးနေတဲ့ ပြဋ္ဌာန်းပြီးဥပဒေများအရလည်းကောင်း အဂတိလိုက်စားမှုတိုက်ဖျက်ရေးဥပဒေဆိုတဲ့ အမည်ပြင်ဆင်ခွင့်ကိုတင်ပြလိုပါတယ်။ ထိုသို့ပြင်ဆင်လိုက်မယ်ဆိုပါက ဥပဒေကြမ်းတစ်ရပ်လုံးမှာပါဝင်တဲ့ လာဘ်ပေးလာဘ်ယူမှု ဆိုတဲ့စကားရပ်အစား အဂတိလိုက်စားမှုဟုလည်းကောင်း၊ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးစကားရပ်အစား အဂတိလိုက်စားမှုတိုက်ဖျက်ရေးဟုလည်းကောင်း အစားထိုးပြင်ဆင်ရမှာ ဖြစ်ပါတယ်။ အမှတ်စဉ် ၂ အနေနဲ့ အဂတိလိုက်စားမှုရဲ့ Definition ဖြစ်ပါတယ်။ အဂတိလိုက်စားမှုဆိုသည်မှာ လုပ်ပိုင်ခွင့်အာဏာရှိသူက ရာထူးတာဝန်ကို အလွဲသုံးစားပြု၍တစ်စုံတစ်ရာကို ပြုလုပ်ရန်၊ ဥပဒေနှင့်အညီပြုလုပ်ခြင်းမှရှောင်ကျဉ်ရန်၊ တစ်ဦးတစ်ယောက်အားဥပဒေနှင့်အညီရထိုက်သောအခွင့်အရေးပေးရန် သို့မဟုတ် ဥပဒေနှင့်အညီရထိုက်သောအခွင့်အရေးကို မမှန်မကန်ပိတ်ပင်ရန်သော်လည်းကောင်း၊ သက်ဆိုင်သူထံမှတံစိုးလက်ဆောင်ကို မိမိအတွက်သော်လည်းကောင်း၊ အခြားသူတစ်ဦးဦးအတွက်သော်လည်းကောင်း၊ အဖွဲ့အစည်းအတွက်သော်လည်းကောင်း ပေးခြင်း/လက်ခံခြင်း/ရယူခြင်း၊ ရယူရန်အားထုတ်ခြင်း၊ ကမ်းလှမ်းခြင်း၊ ကတိပြုခြင်း သို့မဟုတ် တစ်နည်းနည်းဖြင့်ဆွေးနွေးခြင်းအား တိုက်ရိုက်ဖြစ်စေ၊ သွယ်ဝိုက်၍ဖြစ်စေပြုလုပ်ခြင်းကိုဆိုသည့်ပြင်ဆင်ချက်အား ဤဥပဒေကြမ်း၏အစိတ်အပိုင်းအဖြစ် အတည်ပြုပေးပါရန်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ သက်ဆိုင်ရာပြည်ထောင်စုဝန်ကြီးဌာနရဲ့ သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးချုပ် ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိကြောင်း တင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးမှသဘောတူကြောင်း၊ ကန့်ကွက်ရန်မရှိကြောင်းပြောပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီကတင်သွင်းတဲ့ပြင်ဆင်ချက် အမှတ်စဉ် ၁၊ အမှတ်စဉ် ၂ အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီမှဆက်စပ်၍ တစ်ဆက်တစ်စပ်တည်းတင်ပြဖို့ဖြစ်ပါတယ်။

**ဦးစောလှထွန်း(အတွင်းရေးမှူး၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၃ ဖြစ်ပါတယ်။ အမှတ်စဉ် ၃ အနေနဲ့ကတော့ ဥပဒေကြမ်းကော်မတီနှင့် ဦးသိန်းညွန့်၊ သဃ်န်းကျွန်းမဲဆန္ဒနယ်မှ ပူးတွဲတင်ပြထားတာရှိပါတယ်။ ဥပဒေကြမ်းကော်မတီအနေနဲ့ တံစိုးလက်ဆောင်ဆိုသည်မှာ

အဂတိလိုက်စားမှုအလို့ငှာ အဖိုးစားနား သို့မဟုတ် ထိုက်သင့်သည့်တန်ဖိုးမပေးဘဲလက်ခံခြင်း သို့မဟုတ် ပေးခြင်းပြုသောပစ္စည်း၊ ငွေကြေးနှင့် တရားမဝင်သောအကျိုးခံစားခွင့်တစ်ရပ်ရပ်ကို ဆိုသည်ဆိုပြီးတော့ ဥပဒေကြမ်းကော်မတီအနေနဲ့ ပြင်ဆင်ချက်အဆိုတင်ထားပါတယ်။ ထိုသို့ တင်ထားတဲ့အပေါ်မှာ သယ်န်းကျွန်းမဲဆန္ဒနယ်မှ ဦးသိန်းညွန့်တင်ပြတဲ့အချက်များဟာလည်း ပိုမို ပြည့်စုံ၍စဉ်းစားသင့်တဲ့အချက်များ ဖြစ်ပါတယ်။ ဒီအချက်နှင့်ပတ်သက်၍ ကြိုတင်ညှိနှိုင်းထားတဲ့ အတိုင်း ဦးသိန်းညွန့်မှထပ်မံတင်ပြပေးဖို့လိုအပ်မယ်လို့တင်ပြလိုပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးသိန်းညွန့်ဆွေးနွေးဖို့ဖိတ်ခေါ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးနှင့် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လာဘ်ပေးလာဘ်ယူမှုနှင့်ပတ်သက်ရင် သာမန်ဥပဒေဖွင့်ဆိုရုံနဲ့လူအားလုံးနားမလည်နိုင်ပါဘူး။ ဒါကြောင့် တချို့ လာဘ်ပေးလာဘ်ယူမှုအောင် မြင်တဲ့နိုင်ငံတွေမှာ လာဘ်ပေးလာဘ်ယူနှင့်ပတ်သက်ပြီး တံစိုးလက်ဆောင်ကို လူအားလုံး နားလည်အောင် အဓိပ္ပာယ်ဖွင့်ဆိုချက်ပေးထားပါတယ်။ အဲ့ဒီအတိုင်း ကျွန်တော်ပြင်ဆင်မှုတင်ထားပါ တယ်။ တံစိုးလက်ဆောင်ဆိုသည်မှာအောက်ပါတို့ပါဝင်သည်။ (၁) ငွေ၊ လက်ဆောင်၊ ချေးငွေ၊ ဝန်ဆောင်ခ၊ တန်ဖိုးကြီးငွေချေးစာချုပ်၊ အခြားသောပိုင်ဆိုင်မှု၊ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ တစ်စုံတစ်ရာမှရသော အကျိုးခံစားခွင့်၊ အလှူပေးရန်ကတိပြုခြင်း၊ လုပ်ငန်းကန်ထရိုက်။ (၂) ရာထူး နေရာ၊ ဂုဏ်ထူး၊ အလုပ်အကိုင်၊ ကူညီစောင်မမှု၊ ဝန်ဆောင်မှု။ (၃) တစ်စုံတစ်ရာအတွက်ငွေချေးခြင်း၊ ပေးမည့်အခြားတာဝန်တစ်ရပ်ရပ်၏တစ်ခုလုံး သို့တည်းမဟုတ် အစိတ်အပိုင်းကိုစွန့်လွှတ် သို့တည်း မဟုတ် ပယ်ဖျက်ခြင်း။ (၄) အဖိုးတန်ကတိနှင့်ညီညွတ်သော အဖိုးစား/အရာတစ်ခုခု၊ တစ်စုံတစ်ရာ သက်သာခွင့်လျှော့ပေါ့ပေးခြင်း၊ ကော်မရှင်ပြန်အမ်းစုငွေ၊ စုကြေးငွေနှုတ်ပေး/လျှော့ပေးခြင်း၊ သတ်မှတ်ရာနှုန်းပေးခြင်း။ (၅) ငွေတစ်စုံတစ်ရာ သို့တည်းမဟုတ် ငွေ၏တန်ဖိုး သို့တည်းမဟုတ် အဖိုးတန်ပစ္စည်းအတွက် တောင်းရန်ရှိသည်ကိုမတောင်းခြင်း။ (၆) ငွေကြေးတစ်စုံတစ်ရာကူညီခြင်း၊ မဲဆန္ဒပေးခြင်း၊ ကန့်ကွက်ခြင်း၊ ခွင့်ပြုခြင်း၊ လိုက်လျောခြင်း၊ ဩဇာသုံးခြင်း၊ ဟန်ဆောင်ကူညီခြင်း၊ လက်ဆောင်ချေးငွေ၊ ဝန်ဆောင်ခ၊ ဆုလာဘ်အဖိုးအစားအား လာဘ်ပေးရန်မျှော်လင့်ချက်ပေးထား ခြင်း။ (၇) ဝန်ဆောင်မှုတစ်ခုခုနစ်နာလိုက်ခြင်း သို့တည်းမဟုတ် မည်သည့်လုပ်ငန်းကိစ္စအတွက် မဆို အကျိုးအမြတ်ပြစ်ဒဏ်ပေးခြင်းမှ ရှောင်ရှားခြင်းအပါအဝင် သို့တည်းမဟုတ် အရည်အချင်းချို့တဲ့ မှု သို့တည်းမဟုတ် စည်းကမ်းသေဝပ်မှု သို့တည်းမဟုတ် ပြစ်မှုဆိုင်ရာအရေးယူမှု၊ တရားစွဲပြီးသည်

ဖြစ်စေ/မပြီးသည်ဖြစ်စေ တရားဝင်လုပ်ပိုင်ခွင့်အာဏာရှိသော်လည်း မဆောင်ရွက်ဘဲရှောင်စေခြင်း၊ ခွင့်လွတ်ခြင်း သို့တည်းမဟုတ် တာဝန်ကိုထိန်ချန်ခြင်းဖြင့်ကာကွယ်ပေးခြင်း။ အပိုဒ် ၈ အပိုဒ်ခွဲငယ်(၁)(၂)(၃)(၄)(၅)(၆)(၇)တွင် ပါဝင်သော တစိုးတစ်စုံတစ်ရာကိုကမ်းလှမ်းခြင်း၊ တာဝန်ယူခြင်း သို့တည်းမဟုတ် ကတိပေးခြင်းဆိုပြီးတော့ ပြင်ဆင်ချက်တင်သွင်းထားပါတယ်။ အတည်ပြုပေးနိုင်ပါရန် လွှတ်တော် ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးချုပ် ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ သယ်န်းကျွန်းမဲဆန္ဒနယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးသိန်းညွန့်တင်ပြတဲ့ ဥပဒေဆိုင်ရာအချက်အလက်များနှင့် ပတ်သက်ပြီးတော့ အဆိုနှင့်ပတ်သက်ပြီးတော့ မူအားဖြင့်တော့သဘောတူပါတယ်။ ဒါပေမယ့် အချို့သောဥပဒေပါအချက်အလက်များသည် ဥပဒေပုဒ်မအချို့များမှာပါဝင်ပြီးဖြစ်တဲ့အတွက် ဒါကိုတော့ ဥပဒေကြမ်းကော်မတီရယ်၊ ပြည်ထဲရေးဝန်ကြီးဌာနရယ်၊ ရှေ့နေချုပ်ရုံးရယ်ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ဦးသိန်းညွန့်ရဲ့သဘောထားပြောပါ။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ သဘောတူပါတယ်။ ဒါကြောင့် လွှတ်တော်က ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ မရှိတဲ့အတွက် ဦးသိန်းညွန့်ရဲ့မူသဘောအဆိုအတည်ဖြစ်ကြောင်းနှင့် လိုအပ်တဲ့အရေးအသားဆိုင်ရာကိစ္စရပ်များကို သက်ဆိုင်ရာတာဝန်ရှိသူများပူးပေါင်းဆောင်ရွက်ဖို့ အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။စာမျက်နှာ ၅ ဥပဒေကြမ်းကော်မတီကဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးစိုး(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၄၊ ၅၊ ၆ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ (ဂ)(ဃ)(ထ) ကို တစ်ပေါင်းတည်း ပြင်ဆင်ချက်အဆိုတင်သွင်းသွားမှာဖြစ်ပါတယ်။ (ဂ) အဂတိလိုက်စားမှုဖြင့် ကြွယ်ဝချမ်းသာလာခြင်း ဆိုသည်မှာ ရာထူးဆိုင်ရာလုပ်ပိုင်ခွင့်နှင့် တာဝန်များကျင့်သုံးဆောင်ရွက်ရာမှ အဂတိလိုက်စားပြီး ငွေကြေးနှင့် ပစ္စည်းများတိုးပွားရရှိလာခြင်းကြောင့်သော်လည်းကောင်း၊ ပေးရန်တာဝန်များလျှော့ချခြင်း

ကြောင့်သော်လည်းကောင်း၊ ငွေကြေးနှင့် ပစ္စည်းများကိုမတရားရယူခြင်းကြောင့်သော်လည်းကောင်း ကြွယ်ဝချမ်းသာလာခြင်းကိုဆိုသည်ဟူ၍ဖြစ်ပါတယ်။ အပိုဒ်ခွဲ (ပ) အနေနဲ့တင်ပြရမယ်ဆိုရင် ကိုယ်စားလှယ်ဆိုသည်မှာ အခြားသူတစ်ဦးဦးအတွက် အလုပ်လုပ်ကိုင်ပေးသူ သို့မဟုတ် ဆောင်ရွက်ပေးသည်ကိုဆိုသည်ဟူ၍ဖြစ်ပါတယ်။ အပိုဒ်ခွဲ (ထ) အနေနဲ့တင်ပြရမယ်ဆိုရင် ကော်မရှင်ရုံးဆိုသည်မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးအတွက် ပြည်ထောင်စုအစိုးရအဖွဲ့က ဤဥပဒေအရသတ်မှတ်ဖွဲ့စည်းသောရုံးကိုဆိုသည်ဟူ၍ဖြစ်ပါတယ်။ အတည်ပြုပြဋ္ဌာန်းပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးချုပ် ကျော်ဇံမြင့်( ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန )**။ ။ ဒီတင်ပြချက်နှင့်ပတ်သက်ပြီး ကန့်ကွက်ရန်မရှိကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ပြည်ထောင်စုအစိုးရက ကန့်ကွက်ရန်မရှိကြောင်းပြောပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အမှတ်စဉ် ၄၊ ၅၊ ၆ အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဉ် ၇၊ အမှတ်စဉ် ၈၊ အမှတ်စဉ် ၉ ဥပဒေကြမ်းကော်မတီက ဆွေးနွေးတင်ပြဖို့ဖြစ်ပါတယ်။

**ဦးအောင်မြသန်း(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်တဲ့ ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၇၊ ၈၊ ၉ ကို တစ်ပိုဒ်စီအလိုက်အတည်ပြုနိုင်ပါရန်တင်ပြသွားမှာဖြစ်ပါတယ်။ အခန်း(၁) အပိုဒ် ၂ အပိုဒ်ခွဲ (ဓ) စုံစမ်းစစ်ဆေးရေးအဖွဲ့ဆိုသည်မှာ ကော်မရှင်က ဤဥပဒေအရဖွဲ့စည်းသောသက်ဆိုင်ရာအဂတိလိုက်စားမှုစုံစမ်းရေးအဖွဲ့တို့ကိုဆိုသည့်အပိုဒ်ကိုလည်းကောင်း၊ အပိုဒ်ခွဲ (န) မှာ စစ်ဆေးရေးမှူးချုပ်ဆိုသည်မှာ ကော်မရှင်ရုံး၏ညွှန်ကြားရေးမှူးချုပ်ကိုဆိုသည့် အပိုဒ်ကိုလည်းကောင်း၊ (ပ) စစ်ဆေးရေးမှူးဆိုသည်မှာ ကော်မရှင်ရုံး၊ စစ်ဆေးရေးမှူးချုပ်၏လက်အောက်ရှိ တာဝန်ခံ ပြည်သူ့ဝန်ထမ်းအဆင့်ဆင့်ဆိုသည့်အပိုဒ်များကို ဤဥပဒေ၏အစိတ်အပိုင်းအဖြစ်အတည်ပြုနိုင်ပါရန်တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးချုပ် ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကျွန်တော်တို့ဝန်ကြီးဌာန အနေနဲ့ ဒီပုဒ်မများနှင့်ပတ်သက်ပြီးတော့ ကန့်ကွက်ရန်မရှိကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ** ။ ။ ကန့်ကွက်အဆိုပြုရန် ရှိပါသလား။ လွှတ်တော်က ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်း ကော်မတီရဲ့ အမှတ်စဉ် ၇၊ ၈၊ ၉ အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ** ။ ။ အမှတ်စဉ် ၁၀၊ ၁၁ ဦးသိန်းညွန့်ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့်(သယ်န်းကျွန်းမဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၁၁ ကိုတော့ ညှိနှိုင်းသဘောတူချက်အရ ကျွန်တော်ပယ်ဖျက်ဖို့ သဘောထားပေးထားပြီးပါပြီ။ အဲ့တော့ အမှတ်စဉ် ၁၀ ပဲတင်ပြပါ့မယ်။ ပုဒ်မ ၂ မှာထပ်ဖြည့်သင့်တဲ့အရာကတော့ ဤဥပဒေအရပြစ်မှုဆိုသည်မှာ ဤဥပဒေအရပြစ်မှုတစ်ခုခုကိုကျူးလွန်၍ တစ်စုံတစ်ရာ ပူးပေါင်းကြံစည်မှု သို့တည်းမဟုတ် အားထုတ်မှု သို့တည်းမဟုတ် အားပေးကူညီမှုများ ပါဝင်သည် ဆိုတဲ့ ပြင်ဆင်ဖြည့်စွက်ချက်များဖြစ်ပါတယ်။ အပေါင်းအပါတွေကို အရေးယူနိုင်ဖို့အတွက် ထည့်သွင်းရခြင်းဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။ ပယ်ဖျက်အပိုဒ် ၁၁ နှင့် အခုဆွေးနွေးချက်အပိုဒ် ၁၀ ကို ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ် ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ လွှတ်တော်ကိုယ်စားလှယ်ကြီး ဦးသိန်းညွန့်အဆိုတင်သွင်းတဲ့ ပြင်ဆင်ရန်တင်သွင်းလာတဲ့အပိုဒ် ၁၁ နှင့်ပတ်သက်ပြီး ပယ်ဖျက်ရန်အတွက်တော့ သဘောတူကြောင်းပြောကြားလိုပါတယ်။ အမှတ်စဉ် ၁၀ အနေနဲ့တော့ မူအားဖြင့်သဘောတူပါတယ်။ ဒီအချက်များနှင့်ပတ်သက်ပြီး အချို့အချက်များဟာလည်း ဥပဒေပြဋ္ဌာန်းချက်မှာပါရှိပြီးဖြစ်တဲ့အတွက် ဥပဒေကြမ်းကော်မတီရော၊ ပြည်ထဲရေးဝန်ကြီးဌာနနှင့် ပြည်ထောင်စုရှေ့နေချုပ်ရုံးနဲ့ဆွေးနွေးတိုင်ပင်ညှိနှိုင်းပြီးတော့ တင်ပြဆောင်ရွက်သွားမှာဖြစ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များမှ ပြင်ဆင်အဆိုပြုရန်ရှိပါသလား။ မရှိတဲ့အတွက် ဦးသိန်းညွန့်ရဲ့အဆိုအား ပြည်ထောင်စုဝန်ကြီးဌာန၊ ဥပဒေကြမ်းကော်မတီ၊ ရှေ့နေချုပ်ရုံး၊ သက်ဆိုင်သူတို့နဲ့ ဆက်လက်ညှိနှိုင်းဆောင်ရွက်မှာ အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၂ ဥပဒေကြမ်းကော်မတီမှ အမှတ်စဉ် ၁၂၊ ၁၃၊ ၁၄၊ ၁၅ အထိဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ညို ( အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ )**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေမူကြမ်း၏ အမှတ်စဉ် ၁၂၊ ၁၃၊ ၁၄ တို့ကို တစ်ပေါင်းတည်းတင်ပြအဆိုပြုသွားမှာဖြစ်ပါတယ်။ အမှတ်စဉ် ၁၂ အခန်း(၂) အပိုဒ် ၃ အပိုဒ်ခွဲ(င) မူလပြဋ္ဌာန်းချက်အား မိမိတို့ဥပဒေကြမ်းကော်မတီမှ ဤဥပဒေ၏ရှေ့အခန်းများနှင့် အပိုဒ်များတွင် အတည်ပြုပြီးဖြစ်သော လာဘ်ပေးလာဘ်ယူမှုဆိုသည့်စကားစုအစား အဂတိလိုက်စားမှုဟူသော စကားစုကိုအစားထိုးပြောင်းလဲ၍ (င) အဂတိလိုက်စားမှုကျူးလွန်သူများအား ထိရောက်စွာ အရေးယူ ရန်ဟူသောပြင်ဆင်ချက်ကိုလည်းကောင်း၊ အမှတ်စဉ် ၁၃ အခန်း(၃) မူလပြဋ္ဌာန်းချက်ရှိ ခေါင်းစဉ် အစား ဥပဒေကြမ်းကော်မတီအနေဖြင့် ပိုမိုကျစ်လစ်၍ အဓိပ္ပာယ်ပြည့်စုံသော ရေးထုံးနှင့် ညီညွတ်စေရန်အတွက် အခန်း(၃) ကော်မရှင်ဖွဲ့စည်းခြင်း၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များ၊ ကော်မရှင်ဖွဲ့စည်းခြင်းဟူ၍ ပြင်ဆင်အဆိုပြုချက်အပေါ်လည်းကောင်း၊ အမှတ်စဉ် ၁၄ အခန်း(၃) အပိုဒ် ၇ အပိုဒ်ခွဲ(ခ)ရှိ မူလဥပဒေကြမ်းနှင့် အမျိုးသားလွှတ်တော်မှ ပြင်ဆင်အတည်ပြုချက်အပေါ် မိမိတို့ဥပဒေကြမ်းကော်မတီအနေဖြင့် ပြင်ဆင်အဆိုပြုလိုသည်မှာ (ခ) ကော်မရှင်သည် ကော်မရှင်အဖွဲ့အသစ်ကို ဖွဲ့စည်းခန့်အပ်တာဝန် ပေးပြီးသည့်အချိန်အထိ မိမိ၏လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်ရမည်ဟူသော ပြင်ဆင်အဆိုပြုချက်များအပေါ် လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာအဆိုတင်သွင်းအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရအဖွဲ့ရဲ့ သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးချုပ် ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ဥပဒေကြမ်းကော်မတီက အဆိုပြုထားတဲ့ အမှတ်စဉ် ၁၂၊ ၁၃၊ ၁၄၊ အခန်း(၂)၊ အခန်း(၃)ပါ အချက်များနှင့်ပတ်သက်ပြီး ကျွန်တော်တို့ ပြည်ထဲရေးဝန်ကြီးဌာနအနေနဲ့ ကန့်ကွက်ရန်မရှိကြောင်းတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ လွှတ်တော်က ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ အမှတ်စဉ် ၁၂၊ ၁၃၊ ၁၄ အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၅၊ ၁၆၊ ၁၇ အထိ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုးမိုးအောင်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ခင်ဗျား။ အမှတ်စဉ် ၁၅ အပိုဒ် ၉ အပိုဒ်ခွဲ(ဇ) အား ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်အနေနဲ့ ပယ်ဖျက်ရန် ဖြစ်ပါတယ်ခင်ဗျား။ အမှတ်စဉ် ၁၆ အပိုဒ် ၁၄ အား နိုင်ငံတော်သမ္မတသည် ကော်မရှင် အဖွဲ့ဝင်တစ်ဦးဦးက တာဝန်ထမ်းဆောင်ရာတွင် ဥပဒေနှင့်မညီဘဲ ဆောင်ရွက်ကြောင်း တွေ့ရှိလျှင် ဖြစ်စေ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံ ဥပဒေ သို့မဟုတ် တည်ဆဲဥပဒေ တစ်ရပ်ရပ်ကို ချိုးဖောက်ကြောင်း တွေ့ရှိလျှင်ဖြစ်စေ ကော်မရှင်၏ ဂုဏ်သိက္ခာကို ထိခိုက်စေသော အခြေအနေတစ်ရပ်ရပ်ရှိလျှင်ဖြစ်စေ၊ ယင်းကော်ရှင်အဖွဲ့ဝင်ကို ရွေးချယ်ပေးသောပုဂ္ဂိုလ်၏ သဘောတူညီချက်ဖြင့် တာဝန်မှရပ်စဲနိုင်သည်ဟု ပြင်ဆင်ချက်ကို လည်းကောင်း အမှတ်စဉ် ၁၇ အပိုဒ် ၁၅ (င) အား အဂတိလိုက်စားမှုနှင့်စပ်လျဉ်း၍ စုံစမ်းတွေ့ရှိချက် အစီရင်ခံစာကို နိုင်ငံတော်သမ္မတ၊ ပြည်ထောင်စုလွှတ်တော်နာယက၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသားလွှတ်တော်ဥက္ကဋ္ဌတို့ ထံတင်ပြခြင်းဟူ၍လည်းကောင်း ပြင်ဆင်ချက်များ အတည်ပြုပေးပါရန် တင်ပြအပ်ပါသည်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရက သဘောတူပါလား။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆို ၁၅၊၁၆၊၁၇ တို့ အတည်ဖြစ်ကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၁၈၊ အမှတ်စဉ် ၁၉၊ အမှတ်စဉ် ၂၀ ဒေါက်တာစိုင်းကျော်အုန်း ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါက်တာစိုင်းကျော်အုန်း(နမ့်ခမ်းမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အခန်း(၃) ပုဒ်မ ၁၄ ပုဒ်မခွဲ(ဈ) ပြင်ဆင်ထားခြင်းမှာ မြန်မာ့ရေးထုံးနှင့်ညီညွတ်စေရန်နှင့် ရှေ့နောက် ညီညွတ်မှု ရှိစေရန် ပြင်ဆင်ချက်အဆိုမှာ အဂတိလိုက်စားမှု တိုက်ဖျက်ရေးအတွက် အစိုးရဌာန၊ အစိုးရ အဖွဲ့အစည်းများနှင့် အစိုးရစီးပွားရေးလုပ်ငန်းအဖွဲ့စည်းများက လုပ်ငန်းစဉ်များ၊ စီမံချက်များရေးဆွဲရာတွင် အကြံပေးခြင်း ဖြစ်ပါတယ်။ ပုဒ်မ (ဋ) မှာ အဂတိလိုက်စားမှုတိုက်ဖျက်ရေးနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ

အစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရစီးပွားရေးလုပ်ငန်းအဖွဲ့အစည်းများနှင့် ဒေသဆိုင်ရာ အုပ်ချုပ်ရေးဌာန အဖွဲ့အစည်းများ၏ အရာထမ်း၊ အမှုထမ်းများအား ကော်မရှင်၏ လုပ်ငန်းတာဝန်များကို လိုအပ်ပါက သက်ဆိုင်ရာ၏ ခွင့်ပြုချက်ဖြင့် တာဝန်ပေးဆောင်ရွက်စေခြင်းနှင့် ပုဒ်မခွဲ(င) ဤဥပဒေကို အကောင်ထည် ဖော်ဆောင်ရွက်ရာတွင် လိုအပ်သည့်အကူအညီများကို သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းများ၊ အစိုးရမဟုတ်သောအဖွဲ့စည်းများနှင့် သင့်လျော်သည့်ပုဂ္ဂိုလ်များထံမှ ရယူဆောင်ရွက်ခြင်းဟူ၍ ပြင်ဆင်ထားခြင်းအပေါ် အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြ အပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရ သဘောတူပါသလား။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ သဘောတူပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဒေါက်တာစိုင်းကျော်အုန်း ပြင်ဆင်အဆိုပြုချက်ဖြစ်သော အမှတ်စဉ် ၁၈၊ အမှတ်စဉ် ၁၉၊ အမှတ်စဉ် ၂၀ အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၁၊ အမှတ်စဉ် ၂၂၊ အမှတ်စဉ် ၂၃ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းထွန်းဦး(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၂၁၊ ၂၂၊ ၂၃ တို့အား အစဉ်အလိုက်တင်ပြသွားမှာဖြစ်ပါတယ်။ အမှတ်စဉ် ၂၁ အခန်း(၃) ပုဒ်မ ၁၆ ပုဒ်မခွဲ(စ) ပြင်ဆင်ချက် အဆိုမှာ ဤဥပဒေအရ ဖွဲ့စည်းသည့် ပဏာမစိစစ်ရေးအဖွဲ့ လုပ်ငန်းကော်မတီ၊ လုပ်ငန်းအဖွဲ့နှင့် စုံစမ်းစစ်ဆေးရေးအဖွဲ့များက ဆင့်ဆို၍ လာရောက်သည့်သက်သေများအတွက် သက်သေစရိတ်နှင့် ခရီးစရိတ်တို့ကို တည်ဆဲဥပဒေနှင့်အညီ ထုတ်ပေးခြင်းဟုလည်းကောင်း အမှတ်စဉ် ၂၂ အခန်း(၃) ပုဒ်မ ၁၆ ပုဒ်မခွဲ (စ) နှင့် အမှတ်စဉ် ၂၃ အခန်း(၃) ပုဒ်မ ၁၇ ပုဒ်မခွဲ(ဂ) တို့သည် လိုအပ်မှုမရှိတော့ပါသဖြင့် ပယ်ဖျက်ပေးပါရန် လေးစားစွာ အဆိုပြုတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ပြည်ထဲရေးဝန်ကြီးဌာန အနေနဲ့သဘောတူကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များမှ ပြင်ဆင်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် အမှတ်စဉ် ၂၁၊ အမှတ်စဉ် ၂၂၊ စာမျက်နှာ ၁၀ အမှတ်စဉ် ၂၃ တို့အား ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၄၊ အမှတ်စဉ် ၂၅ တို့အား ဦးသန်းစိန်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းစိန်(ကြည့်မြင်တိုင်မဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၂၄ အခန်း(၄) ပုဒ်မ ၁၉ ပုဒ်မခွဲ(က) ကော်မရှင်၏တာဝန်ပေးချက်အရ စုံစမ်းစစ်ဆေးခြင်းခံရသူအား အကြောင်းကြားပြီး ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်နှင့်ဖြစ်စေ ခုခံချေပခွင့်ပေးရမည်ဟု ပြင်ဆင်ချက်ကိုအတည်ပြုပေးပါရန် တင်ပြအပ်ပါတယ်။ အမှတ်စဉ် ၂၅ အခန်း(၄) ပုဒ်မ ၁၉ ပုဒ်မခွဲ (ခ) မှာ ငွေကြေးပစ္စည်းများနှင့်စပ်လျဉ်း၍ လိုအပ်သည့်ပုဂ္ဂိုလ်များကို ဆင့်ဆိုစစ်ဆေး၍ လိုအပ်သည့်ထွက်ဆိုချက်နှင့် သက်သေခံချက်များ ရယူနိုင်သည်ဟု ပြင်ဆင်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဦးသန်းစိန်၊ ကြည့်မြင်တိုင်ရဲ့ ပြင်ဆင်အဆိုပြုချက် အတည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၆ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၂၆ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာ အခန်း(၅) ပုဒ်မ ၂၀ အပိုဒ်ခွဲ(ခ)၊ ပုဒ်မ ၄၂ ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးရာထူး လက်ရှိဖြစ်သည့်တစ်ဦးကို အရေးယူပေးရန်အဆိုအား အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြု အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၂၆ ထဲမှာ စာမျက်နှာ ၁၁ အခန်း(၅)ပါ အကျုံးဝင်၊မဝင်။ အကျုံးဝင်တယ်။ ဦးသန်းစိန်၊ ကြည့်မြင်တိုင်က အမှတ်စဉ် ၂၇၊ အမှတ်စဉ် ၂၈ အား ဆွေးနွေးဖို့ ဖိတ်ခေါ်ပါတယ်။

**ဦးသန်းစိန်(ကြည့်မြင်တိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၂၇ အခန်း(၅) ပုဒ်မ ၂၀ ပုဒ်မခွဲ(ဂ) ပုဒ်မခွဲငယ်(၃) သက်ဆိုင်ရာအစိုးရဌာန၊ အစိုးရအဖွဲ့အစည်းတစ်ခုခုသို့ တိုင်ကြားခြင်းနှင့်စပ်လျဉ်း၍ အဆိုပါတိုင်ကြားခြင်းကို ကော်မရှင်သို့ လွှဲပြောင်းပေးပို့ခြင်းဟု ပြင်ဆင်ထားပါတယ်။ အမှတ်စဉ် ၂၈ အခန်း(၅) ပုဒ်မခွဲ (၂၁) (ခ) အနေနဲ့ အသစ်ထပ်ဖြည့်ထားခြင်း ဖြစ်ပါတယ်။ တိုင်ကြားမှုတွင် အရေးကြီးသည့်သက်သေခံချက်များ မပါရှိခြင်း ပြင်ဆင်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဦးသန်းစိန်၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်ရဲ့ အမှတ်စဉ် ၂၇၊ အမှတ်စဉ် ၂၈ အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၁ အမှတ်စဉ် ၂၉၊ အမှတ်စဉ် ၃၀၊ စာမျက်နှာ ၁၂ အမှတ်စဉ် ၃၁၊ အမှတ်စဉ် ၃၂၊ အမှတ်စဉ် ၃၃ တို့အား ဥပဒေကြမ်းကော်မတီမှ တစ်ဆက်စပ်တည်းဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၂၉ ဥပဒေကြမ်းကော်မတီ၏ ပြင်ဆင်ချက်မှာ အပိုဒ် ၂၅ စုံစမ်းစစ်ဆေးရေးအဖွဲ့က ပြုလုပ်သည့် စုံစမ်းစစ်ဆေးမှုတွင် စွပ်စွဲခံရသူသည် စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ကိုယ်တိုင်ဖြစ်စေ၊ ကိုယ်စားလှယ်ဖြင့်ဖြစ်စေ ထုချေရှင်းလင်းနိုင်သည်။ အမှတ်စဉ် ၃၀ ကော်မရှင်သည် (က) စုံစမ်းစစ်ဆေးတွေ့ရှိချက် အစီရင်ခံစာအရ အပိုဒ်ခွဲငယ်(၁) စွပ်စွဲချက်နှင့်စပ်လျဉ်း၍ ခိုင်လုံသော အထောက်အထား မပေါ်ပေါက်ဟု ယူဆပါက

စွပ်စွဲတိုင်တန်းချက်ကို ပယ်နိုင်သည်။ အမှတ်စဉ် ၃၁ အပိုဒ်ခွဲငယ်(၂) စွပ်စွဲချက်နှင့် စပ်လျဉ်း၍ နောက်ထပ်သက်သေခံချက်များ စုံစမ်းရယူသင့်သည်ဟု ယူဆပါက မူလစုံစမ်းစစ်ဆေးရေး အဖွဲ့ကို ဖြစ်စေ၊ အခြားစုံစမ်းစစ်ဆေးရေးအဖွဲ့ကိုဖြစ်စေ စုံစမ်းတင်ပြရန် တာဝန်ပေးအပ်နိုင်သည်။ အမှတ်စဉ် ၃၂ အပိုဒ်ခွဲငယ်(၃) စွပ်စွဲခံရသူသည် ဤဥပဒေပါ ပြစ်မှုတစ်ခုခုကို ကျူးလွန်သည်ဟု ယူဆပါက တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးပြီး ထိုသူအား သက်ဆိုင်ရာတရားရုံးတွင် တရားစွဲဆိုရန် စုံစမ်းစစ်ဆေး ရေးအဖွဲ့ကိုဖြစ်စေ၊ စုံစမ်းစစ်ဆေးရေးမှူးကိုဖြစ်စေ တာဝန်ပေးအပ်နိုင်သည်။ အမှတ်စဉ် ၃၃ အပိုဒ်ခွဲငယ်(၄) ပုဒ်မခွဲငယ်(၃)အရ တရားစွဲဆိုရန် ကြိုတင်ခွင့်ပြုမိန့်ထုတ်ပေးခြင်းနှင့် စပ်လျဉ်းသည့် ဆုံးဖြတ်ချက်အား နိုင်ငံတော်သမ္မတ၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌနှင့် အမျိုးသား လွှတ်တော် ဥက္ကဋ္ဌထံသို့ ဆောလျင်စွာ အသိပေးတင်ပြရမည်ဆိုသည့် အပိုဒ်များအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုဝန်ကြီးရဲ့ သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်အဆိုပြုရန် ရှိပါသလား။ ကန့်ကွက် အဆိုပြုရန်မရှိတဲ့အတွက် စာမျက်နှာ ၁၁ အမှတ်စဉ် ၂၉၊ အမှတ်စဉ် ၃၀၊ စာမျက်နှာ ၁၂ အမှတ်စဉ် ၃၁၊ အမှတ်စဉ် ၃၂၊ အမှတ်စဉ် ၃၃ တို့အား ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုပြုချက် အတည် ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၃ အမှတ်စဉ် ၃၄၊ အမှတ်စဉ် ၃၅ တို့အား ဦးသန်းစိန်၊ ကြည့်မြင်တိုင်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းစိန်(ကြည့်မြင်တိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၃၄ အခန်း(၅) ပုဒ်မ ၂၈ မှာ ဝါကျများဟာ ရှည်လျားပြီးတော့ ရှုပ်ထွေးနေတဲ့အတွက် ကော်မရှင်က စွပ်စွဲခံရသူအပေါ် တရားစွဲဆိုအရေးယူရန် အကြောင်းပေါ်ပေါက်သည့်ကိစ္စ၌ လည်းကောင်း၊ ပဏာမစိစစ်ရေးအဖွဲ့ဖြင့် စိစစ်ရန် ဆုံးဖြတ်သည့်ကိစ္စ၌လည်းကောင်း စွပ်စွဲခံရသူမှာ လုပ်ပိုင်ခွင့်အာဏာရှိသူဖြစ်လျှင် ကော်မရှင်က ဆုံးဖြတ်သည့်နေ့ရက်မှစ၍ ထိုစွပ်စွဲခံရသူအား ယင်း၏ လုပ်ငန်းတာဝန်များကို ဆက်လက်ဆောင်ရွက်စေခြင်းမပြုရဟု ပြင်ဆင်ထားပါတယ်။ အမှတ်စဉ် ၃၅ အခန်း(၅) ပုဒ်မ ၃၀ ကိုလည်း လိုအပ်တာလေးထပ်ထည့်ထားပါတယ်။ ကော်မရှင်က စွပ်စွဲချက်အပေါ်

စုံစမ်းစစ်ဆေးနေစဉ်အတွင်း စွပ်စွဲခံရသူသည် ရာထူးမှ စွန့်လွှတ်သွားပြီဖြစ်သော်လည်း ဥပဒေကြောင်း အရ ဆက်လက်အရေးယူရန်သော်လည်းကောင်း၊ ဝန်ထမ်းစည်းကမ်းနှင့်အညီ အရေးယူရန်သော် လည်းကောင်း၊ နိုင်ငံတော်က သက်ဆိုင်ရာငွေကြေး၊ ပစ္စည်းများကို သိမ်းယူနိုင်ရန်သော်လည်းကောင်း စုံစမ်းစစ်ဆေးမှုကို အပြီးသတ်ပြုလုပ်နိုင်သည်ဟု ပြင်ဆင်ခွင့်ပေးပါရန် လေးစားစွာတင်ပြအပ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက် အဆိုပြုရန်မရှိတဲ့အတွက် စာမျက်နှာ ၁၃ အမှတ်စဉ် ၃၄၊ အမှတ်စဉ် ၃၅ ဦးသန်းစိန်၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်ချက်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၄ အမှတ်စဉ် ၃၆ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါ တယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၃၆ အခန်း(၆) နှင့်ပတ်သက်ပြီးတော့ ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်ချက်မှာ အခန်း(၆) ကော်မရှင်ရုံးဖွဲ့စည်းခြင်းဖြစ်ပါတယ်။ ဥပဒေကြမ်းရဲ့ပြင်ဆင်ချက်ကို အတည်ပြုပေးနိုင်ရန် လေးစားစွာ တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန် မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၇ ဦးသန်းစိန်၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါ တယ်။

**ဦးသန်းစိန်(ကြည့်မြင်တိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၃၇ အခန်း(၆) ပုဒ်မ ၃၄ မှာ ပြည်ပလို့ပဲပါပါတယ်။ အဲဒါကို ကျွန်တော်က ကော်မရှင်သည်

ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ခြင်းနှင့် အကျုံးဝင်သည့် ငွေကြေး၊ ပစ္စည်းတစ်ခုခုကို ပြည်ပဘဏ် သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးထံတွင် ထားရှိကြောင်း သို့မဟုတ် အပ်နှံထားကြောင်း ယုံကြည်သည့်အခါ ထိုပစ္စည်းကို တစ်နည်းနည်းဖြင့် လွှဲပြောင်းခြင်းမပြုစေရေးအတွက် သတ်မှတ်ချက်များနှင့်အညီ ဆောင်ရွက်နိုင်သည်ဟု ပြင်ဆင်ခွင့်ပေးပါရန် လေးစားစွာတင်ပြအပ်ပါ တယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက် အဆိုပြုရန်မရှိတဲ့အတွက် ဦးသန်းစိန်၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၃၈၊ အမှတ်စဉ် ၃၉ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါ တယ်။

**ဦးစတီဖန်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၃၈ အခန်း(၈) ပုဒ်မ ၃၅ နှင့်ပတ်သက်ပြီးတော့ ပြည်သူ့လွှတ်တော် ဥပဒေကြမ်း ကော်မတီရဲ့ပြင်ဆင်ချက်မှာ ပုဒ်မ ၃၅ နိုင်ငံတော်သမ္မတသည် ကော်မရှင်ရုံးကို လိုအပ်သလို ဖွဲ့စည်းနိုင်သည်ဖြစ်ပါတယ်။ လွှတ်တော်က အတည်ပြုပေးနိုင်ရန် လေးစားစွာ တင်ပြအပ်ပါတယ်။ ဆက်လက်ပြီးတော့ အမှတ်စဉ် ၃၉ အခန်း(၈) ပုဒ်မ ၄၈ နှင့်ပတ်သက်ပြီးတော့ ဆက်လက်တင်သွင်းပါမယ်။ ပုဒ်မ ၄၈ လုပ်ပိုင်ခွင့်အာဏာရှိသူများသည် ကြေညာလွှာပေးပို့ရာတွင် အပိုဒ်ခွဲ(က) မိမိ၏ ငွေကြေးနှင့် ပစ္စည်းများကို မည်သို့မည်ပုံ ပိုင်ဆိုင်ကြောင်း အထောက်အထား မိတ္တူပူးတွဲတင်ပြရမည် ဟုဖြစ်ပါတယ်။ လွှတ်တော်မှ အတည်ပြုပေးနိုင်ရန်လေးစားစွာတင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားသိလိုပါတယ်။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်မှ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ မရှိတဲ့အတွက် ဥပဒေကြမ်း ကော်မတီက အဆိုပြုတင်ပြသော အမှတ်စဉ် ၃၈၊ အမှတ်စဉ် ၃၉ အတည်ဖြစ်ကြောင်း ကြေညာ ပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ စာမျက်နှာ ၁၅ အမှတ်စဉ် ၄၀ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်ဋ္ဌေးကြွယ်(အဖွဲ့ဝင်၊ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၄၀ ဥပဒေကြမ်းကော်မတီမှပြင်ဆင်ချက်မှာ ပုဒ်မခွဲ(ဂ)၊ ပုဒ်မခွဲ(က)နှင့်(ခ)ပါ ငွေကြေးနှင့်ပစ္စည်းများကို ပိုင်ဆိုင်ကြောင်း အထောက်အထားအပြင် ပြည်တွင်း၊ ပြည်ပမှရရှိသော ငွေကြေး၊ ပစ္စည်း၊ ပေးရန် တာဝန်နှင့် ရပိုင်ခွင့်များ စာရင်းကို ပူးတွဲတင်ပြရမည်ဟု အဆိုပါအပိုဒ်အား လွှတ်တော်မှ အတည်ပြုပေးပါရန် တင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များမှ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ပြင်ဆင်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၁ ဦးသန်းစိန်၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်မှ ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသန်းစိန်(ကြည့်မြင်တိုင်မဲဆန္ဒနယ်)**။ ။ လေးစားအပ်ပါသော ဥက္ကဋ္ဌကြီးခင်ဗျား။ အမှတ်စဉ် ၄၁ အခန်း(၉) ခေါင်းစဉ်ကို ပြင်မှာဖြစ်ပါတယ်။ အဂတိလိုက်စားခြင်းဖြင့် ကြွယ်ဝချမ်းသာလာမှုကြောင့် ရရှိသည့်ငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းခြင်းဟုပြင်ဆင်ခွင့်ပေးပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့ သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်မှ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ ကန့်ကွက် အဆိုပြုရန်မရှိတဲ့အတွက် ဦးသန်းစိန်၊ ကြည့်မြင်တိုင်မဲဆန္ဒနယ်ရဲ့ ပြင်ဆင်အဆို အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၂ စာမျက်နှာ ၁၆ အမှတ်စဉ် ၄၃၊ အမှတ်စဉ် ၄၄ တို့အား ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဒေါ်ခင်ဒွေးကြွယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၄၄ ဥပဒေကြမ်းကော်မတီမှ ပြင်ဆင်ချက် ပုဒ်မ ၅၂ ကော်မရှင်သည် ပဏာမစီစစ်ရေးအဖွဲ့၏ တင်ပြသည့် စိစစ်တွေ့ရှိချက် အစီရင်ခံစာကို စိစစ်ပြီး အဆိုပါငွေကြေးနှင့် ပစ္စည်းများသည် (က) အဂတိလိုက်စားခြင်းဖြင့်ရရှိသော ငွေကြေးနှင့် ပစ္စည်းများဖြစ်ကြောင်း သက်သေထင်ရှားပေါ်ပေါက်လျှင် အဆိုပါငွေကြေးနှင့် ပစ္စည်းများကို ပြည်သူ့ဘဏ္ဍာအဖြစ် သိမ်းဆည်းသည့်အမိန့် ချမှတ်ရမည်။ အမှတ်စဉ် ၄၃ (ခ) ဥပဒေနှင့် ညီညွတ်သော နည်းလမ်းဖြင့်ရရှိသောငွေကြေးနှင့် ပစ္စည်းများဖြစ်ကြောင်း လုပ်ပိုင်ခွင့် အာဏာရှိသူက သက်သေထင်ရှားပြနိုင်လျှင် အဆိုပါငွေကြေးနှင့် ပစ္စည်းများကို ယင်းအား ပြန်လည်ပေးအပ်ရမည်။ အမှတ်စဉ် ၄၄ ပုဒ်မ ၅၇ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်နှင့် သက်ဆိုင်သည့် ငွေကြေးနှင့် ပစ္စည်းများအပေါ် အရေးယူဆောင်ရွက်ခြင်းမပြုနိုင်ရန် ဖုံးကွယ်ခြင်း၊ ဖျောက်ဖျက်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် လွှဲပြောင်းခြင်းပြုကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူအား ၅ နှစ်ထက်မပိုသော ထောင်ဒဏ်ချမှတ်ရမည့်အပြင် ငွေဒဏ်လည်းချမှတ်နိုင်သည်။ အဆိုပါ အပိုဒ်များအား လွှတ်တော်က အတည်ပြုပေးပါရန် လေးစားစွာတင်ပြအပ်ပါသည်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိကြောင်း တင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်မှ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ လွှတ်တော်မှ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆိုဖြစ်သော အပိုဒ် ၄၂၊ အပိုဒ် ၄၃၊ အပိုဒ် ၄၄ တို့ အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (သြဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဉ် ၄၅ စာမျက်နှာ ၁၇ မှာရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအားလုံး အမှတ် စဉ် ၁၈ မှာရှိတဲ့ အပိုဒ်၊ အပိုဒ်ခွဲများအားလုံး၊ စာမျက်နှာ ၁၉ အပိုဒ်ခွဲ (င)အထိ ဦးသိန်းညွန့်က ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးသိန်းညွန့် (သယ်နိုင်းကျွန်းမဲဆန္ဒနယ်)** ။ ။ လေးစားရပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ အပိုဒ် ၆၃ သက်သေထင်ရှားပြရန်တာဝန်နှင့် ပတ်သက်ပြီးတော့ ပိုပြီးတော့ ရှင်းလင်း သွားအောင် ကျွန်တော်ထပ်မံဖြည့်စွက်ထားတဲ့ အပိုဒ်တွေကတော့ ၆၃ (က) စွပ်စွဲခံရသူ တရားခံသည် သူ၏လက်ရှိဖြစ်သော ပစ္စည်း သို့မဟုတ် ငွေကြေးအရင်းအမြစ်အတွက် သူ၏ဝင်ငွေထက် အဆမတန်ဖြစ်နေသည့်အချက် သို့မဟုတ် စွပ်စွဲခံရသည့် အခင်းဖြစ်ချိန်

သို့တည်းမဟုတ် အခင်းဖြစ်ချိန်ခန့်က ဖြစ်ထွန်းလာသော ဥစ္စာခနေဖြစ်သောပစ္စည်း သို့တည်းမဟုတ် ငွေကြေးအရင်း အမြစ်အတွက် ကျေနပ်လောက်အောင် မရှင်းပြနိုင်လျှင် စစ်ဆေးနေသောအမှုမှ သက်သေတစ်စုံတစ်ဦး၏ ထွက်ဆိုချက်အရ တရားရုံးသည် စွပ်စွဲခံရသူ အပြစ်ရှိ၊ မရှိကို ထောက်ခံ သက်သေခံချက်ဖြင့် ထည့်သွင်းသုံးသပ်နိုင်သည်။ (ခ) ထို့အပြင် ပုဒ်မခွဲ (က) ပါရည်ရွယ်၊ ပြဋ္ဌာန်းချက် အရ အဆိုပါ ပစ္စည်း၊ ငွေကြေးအရင်းအမြစ်များကို စွပ်စွဲခံရသူသည် လက်ဝယ်ရှိသူဖြစ်ကြောင်း သို့တည်းမဟုတ် သူပိုင်ဖြစ်ကြောင်း သို့တည်းမဟုတ် ထိုငွေကြေး၊ ပစ္စည်းခနဥစ္စာများသည် သူနှင့် နီးနွယ်ဆက်စပ်နေသူများက သူ့အတွက်ပိုင်ဆိုင်ထားကြောင်း သို့မဟုတ် ယုံကြည်ရန် အကြောင်း ရှိသော အခြားပတ်ဝန်းကျင်အခြေအနေများအရ စွပ်စွဲခံရသူကိုယ်စား ယုံမှားအပ်နှံထားကြောင်း သို့တည်းမဟုတ် စွပ်စွဲခံရသူထံမှ လက်ဆောင်ရထားကြောင်း အထောက်အထားများအဖြစ် တရားရုံးက သုံးသပ်မှတ်ယူ နိုင်ပါသည်။ (ဂ) ခလေ့ထုံးတမ်းဖြစ်ကြောင်း သက်သေခံ အထောက် အထားသည် သက်သေခံမဝင်ပါ။ ဤဥပဒေအရ သတ်မှတ်ထားသော တံစိုးလက်ဆောင်တွင် ပါဝင်သော တစ်စုံတစ်ခုမှ အသက်မွေးဝမ်းကျောင်း၊ ကုန်သွယ်မှုခလေ့၊ လုပ်ငန်းကျွမ်းကျင်မှု လိုအပ်သော အလုပ်အကိုင်၊ လုပ်ငန်းတစ်ခုခု၏ ခလေ့ထုံးတမ်းဖြစ်ကြောင်းပြသော သက်သေခံချက်၊ သက်သေခံအထောက်အထားကို လက်ခံခြင်း မပြုရ။ (ဃ) (၁) ဤဥပဒေအရ ပြစ်မှုတစ်ခုခုကိုဖြစ်စေ၊ ဤဥပဒေအရ သတ်မှတ်ထားသောပြစ်မှု တစ်ခုခုကိုဖြစ်စေ စွပ်စွဲခံရသူနှစ်ယောက် သို့တည်းမဟုတ် နှစ်ယောက်ထက်ပိုသော အမှုကိုစစ်ဆေးနေသော တရားရုံးသည် စွပ်စွဲခံရသူတစ်ယောက် သို့တည်း မဟုတ် တစ်ယောက်ထက်ပို၍ဖြစ်စေ တရားလိုပြသက်သေအဖြစ် သက်သေခံရန် လိုအပ်သလို ညွှန်ကြားနိုင်သည်။ အပိုဒ်ခွဲငယ် (၁)အရ သက်သေခံချက် ပေးရသောသူတိုင်းသည် ဥပဒေနှင့် စစ်ဆေးခံလျှင် အမှန်သာမကအမှုနှင့် စပ်ဆိုင်သည့် အရာအားလုံးကို ဖော်ထုတ်မည်ဟု တရားရုံးက မြင်လျှင် အမှုစစ်တရားသူကြီး သို့တည်းမဟုတ် သမ္မတက လွတ်ငြိမ်းချမ်းသာခွင့်လက်မှတ်ကို ရထိုက်ခွင့်ရှိရမည်။ (င) ကြံရာပါ၏ သက်သေခံချက် တည်ဆဲဥပဒေတစ်ရပ်တွင်ဖြစ်စေ၊ တည်ဆဲနည်းဥပဒေတစ်ရပ်တွင်ဖြစ်စေ မည်သို့သတ်မှတ် ပြဋ္ဌာန်းထားစေကာမူ ဤဥပဒေအရ စစ်ဆေး သောအမှုတစ်ခုတွင် သက်သေတစ်ဦး၏သက်သေခံချက်၊ ထွက်ဆိုချက်သည် သူကိုယ်တိုင် သို့မဟုတ် သူ့ကိုယ်စား ကိုယ်စားလှယ်တစ်ဦးဦး သို့တည်းမဟုတ် အများ၏ သက်ဆိုင်ရာ အဖွဲ့အစည်းဝင် တစ်ဦးဦးက တံစိုးလက်ဆောင်ပေးသည် သို့တည်းမဟုတ် ပေးပို့ခဲ့သည့်အကြောင်းကြောင့် ထိုသက်သေသည် ယုံကြည်ထိုက်သူမဟုတ်ဟု မှတ်ယူခြင်းမပြုရ။ သက်သေခံချက်ကို ပိုပြီးတော့

အားကောင်းပြီးတော့ ဒီအဂတိလိုက်စားမှုတားမြစ်ရေးကို ထိထိရောက်ရောက်ဆောင်ရွက်နိုင်ဖို့ သက်သေခံချက်များကို ကျွန်တော် ဖြည့်စွက်ပြဋ္ဌာန်းခြင်းဖြစ်ပါတယ်။ နောက် အမှတ်စဥ် ၄၆ ကတော့ ဤလာဘ်ပေးလာဘ်ယူမှုဟာ ယခုအားလုံးသိတဲ့အတိုင်းပဲ ပြည်တွင်းမှာတောင် ကျူးလွန်တာ မဟုတ်တော့ဘူး။ ပြည်ပမှာသွားရောက်ပြီးတော့ ကျူးလွန်တဲ့ဖြစ်ရပ်သတင်းတွေဟာလည်း ကြားနေရတဲ့အတွက် ဒီပြင်ဆင်ချက်ကို ၆၄ မှာထည့်သွင်းရခြင်း ဖြစ်ပါတယ်။ ဤဥပဒေပါပြဋ္ဌာန်းချက်များသည် နိုင်ငံသားများနှင့်စပ်လျဥ်း၍ ပြည်ပတွင်ဖြစ်စေ၊ ပြည်တွင်းတွင်ဖြစ်စေ အကျိုးသက်ရောက်မှုရှိစေရမည့်အပြင် နိုင်ငံသားတစ်ဦးသည် ပြည်ပတွင်ဤဥပဒေပါ ပြစ်မှုတစ်ခု သို့တည်းမဟုတ် ဤဥပဒေအရမှတ်ယူရမည့် ပြစ်မှုတစ်ခုကိုကျူးလွန်ပါက ထိုသူသည် ပြည်တွင်း၌ ဆိုခဲ့ပါပြစ်မှုကို ကျူးလွန်သကဲ့သို့ အရေးယူခြင်းခံရမည်။ သို့ရာတွင် ထိုသူသည် အကယ်၍ ထိုပြစ်မှုကို ပြည်တွင်း၌ ကျူးလွန်ခဲ့သူဖြစ်လျှင် သူ့အပေါ်အမှုစွဲဆိုပြီးဖြစ်လျှင် ထိုသူနိုင်ငံခြားတွင် ကျူးလွန်သော အလားတူပြစ်မှုအတွက် ထပ်မံ၍ တရားစွဲဆိုခြင်းမပြုရစသည့် ပြင်ဆင်ချက်များဖြစ်ပါတယ်။ အတည်ပြုပေးနိုင်ဖို့ ဥက္ကဋ္ဌကြီးမှတစ်ဆင့် ပြည်သူ့လွှတ်တော်သို့ လေးလေးစားစားတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ဦးသိန်းညွန့်ရဲ့ ပြင်ဆင်ရန် အဆိုပြုချက်နှင့်ပတ်သက်ပြီး မူအားဖြင့်သဘောတူပါတယ်။ ဒါပေမယ့် အချို့အချက်အလက်များကို ကျွန်တော်တို့ ဥပဒေဆိုင်ရာအချက်အလက်များကို ပြင်ဆင်ရန်လိုအပ်တဲ့အတွက် ဥပဒေကြမ်းကော်မတီရယ်၊ ပြည်ထဲရေးဝန်ကြီးဌာနရယ်၊ ပြည်ထောင်စုရှေ့နေချုပ်ရုံးရယ် ညှိနှိုင်းပြီးတော့ ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်မှ ပြင်ဆင်အဆိုပြုရန်ရှိပါသလား။ ပြင်ဆင်အဆိုပြုရန်မရှိတဲ့အတွက် ဦးသိန်းညွန့်ရဲ့ ပြင်ဆင်အဆိုပြုချက်ကို မူအားဖြင့်သဘောတူပြီး ဥပဒေကြမ်းကော်မတီနှင့် သက်ဆိုင်ရာဝန်ကြီးဌာန၊ သက်ဆိုင်ရာ ဥပဒေဆိုင်ရာကျွမ်းကျင်သူများပူးပေါင်း၍ ရေးထုံးမှန်အောင် ဆက်လက် ဆောင်ရွက်သွားမှုအတွက် အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ အမှတ်စဥ် ၄၇ ဥပဒေကြမ်းကော်မတီက ဆွေးနွေးဖို့ဖြစ်ပါတယ်။

**ဦးစိုးရယ်(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ လေးစားအပ်ပါသော ပြည်သူ့လွှတ်တော် ဥက္ကဋ္ဌကြီးခင်ဗျား။ ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်တင်ပြချက်မှာ အမှတ်စဥ် ၄၇ အပိုဒ် ၇၁ ဤဥပဒေပါပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် အပိုဒ်ခွဲ (က) ကော်မရှင်

သည် ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် နည်းဥပဒေ၊ စည်းမျဉ်းနှင့် စည်းကမ်းများ ကို ထုတ်ပြန်နိုင်သည်။ အပိုဒ်ခွဲ (ခ) ကော်မရှင်သည် လိုအပ်သော အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြား ချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်လို့ ပြင်ဆင်တင်ပြချက်ကို လွှတ်တော်က အတည်ပြုပေးနိုင်ပါရန် တင်ပြအပ်ပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့်(ဒုတိယဝန်ကြီး၊ ပြည်ထဲရေးဝန်ကြီးဌာန)**။ ။ ကန့်ကွက်ရန်မရှိကြောင်း တင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်မှ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ လွှတ်တော်မှ ကန့်ကွက် အဆိုပြုရန်မရှိတဲ့အတွက် ဥပဒေကြမ်းကော်မတီရဲ့ ပြင်ဆင်အဆို အတည်ဖြစ်ကြောင်း ကြေညာပါ တယ်။ (သြဘာသံများ)

**ဦးခိုင်မောင်ရည်(အလုံမဲဆန္ဒနယ်)**။ ။ ဥက္ကဋ္ဌကြီးခင်ဗျား။ တစ်ခုတင်ပြလိုပါတယ်။ ဥပဒေ ကြမ်းကော်မတီ ဖတ်ကြားတင်သွင်းသွားစဉ်က အမှတ်စဉ် ၂၆ အခန်း (၅) ပုဒ်မ ၂၀ ကိုဖတ်တဲ့အခါ မှာ အပေါ်တစ်ပိုင်းပဲဖတ်ပြီး အောက်တစ်ပိုင်းကျန်ရစ်ခဲ့တဲ့အတွက် လွှတ်တော်မှာ မှတ်တမ်းတင်ရန် မှာ ကျန်ရစ်မှာစိုးတဲ့အတွက် ဥပဒေကြမ်းကော်မတီကို အောက်ပိုင်းကို ဆက်လက် ပြန်ပြီးတော့ ဖတ် ကြားစေလိုပါတယ်ခင်ဗျား။

**ဥက္ကဋ္ဌ**။ ။ ဥပဒေကြမ်းကော်မတီက စာမျက်နှာ ၁၀ အမှတ်စဉ် ၂၆ နောက်ဆက်တွဲမှာ ပါတဲ့ အမှတ်စဉ် ၁၁ အခန်း ၅ အပိုဒ် ၂၀ ကို ဖတ်ကြားဖို့လိုတယ်ဆိုတဲ့အကြောင်းပြောပါလား။ ဒါကြောင့် ကျန်ရှိတဲ့အပိုဒ်ကို ဥပဒေကြမ်းကော်မတီက ဖတ်ကြားတင်သွင်းဖို့ ထပ်မံဖိတ်ခေါ်ပါ တယ်။

**ဦးခင်မောင်ရွှေ(အဖွဲ့ဝင်၊ ဥပဒေကြမ်းကော်မတီ)**။ ။ အမှတ်စဉ် ၂၆ ဥပဒေကြမ်းကော်မတီ ၏ ပြင်ဆင်ချက် အပိုဒ်ခွဲ (ခ) ပုဒ်မ ၄၂ ပုဒ်မခွဲ (ခ) အရ နိုင်ငံရေးရာထူးလက်ရှိဖြစ်သူတစ်ဦးကို အရေး ယူပေးရန် လွှတ်တော်ကိုယ်စားလှယ်များက ဥပဒေနှင့်အညီ အဆိုတင်သွင်းခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာလွှတ်တော်ဥက္ကဋ္ဌက စုံစမ်းစစ်ဆေးတင်ပြရန် တာဝန်ပေးအပ်ခြင်းအား လွှတ်တော်မှ အတည်ပြုပေးနိုင်ပါရန် လေးစားစွာတင်ပြအပ်ပါတယ်။

**ဥက္ကဋ္ဌ**။ ။ ပြည်ထောင်စုအစိုးရရဲ့သဘောထားထပ်မံပြောပါ။

**ဗိုလ်မှူးချုပ်ကျော်ဇံမြင့် ( ဒုတိယဝန်ကြီး ၊ ပြည်ထဲရေးဝန်ကြီးဌာန )**။ ။ ကန့်ကွက်ရန် မရှိ ကြောင်း တင်ပြပါတယ်။

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်မှ ကန့်ကွက်အဆိုပြုရန်ရှိပါသလား။ လွှတ်တော်မှ ကန့်ကွက်အဆိုပြုရန်မရှိတဲ့အတွက် စာမျက်နှာ ၁၁ အပိုဒ် ၂၆၊ စာမျက်နှာ ၁၁ အခန်း (၅) အပိုဒ် ၂၀ အား အတည်ဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**ဥက္ကဋ္ဌ**။ ။ ကန့်လန့်ဖြတ်ဇယားပါ စာမျက်နှာ ၂၀ အမှတ်စဉ် ၄၇ ရဲ့အောက် မှတ်ချက်ဖြစ်ပါတယ်။ ပုဒ်မ၊ ပုဒ်မခွဲအလိုက်စီခြင်း၊ အခန်းအလိုက်ပြောင်းလဲခြင်းကို ဥပဒေကြမ်းကော်မတီမှ စိစစ်အတည်ပြု ပြင်ဆင်ပေးသွားရန်ဖြစ်ပါတယ်။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေကြမ်းကို လွှတ်တော်ကိုယ်စားလှယ်များအနေနဲ့ ပြင်ဆင်ချက်အဆိုတင်သွင်းခြင်း၊ ဆွေးနွေးဆုံးဖြတ်ခြင်းများ ပြုလုပ်ခဲ့ပြီးဖြစ်ပါတယ်။ ဒီလိုဆောင်ရွက်ရာမှာ ပြည်သူ့လွှတ်တော်နှင့် အမျိုးသားလွှတ်တော်တို့က ပြင်ဆင်ခြင်းမပြုတဲ့အပိုဒ်၊ အပိုဒ်ခွဲများကို ဝန်ကြီးဌာန၏ အဆိုပြုချက်အတိုင်း အတည်ပြုသွားမှာဖြစ်ပါတယ်။ ဒီနေရာမှာ လွှတ်တော်ရဲ့ ပြင်ဆင်အတည်ပြုချက်များကြောင့် ပြောင်းလဲသွားတဲ့ အပိုဒ်၊ အပိုဒ်ခွဲ၊ အမှတ်စဉ်များကိုလည်း တစ်ပါတည်း ပြောင်းလဲအတည်ပြုချက်ရယူမှာဖြစ်ပါတယ်။ ဒါ့ကြောင့် လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုရန် လွှတ်တော်က သဘောတူပါသလားခင်ဗျား။

[သုံးကြိမ်တိုင်တိုင်မေးမြန်းပါသည်။ လွှတ်တော်က သဘောတူပါသည်။]

**ဥက္ကဋ္ဌ**။ ။ သဘောမတူတဲ့သူရှိပါသလားခင်ဗျား။ သဘောမတူသူ မရှိတဲ့အတွက် အမျိုးသားလွှတ်တော်မှ စတင်တင်သွင်းပြီး အတည်ပြုချက်ဖြင့် ပြည်သူ့လွှတ်တော်သို့ ပေးပို့လာတဲ့ လာဘ်ပေးလာဘ်ယူမှုပပျောက်ရေးဥပဒေကြမ်းတစ်ရပ်လုံးကို ပြင်ဆင်ထားသည့် အပိုဒ်၊ အပိုဒ်ခွဲအတိုင်း အတည်ပြုကြောင်းကြေညာပါတယ်။ (ဩဘာသံများ)

## ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌက ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၉)ရက် မြောက်နေ့ ရပ်နားကြောင်းနှင့် အစည်းအဝေး (၄၀) ရက်မြောက်နေ့ ကျင်းပမည့် နေ့ရက်နှင့်အချိန်ကိုကြေညာခြင်း

**ဥက္ကဋ္ဌ**။ ။ လွှတ်တော်ကိုယ်စားလှယ်များခင်ဗျား။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေးရဲ့ (၃၉)ရက်မြောက်နေ့ ရပ်နားပါ့မယ်။ ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန် အစည်းအဝေး (၄၀)ရက်မြောက်နေ့ကို ၂၀၁၂ ခုနှစ်၊ စက်တင်ဘာလ ၆ ရက် ၁၀း၀၀ နာရီ အချိန်မှာ ဆက်လက်ကျင်းပမှာဖြစ်ကြောင်း ကြေညာပါတယ်။ (ဩဘာသံများ)

**အချိန်၊ ၁၅း၄၀ ။**

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌကြီး ပြန်လည်ထွက်ခွာပါပြီခင်ဗျား။

**အခမ်းအနားမှူး** ။ ။ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်များ အားလုံးပြန်လည်ထွက်ခွာနိုင်ကြပါပြီခင်ဗျား။

**[**ပထမအကြိမ် ပြည်သူ့လွှတ်တော် စတုတ္ထပုံမှန်အစည်းအဝေး (၃၉) ရက်မြောက်နေ့ကို ၁၅း၄၀ နာရီတွင် ရပ်နားပါသည်။**]**

**အချိန်၊ ၁၅း၄၀ ။**